www.burmeseclassic.com



# လွန်းထားထား

ဆေးတက္ကသိုလ်

# မမှောင်သော ည မမှိန်သော လမင်း

www.burmeseclassic.com

www.burmeseclassic.com

# လွှန်းထားထား(ဆေးတက္ကသိုလ်)

## မမှော်သောည မမိုန်းသောလမင်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၂၀၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၀၂၀၅၀၅

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉)ချစ်မင်းသျှံစာပေ
အမှတ်-၄၃(က)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်
ရန်ကုန်။


ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


# လွှန်းထားထား

(ဆေးတက္ကသိုလ်)

၏

ထွက်ပြီးလုံးချင်းဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးအထူးဆို ...

လူ့လောကဆီသို့ ရောက်ခွင့်ရအောင် အသက်နဲ့ ရင်းပြီး

မွေးဖွားသန့်စင်ပေးခဲ့သော ...

ဤဝတ္ထု ရေးဖြစ်အောင် တိုက်တွန်းအားပေးခဲ့ သော ...

ချစ်မာတာ ... "**အမေ**"

နှင့် ...

သမီးအပေါ် ချစ်ခင် အလိုလိုက်စွာ ...

အရာရာကို နားလည်ခွင့်လွှတ်ခဲ့သော ...

ပြဿနာတိုင်း၏ ရှေ့တွင် မားမားမတ်မတ် ရပ်တည်

မိုးကာပေးခဲ့သော ...

ချစ်ပိတု ... "**အဖေ**"

သို့

ကန်တော့ပန်းနှင့် တကွ

တစ်သက် ကျေးဇူးမမေ့တော့ပါ။

ချစ်သမီး ...

**လွှန်းထားထား**

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com





## ရည်ညွှန်းချက်

ရည်ရွယ်၍ ဖြစ်စေ ... မရည်ရွယ်၍ဖြစ်စေ

ကိုယ့်ဘဝတက်လမ်းအတွက် ဇောဆန္ဒသန်သန်ဖြင့်

ကြိုးစားအားထုတ်ရင်း ...

မိခင်အပေါ် လျစ်လျူရှုမိခဲ့သော ...

လျစ်လျူရှုနေမိသော ...

လျစ်လျူရှုမိဖို့ ပြင်ဆင်မိလျက်သား ဖြစ်နေသော ...

သမီးများသို့ ရည်ညွှန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

အမေ့မျက်ဝန်းဆီမှာ မျက်ရည်ရောင်ဖြင့် ပြောင်လက်တောက်ပနေသော်လည်း နှုတ်ခမ်းများက ဂုဏ်ယူကျေနပ်စွာ ပြုံးနေလေသည်။ မနေ့က သမီးတို့ ဆယ်တန်းအောင်စာရင်းတွေ ထွက်သည်။ ဂုဏ်ထူးငါးဘာသာဖြင့် သမီးအောင်သည် ဆိုသောအခါ အမေ့ ခြေထောက်များမှာ မြေပြင်ပင် မထိတော့။ မျက်လုံးထဲကြယ်တွေ၊ လတွေ မြင်နေသလို လင်းမွှင့်ကွန့်မြူးကာ နှလုံးသားသည် တဆတ်ဆတ်ခါ၊ တလှပ်လှပ် တုန်နေခဲ့သည်။

ဈေးတစ်ဈေးလုံး တစ်ဆိုင်မကျန် လှည့်ပေါင်းနေ့ကြွားရလွန်းသဖြင့် အာခေါင်များပင် ခြောက်နေကာ ညကျသော်



www.burmeseclassic.com

www.burmeseclassic.com



မောနေသည်။ ဈေးထဲက ဝယ်လာသော ခ်ိဳးကွက်ရုပ်စုဘူး အကြီးကြီးကို ရှေ့တွင်ချကာ သမီးကို ရွှန်းရွှန်းစားစား ပြုံးပြုံးကြီး စိုက်ကြည့်နေသည်ကို သမီးက အံ့ဩနားမလည်သော မျက်လုံးများဖြင့် ကြည့်သည်။

"အမေ ... ဘာဖြစ်နေတာလဲ၊ စိတ်တွေ လှုပ်ရှားနေလိုက်တာ၊ ဒီခ်ိဳးကွက်ကြီးက ဘာလုပ်မလို့လဲ"

"ပိုက်ဆံစုဖို့ပေါ့ သမီးရဲ့၊ သမီး ဆေးကျောင်းတက်ဖို့လေ၊ အမေ ခုကတည်းက စပြီး ပိုက်ဆံစုရတော့မှာ၊ ဒါမှ သမီး ဆေးကျောင်းတက်တော့ သူများတန်းတူ မျက်နှာမငယ်မှာပေါ့"

အမေက တက်တက်ကြွကြွကြီး ပြောနေသလောက် သမီးက အေးတိအေးစက် လုပ်နေတာကိုပင် အမေက အားမရ။

"ဆေးကျောင်း မတက်ချင်တော့ပါဘူး အမေရာ၊ အမေ့ဈေးထဲက ကုန်စုံဆိုင်ကလေးက သမီး ဆယ်တန်းအောင် ၈ အထိ မနည်းကြီး ပံ့ပိုးခဲ့ပြီးပြီ၊ အမေလည်း ပင်ပန်းလှပါပြီ၊ နောက်ထပ် ဆေးကျောင်းသက်တမ်း ခုနစ်နှစ်လောက်





ကြီးသာ အမေ ရုန်းကန်ရှာဖွေရရင် အမေ သေသွားမှာပေါ့ ...

ဆေးကျောင်းတက်ဖို့ ဆိုတာ ပိုက်ဆံတွေ တော်တော်ကုန်မှာ၊ တော်ပါပြီ အမေ ...၊ အမေ့ကို ဆက်ပြီး ဒုက္ခမပေးချင်တော့ပါဘူး၊ သမီး ဆေးကျောင်းမတက်တော့ဘူး၊ စာပေးစာယူနဲ့ ဘွဲ့တစ်ခုခုရရင် တော်ပြီ၊ သမီး ဆယ်တန်းကလေးတွေကို Guide ပြန်လုပ်မယ်၊ အမေ့ကို သမီး တစ်လှည့်ပြန်ရှာကျွေးတော့မယ်၊ အမေ နားတော့နော်"

"အမယ်လေး ... မဖြစ်နိုင်တာ သမီးရယ်၊ ဒီကြီးငါးလုံးက ဘာလုပ်ဖို့တုန်း၊ နမြောစရာ၊ ပြီးတော့ သမီးက ဆင်းရဲမဲ့ အသွေးအမွေးမျိုး မဟုတ်ဘူး၊ သိပ်လှပြီး ကျက်သရေရှိတာ၊ ကိုယ်ရောင်ကိုယ်ဝါက သူများနဲ့ မတူဘူး၊ လူတွေကြားထဲမှာ ထင်ရှားပေါ်လွင်နေတဲ့ အလှမျိုး သမီးမှာရှိတယ် ...

သမီး ရုပ်ရည်ကလေးနဲ့ ဆရာဝန်မ,ကလေး ဖြစ်လာရင် ဘယ်လောက် ခန့်ညားတန်ဖိုးရှိလိုက်မလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် အမေက ဘဝက ပါရမီ မပါခဲ့လို့ ပညာသိပ်မတတ်ခဲ့ဘူး သမီး၊ ဆယ်တန်းအောင်ရုံပဲ တတ်ခဲ့တာ၊ အခု အမေ့ဘဝ ဘာဖြစ်နေသလဲ ...

သမီးကိုတော့ အမေ ပညာတတ်ကြီး ဖြစ်စေချင်တယ်၊ ဆေးကျောင်းကို ငါ့သမီး တက်ကိုတက်ရမယ် သမီး၊ အမေ ဖြစ်အောင်လုပ်ပြမယ်၊ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး သမီးရယ်၊ သမီးပဲ ဆရာဝန် သိပ်ဖြစ်ချင်ခဲ့တာဆို၊ ဉာဏ်ကလည်းကောင်း၊ တော်ကလည်းတော်၊ ဘာလို့ မဖြစ်ရမှာလဲ ...

အမေ့ကို ကတိပေးစမ်း၊ ဆေးကျောင်းတက်ရမယ်၊ ဆရာဝန် ဖြစ်အောင် လုပ်ရမယ်"

အမေ့ မျက်လုံးများမှာ မာနဖြင့် တဖျပ်ဖျပ်တောက်ပ က,ခုန်နေခဲ့သည်ကို သမီးက ငေးမောရင်း ...

"သမီး သိပ်ဖြစ်ချင်တာပေါ့ အမေရယ်၊ ဖြစ်ချင်လွန်းလို့ ဒီလောက်ကြိုးစားခဲ့ရတာ၊ အမေ့ကို သနားလို့ပါ၊ အမေ့ကို တာဝန်တွေ၊ မနိုင်ဝန်တွေ ထပ်ပြီး မပေးချင်တော့လို့ပါ၊





ကဲပါ အမေရယ်၊ အမေ ဒီလောက် ဆန္ဒပြင်းပြနေရင် သမီး မဖြစ် ဖြစ်တဲ့နည်းနဲ့ ဆေးကျောင်းတက်ပါ့မယ်၊ ဆေးကျောင်းမတက်ခင် ပိုက်ဆံတော့ ရှာရမယ်၊ ကလေးတွေကို ကျူရှင်ပြမယ်၊ Guide လည်း လုပ်မယ်၊ ဖြစ်အောင်တော့ လုပ်မှာပါ"

ဟု ကတိပေးမှပင် အမေ စိတ်ချမ်းသာစွာ အိပ်ရာဝင်လေသည်။ အိမ်ကလေးထဲမှာ အမေနှင့် သမီး နှစ်ယောက်သာရှိသလို အိပ်ရာဝင်တော့လည်း တစ်ခြင်ထောင်တည်း။

ပူပင်ကြောင့်ကြကင်းစွာ အိပ်ပျော်သွားသော သမီးရဲ့မျက်နှာ ဝင်းဝင်းပပ၊ လှလှကလေးကို အမေမှာ ကြည့်၍မဝ။ မနက်ဖြန်ပဲ ဆရာဝန်မကြီး ဖြစ်လာတော့မလို စိတ်ကူးယဉ်ကာ သမီးကို တပြုံးပြုံးနှင့်ကြည့်လိုက်၊ အိပ်ဖို့မျက်လုံးတွေကို ပြန်မှိတ်လိုက်နှင့် တော်တော်နှင့် အိပ်မပျော်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဓီးကွက်စဘူးကြီးထဲ အမေက ထည့်လိုက်၊ သမီးက ထည့်လိုက်နှင့် ဆေးကျောင်းတက်ဖို့ ရည်ရွယ်လျက် ပိုက်ဆံကို အသည်းအသန် စုကြလေသည်။

ဈေးထဲမှာ ဖွင့်ထားသော အမေ့ကုန်စုံဆိုင်ကလေးဆီမှ အမြတ်ငွေရယ်၊ သမီးကျူရှင်ပြလို့ရသည့် လခငွေရယ် တို့သည် ဓီးကွက်ကြီးထဲမှာ တစ်စတစ်စ နေရာယူလာခဲ့သည်။ အမေသည် သမီးဆေးကျောင်းတက်ဖို့ ငွေစုနေတယ် ဟူသောအတွေးကို တွေးမိတိုင်း ဗိုက်ထဲမှာ အစာတွေ ပြည့်လာသလို အစားအသောက်ကို ခြိုးခြံလိုက်သည်။ အပို မုန့်ပဲသရေစာပင် မစားတော့။





ခါတိုင်း မနက်ဈေးသို့ရောက်ပြီး ဆိုင်ဖွင့်တာနှင့် မုန့်ဟင်းခါးနှင့် လက်ဖက်ရည်ကို မနက်စာ စားနေကျ။ အခုတော့ အဲဒါကို ပြတ်ပြတ်သားသားပင် အဆက်ဖြတ်ပစ်လိုက်သည်။ အိမ်မှ ထည့်လာသော ထမင်းချိုင့်ကိုပင် တစ်ဝက်ခွဲစားတော့လေသည်။ ထမင်းချိုင့်ထဲမှာ ခါတိုင်း အသား၊ ငါးလေး ပါတတ်ပေမဲ့၊ စပြီး ခြိုးခြံပြီ ဆိုကတည်းက သမီးတစ်ယောက် အတွက်သာ အသားလေး ငါးလေး ချက်ပေးပြီး အမေကတော့ ငါးပိကောင်လို ကြာရှည်ခံသောဟင်းလျာဖြင့် ပြီးသွားတတ်လေပြီ။ သမီးကိုတော့ အစားအသောက် မဆင်းရဲစေလိုသောကြောင့် ကြက်သားလေး၊ ပုစွန်လေး ဝယ်ချက်ပေးတတ်မြဲပင်။

အမေ့ခေါင်းထဲမှာ အမြဲ စိုးမိုးဖုံးလွှမ်းနေသောအတွေးမှာ၊ သမီး ဆေးကျောင်းတက်ရင် ဆိုသော အတွေးပင်ဖြစ်သည်။ ခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်ထားမှ သမီးဆေးကျောင်းတက်ရင် အတော်ပဲရှိမှာ ဟူသော အတွေးဖြင့် အမေ့ဆိုင်ဘေးက ပိတ်စအဆင်တွေ မျိုးစုံရောင်းသော မအေးဆိုင်မှ သမီးနှင့်လိုက်မည့် အရောင်အသွေး အဆင့်အတန်း အစ,ကလေးများကို လပေးစနစ်ဖြင့် အကြွေး ဝယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အသားဆို ဖြူဝင်းနှစ်မွတ်နေတာပဲ၊ မျက်ခုံး မျက်လုံးတွေက လှမှလှပဲ၊ မျက်တောင်နက်နက်တွေနဲ့ မျက်လုံးအိမ်က အကျယ်ကြီး မအေးမိရဲ့၊ ကိုယ်လုံးကလေး ကလည်း သိပ်လှတာပဲ၊ ကိုယ့်သမီးမို့ ပြောတာ မဟုတ်ဘူး၊ မအေနဲ့ဆို တခြားစီပဲ၊ မိုးပေါ်က ကျလာတဲ့ နတ်သမီးက လေးလား မှတ်ရတယ်၊ သမီးက သူ့အဖေကို သွားတူတာ လေ၊ သူ့အဖေက တကယ့်မင်းသားရုပ်ချိုးတဲ့ ရုပ်မျိုး၊ ရုပ်သိပ် ဖြောင့်တာ၊ ယောက်ျားကို ချစ်လွန်းလို့ ကျွန်မကပဲ ရှာဖွေ ကျွေးမွေးပြုစုခဲ့တာပါ ...

သူ့ခမျာ ဘာအလုပ်မှ မလုပ်ရဘဲ အခန့်သား နေ ရှာတာပါ၊ ကံဆိုးချင်တော့ သမီး ရှစ်နှစ်လောက်မှာ ကားတိုက် ဆုံးရှာတယ်"

အမေသည် ခင်ပွန်းအကြောင်း၊ သမီးအကြောင်း ပြောရလျှင် ဘယ်တော့မှ ရိုးတယ်မရှိ။ ကြားရသူတိုင်းကလည်း နားထဲ အလွတ်ရလုမတတ် အပ်ကြောင်းထပ်နေပေမဲ့လည်း နား ထောင်ပေးကြရှာပါသည်။





"မမြမို့ သမီးကလေးက ဆိုင်ကို သိပ်မလာဘူးနော်"

"အမယ်လေး ... သူ့ခမျာ အားရှာတာမှ မဟုတ်တာ မအေးမိရဲ့၊ ဆယ်တန်းတုန်းကလည်း သူ့ခမျာ သူများ ကလေးတွေကို ကျူရှင်တွေ ဘာတွေ ယူရရှာတာ မဟုတ် ဘူး၊ ကျောင်းမှန်မှန်တက်ပြီး ကျောင်းစာကိုပဲ ကုန်းရုန်းဖိ ကျက်ရရှာတာ၊ စာအုပ်နဲ့ မျက်နှာ မခွာရှာဘူး၊ ညညဆို လည်း တော်တော်နဲ့ မအိပ်ဘူး၊ တကုပ်ကုပ်နဲ့ စာကျက် ရှာတာ၊ ကျွန်မက သူ့ကို သနားတောင် သနားယူရတယ် ...

အဲဒီလောက် ကြိုးစားခဲ့လွန်းလို့ ဂုဏ်ထူးငါးဘာသာ ရခဲ့တာပေါ့၊ ဘာကျူရှင်မှ မယူဘဲ ရခဲ့တာနော်၊ ကျွန်မ သမီး ဘယ်လောက်တော်တယ်ဆိုတာ တွေးသာကြည့်"

"တော်ပါတယ်၊ တော်ပါတယ်၊ အဲဒီ ပီတ်စတွေကဝယ် ပြီး ဘယ်မှာအပ်မှာလဲ"

"ကျွန်မဘာသာ လက်ချုပ်ပဲ ချုပ်လိုက်မယ်၊ စက်သည် မငယ်က ဈေးသိပ်ကြီးတာပဲ၊ ကျွန်မလည်း ချုပ်တတ်ပါ တယ်နော်၊ စက်မရှိတော့လည်း လက်နဲ့ချုပ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမေက ပြုံးပြုံးကလေး ပြောကာ ပိတ်စတွေကို ကိုယ့်ဘာသာညှပ်၊ စက်မရှိတော့ အားအားရှိတိုင်း ထိုင်ပြီး လက်ချုပ် ထိုင်ချုပ်နေတတ်လေသည်။ သမီးက ...

"အမေ ... ဘာတွေ ချုပ်နေတာလဲ"

ဟု မြင်တော့မေးလျှင် အမေသည် ပြုံးကာ ...

"သမီး ဆေးကျောင်းတက်ရင် ဝတ်ဖို့လေ၊ အဆင်ကလေးတွေက အသစ်အဆန်းကလေးတွေပါ သမီးရဲ့၊ အမေ လပေးနဲ့ဝယ်တာ၊ သမီးက အသားလေးဖြူပြီးလှတော့ ဘာလေးဝတ်ဝတ် လှမှာပဲ"

ဟု တက်တက်ကြွကြွ ပြောတော့ သမီးက သဘောကျစွာ ပြုံးလေသည်။

"အမေရယ်၊ ပင်ပန်းလိုက်တာ၊ ဘာလို့ အပင်ပန်းခံတာလဲ သမီး ရှိတာနဲ့ပဲ ဝတ်ပြီးတက်မှာပေါ့"

ဟု ပြောပေမဲ့ အမေသည် သမီး ဆေးကျောင်းတက်ရင် ဝတ်ဖို့ ဝတ်စုံ ဆယ့်နှစ်ထည်လောက်အထိကို အရောင်စုံ အဆင်စုံ ဝယ်ကာ တယုတယ ကိုယ်တိုင်လက်ချုပ်ချုပ်သီရင်း အဆင်သင့် ပြင်ဆင်ထားခဲ့လေသည်။





သမီးစီးဖို့ ဖိနပ်၊ သမီးလွယ်ဖို့ လွယ်အိတ်၊ ပြီးတော့ ထမင်းဘူးကအစ၊ ဗလာစာအုပ်၊ ဘောလ်ပဲန်၊ စသဖြင့် လိုအပ်တာမှန်သမျှ အကုန်ဝယ်ယူ စုဆောင်းထားခဲ့လေသည်

သမီးက တအံ့တသြ ရယ်မောကာ ...

"အမေရယ်၊ တကယ် ဆေးကျောင်းတက်ရမဲ့ သမီးက ဒီလောက် မတက်ကြွဘူး၊ အမေက အရမ်းတက်ကြွနေတာ၊ အမေကိုယ်တိုင်ပဲ ဆေးကျောင်းတက်လိုက်ပါတော့"

ဟု ရယ်ပွဲဖွဲ့ရလောက်အောင်ပင် အမေက အသည်းိုခဲ့ခြင်းဖြစ်သည်။ အမေ၏ နေ့တိုင်း နေ့တိုင်းသည် အဓိပ္ပာယ်အပြည့်ရှိသည်။ သမီးအတွက် အစစအရာရာ ကြိုတင်ပြင်ဆင်စုဆောင်းနေရတာသည် အမေ့ဘဝ၏ ရှင်သန်မှု အဓိပ္ပာယ်ပင်ဖြစ်လေသည်။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ဒီနေ့သည် သမီး ပထမဆုံး ဆေးကျောင်းစတက်ရမည့်နေ့သို့ ရောက်ခဲ့ပြီ။ အမေသည် အစောကြီးကတည်းက နိုးထကာ တက် ကြွပြင်ဆင်လျက်ရှိသည်။ ညဈေးမှ ဝယ်ထားသော ကြက်သားကို ကြော်ကာ ထမင်းဘူး အသစ်ကလေးထဲသို့ လှလှပပကလေးဖြစ် အောင် ထည့်ပေးလေသည်။

သမီး ရေချိုးနေစဉ် သနပ်ခါးကျောက်ပျဉ်အပြည့် သနပ်ခါးတွေ အားပါးတရ အဆင်သင့် သွေးပေးထားကာ သမီး ဝတ်ဖို့ အဝတ်အစား အသစ်ကလေးကိုပါ အဆင်သင့် ပြင်ဆင် ထုတ်ပေးထားလေသည်။





"အို ... အမေကလည်း၊ ဘာလို့ သနပ်ခါးတွေ သွေးပေး ထားရတာလဲ၊ သမီးဘာသာ သွေးမှာပေါ့၊ ဒုက္ခပါပဲ၊ သမီးတော့ ငရဲတွေ ကြီးကုန်တော့မှာပဲ"

"သမီးက အချိန်ရှိတာမှ မဟုတ်တာ သမီးရဲ့၊ သနပ်ခါး လေးသွေးတာ ဘာများ ပင်ပန်းလို့လဲ၊ သမီး လှလှပပ မွှေးမွှေးရေးရေးလေး လိမ်းရအောင်လို့ပဲ၊ ကဲ လိမ်းလိမ်း၊ ဘီးစပ်တက်ကို ဖြည်လိုက်၊ ဆံပင်ရှည်ကြီးကို အမေ ဖြီးပေး မယ်၊ ကျစ်ဆံမြီးကလေး ကျစ်ပေးမယ် ... ဟုတ်လား"

"ကျေးဇူးပဲ အမေ"

"ဒီသားအမိကလေး နှစ်ယောက်တည်းရှိတာ သမီးရယ်၊ သမီးကို အမေက ချစ်လွန်းလို့၊ လုပ်ပေးချင်လွန်းလို့ လုပ် ပေးတာ၊ ဘာငရဲမှ ကြီးစရာ မလိုဘူး"

အမေသည် သမီးရဲ့ နက်မှောင်သန်စွမ်းလှသော ခါးခါက်ခွက် အထိပင် ထူထည်းရှည်လျားလှသော သမီးဆံပင် ည်ရှည်တွေကို စိတ်ရှည်လက်ရှည်ဖြင့် ဖြီးသင်ပေးရင်း ပြုံးနေ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ညက အမေ့ ဓီးကွက်ရုပ်ကြီးဖောက်ပြီးရေတာ ငွေနှစ်သောင်းကျော်ရတယ်၊ ဟောဒီမှာ စာအိတ်ကလေးနဲ့ အမေ သေချာထည့်ပေးလိုက်တယ်၊ သမီး ဘာမှ မျက်နှာငယ်စရာ မလိုဘူးနော်၊ လိုအပ်တာ မှန်သမျှ အကုန်သာသုံး၊ ဘာမှ စိတ်မပူနဲ့၊ အမေထပ်ပြီးစုမယ် ...

အမေ ကျောင်းအထိ လိုက်ပို့ချင်လိုက်တာ သမီးရယ်"

ဟု အမေကပြောလျှင် သမီးသည် အသံထွက်၍ပင် ရယ်မောတော့လေသည်။

"အမေကလည်း ... ဆေးကျောင်းထိတော့ ဘယ်အမေကမှ လိုက်မပို့တော့ပါဘူး အမေရယ်၊ အမေ့ဘာသာ စိတ်ချလက်ချ ဆိုင်ထွက်တော့၊ သမီး သွားတတ်ပါတယ်၊ ဘတ်(စ်)ကားစီးသွားရင် ဆေးကျောင်းရှေ့ မှတ်တိုင်ကို ရောက်တယ်၊ ဘာမှ စိတ်မပူနဲ့"

"မဟုတ်ပါဘူး၊ အမေက ဆေးကျောင်းဆိုတာကြီးကို တစ်ခါမှ မရောက်ဘူးလို့ ရောက်ဖူးချင်တာပါ၊ သမီးက





အမေ့ထက် အများကြီး ပိုတော်လို့ ဆေးကျောင်းသူကြီးဖြစ်တာ အမေ ဂုဏ်ယူလွန်းလို့ပါ"

"မလိုက်ပါနဲ့ အမေရယ်၊ ကဲ ... သမီးသွားတော့မယ်"

အမေကိုယ်တိုင် ချုပ်ထားပေးသော မိုးပြာရောင် အပွင့်အခက်နုပ်နုပ် ဝတ်စုံကလေးသည် သမီးရဲ့ ခန္ဓာကိုယ်လှလှကလေးပေါ်မှာ ပုံပန်းသိပ်မကျလှသော်လည်း သမီးက လှသောကြောင့် အကျီကလေးကပါ အလိုအလျောက် လှသွားပြီး ဖြစ်ရလေသည်။

"လှလိုက်တာ သမီးရယ်"

အမေသည် သမီးကို ကြည့်၍မငြီးနိုင်။

"အမေ ချုပ်ထားတာ ခိုင်ရဲ့လားမသိ။ တော်ကြာ လူတွေရှေ့ ပြုတ်ထွက်ကုန်မှ အရှက်ပဲ"

"အမယ်လေး မပြုတ်စေရဘူး၊ အမေ ဝက်သိုးထိုးနည်းနဲ့ ခိုင်အောင်ချုပ်ထားတာ၊ အာမခံတယ် သမီး၊ ရော့ ... ထမင်းဘူး မေ့ဦးမယ်၊ ကြက်သားကြော် ထည့်ပေးလိုက်တယ်၊ သမီး မျက်နှာမငယ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ အမေ၊ သမီး သွားတော့မယ်"

"အမေ ကားဂိတ်အထိ လိုက်ပို့ပေးမယ် သမီး"

ဟု ဆိုကာ အမေက ကားဂိတ်ထိ လိုက်ပို့ပေးပြီး သမီး ကားပေါ်တက်သွားမှပင် ကားကြီးကို မျက်စိတစ်ဆုံးငေးကာ ဈေးဆီသို့ သုတ်ချေတင်ခဲ့လေသည်။

* * *





**"ဆေးတက္ကသိုလ်(၁)"** ဟူသော ဆိုင်းဘုတ်ကြီးဖြင့် ထည်ဝါခံ့ညားလှသော ဆေးကျောင်းဆီသို့ ဝင်လာမိချိန်တွင် သူမ ရင်တွင်းရှိ သိမ်ငယ်စိတ်အားလုံး လွင့်စဉ်ပျောက်ပြယ်သွားလေသည်။

ကားရောင်စုံ၊ လူရောင်စုံ တက်ကြွသစ်လွင်လှသော ထိုပတ်ဝန်းကျင်က သူမကို တဖြည်းဖြည်း ပျော်ရွှင်တက်ကြွလာစေပါသည်။ ဆင်းရဲတာဟာ အားငယ်နိမ့်ချစရာမဟုတ်။ ငါ့မှာ ထက်မြက်ထူးချွန်တဲ့ ဉာဏ်ပညာ အရည်အသွေးတွေ ရှိတယ်ဟု သူမဘာသာ အားပေးရင်း တက်ရမည့်အခန်းကို ရှာဖွေလေသည်။

အခန်းထဲသို့ သူမ ဝင်သွားချိန်တွင် ဆူညံလှုပ်ရှားနေသော အခန်းတစ်ခုလုံး ငြိမ်သက်တိတ်ကျသွားကာ သူမကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့် စူးစမ်းကြသည်ကို အလိုလို ခံစားမိလေသည်။ မိန်းကလေးနှစ်ယောက်တည်း ထိုင်နေသော ခုံတန်းဆီသို့ သူမ ဝင်ထိုင်လိုက်သည်။

“ဒီမှာ ထိုင်မယ်နော်”

ဟု မိတ်ဖွဲ့ပြုံးကလေးနှင့် မိတ်ဆက်လိုက်၏။

“ထိုင်ပါ ... ထိုင်ပါ ...၊ အခန်းထဲ ဝင်လာကတည်းက အရမ်းလှတာပဲလို့ ကျွန်မတို့ ပြောနေကြတာ၊ နောက် ကျွန်မတို့နဲ့ပဲ အတူတူထိုင်နော်၊ ကျွန်မက မြနှင်းဆီ၊ သူက မိုးယုနွယ်”

“ကျွန်မ နာမည်က မေယုဂန် ပါ”

“နာမည်လေးကလည်း အရမ်းလှတာပဲ၊ သေချာတယ် ရှင်ပဲ ကွင်းရမှာပဲ၊ ဒီဆေးကျောင်းတစ်ကျောင်းလုံးမှာ ရှင့်လို ပြည့်စုံတဲ့ အလှမျိုး မရှိသေးဘူး၊ ရှင် အလှဆုံးပဲ၊ ကျွန်မတို့ အတန်းထဲမှာ ဖက်ရှင်မယ်တစ်ယောက်ပါတယ်၊ သူက သူပဲ ကွင်းရမယ် ထင်နေတာ၊ ရှင် ရောက်မလာသေးတဲ့ အထိပေါ့လေ ... ဟား ဟား ...





ကျွန်မတို့တော့ ရှင့်ကိုမှီပြီး နာမည်ကြီးရချည်သေးရဲ့”

ဟု ခပ်သွက်သွက် မြနှင်းဆီက ပြောလေသည်။

တကယ်ပင် အံ့သြစရာကောင်းလှစွာ သူမရှိရာ အတန်းထဲမှသာမက အတန်းဝမှာပါ ကောင်လေးတွေ ရုံးစုစည်ကားနေပြီး သူမရှိရာဆီသို့ စက္ကူမြားပေါင်းများစွာ ဖွေးဖွေးလှုပ်အောင် ရောက်နေသည်။

ထိုနေ့မှာပင် သူမကို ဆေးကျောင်း၏ အလှဘုရင်မအဖြစ် အားလုံးက အလိုလို ရွေးချယ်ခဲ့တော့သည်။ သူမက ကိုယ့်အဖြစ် ကိုယ်ပင် မယုံနိုင်။ အမေ ချုပ်ပေးသော မိုးပြာရောင် အင်္ကျီနဲ့ ထဘီကလေးကပဲ သူမကို ကံကောင်းစေခဲ့တာလား မသိ။

သူမရဲ့ ပထမဆုံး ဆေးကျောင်းသူဘဝကို ဘဝမှာ မမေ့နိုင်တော့လောက်အောင် ပျော်ရွှင်ရင်ခုန်ခဲ့ရလေသည်။

ထိုညနေ အိမ်သို့ပြန်ရောက်တော့ အမေ့ကို အတွေ့အကြုံ ရှင်းလင်းပွဲလုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အမေ … သမီးကို သူတို့က ကွင်းရွေးလိုက်ကြတယ် သိလား …၊ အလှဘုရင်မတဲ့လေ"

ဟု အမေ့ကို ပြောပြတော့ အမေမှာ ဝမ်းသာဂုဏ်ယူလို့မဆုံးချေ။

"တွေ့လား … အမေ ပြောသားပဲ၊ အမေ့သမီးရဲ့ အလှက ကျော်ကြားမဲ့ အလှ၊ ဆေးကျောင်းမှာတောင် ကွင်းဖြစ်တယ် ဆိုတာ တော်ရုံတန်ရုံလှလို့ မဟုတ်ဘူး၊ တကယ့် အဖိုးတန် မိန်းကလေး၊ ပညာကလည်းတော်၊ ငါ့သမီးက ကောင်းစားဦးမှာ သေချာတယ်၊ အမေ ပြောရဲတယ်"

ဟု တဖွဖွ ပြောလို့မဆုံးတော့ပေ။ နောက်တစ်နေ့ ဈေးရောက်လျှင် …

"ကျွန်မ သမီးက ဆေးကျောင်းမှာ ကွင်းတောင်ရတယ် မအေးမိရေ၊ ဒါတောင် သမီးက ဘာမှ ပြင်တာဆင်တာ မဟုတ်ဘူး၊ သနပ်ခါးလေးနဲ့ ကျွန်မ ချုပ်ပေးတဲ့ အပေါ် စားပိတ်ကလေးတွေပဲ ဝတ်ရရှာတာ။ အဲဒါလေးနဲ့တောင် ကျက်သရေ ရှိလိုက်တာ မပြောပါနဲ့တော့"





ဟု မမောနိုင် မပန်းနိုင် ကြွားစရာ ဂုဏ်တစ်ခု ထပ်တိုးခဲ့ရလေသည်။ သမီးအတွက် မိတ်ကပ်ကလေး၊ နှုတ်ခမ်းနီကလေး၊ ရေမွှေးကလေး အစရှိသဖြင့် အလှအပပစ္စည်းကလေးတွေကို လပေးအကြွေးဖြင့် ထပ်ပြီး ဝယ်ရလေသည်။

သမီးက အမေ ဝယ်လာသော ပစ္စည်းကလေးတွေကို ကြည့်ကာ …

"သမီး ဒါတွေ မလိမ်းတတ်ပါဘူး အမေရယ်၊ သနပ်ခါးပဲ ကောင်းပါတယ်၊ သမီးဘဝမှာ အလှပြင်ဖို့ထက် လူတကာ ထက် ဘယ်လိုတော်အောင်၊ ရှေ့ဆုံးရောက်အောင် ကြိုးစားရမယ် ဆိုတာပဲ ရှိတယ် အမေ …

သမီးက လုပ်ပြီဆိုရင် ထူးချွန်တဲ့အထိ၊ ထိပ်ဆုံးရောက်တဲ့အထိ လုပ်မှာပဲ၊ ဆရာဝန်ဖြစ်ရင်တောင် ထူးချွန်ပြီး တော်ချင်တယ်"

ဟု ထက်ထက်မြက်မြက် ပြောလျှင် အမေသည် ဝမ်းမြောက်ဂုဏ်ယူသော မျက်လုံးများဖြင့် သမီးကို ကြည့်မဝဖြစ်ရလေသည်။ ဤမျှ ထက်မြက်တောက်ပသော သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင် မျက်နှာမငယ်စေရအောင် အစွမ်းကုန် ဂရုစိုက်ရသည်။ သမီးရဲ့ ထမင်းဘူးထဲမှာ ပေါ်ဆန်းမွှေးဆန် ထည့်ပေးနိုင်ဖို့၊ ပုစွန်တုပ်လို ဟင်းကောင်းကောင်းမျိုး ထည့်ပေးနိုင်ဖို့ အမေ ကြိုးစားရလေသည်။ အမေကတော့ ဈေးထဲမှာရောင်းသော အဝစား တစ်ရာဆိုသော ဆိုင်မှာဖြစ်ဖြစ် ပြီးသွားလိုက်တာကို သမီး မသိစေရ။ အမေသည် ပေါ်ဆန်းမွှေးဆန်မျိုး မစားရက်၊ သားငါးဟင်းလျာဆို မျိုမကျ။ အကောင်းဆုံး မှန်သမျှသည် သမီးအတွက်သာ ဖြစ်လေသည်။

* * *





သူ့ကို ပထမဆုံး စတင်၍ သတိထားမိခြင်းမှာ လူအများရှေ့တွင် သူမကို အငေးလွန်ရင်း ကဲန်တင်းရှေ့မှ ရပ်တုကြီးကို ဝင်တိုက်မိရာက စတင်လေသည်။ သူ ဖရိုဖရဲ ဖြစ်သွားသလို လူအများက ဝိုင်းရယ်ကြသည့်အတွက် အတော်ရှက်သွားခဲ့ပုံကို သူမ မမေ့။

သူမဘေးမှ မြနှင်းဆီနှင့် မိုးယုနွယ်က ...

"မေယုဂန် ... အဲဒီကောင်လေး နာမည်က မြတ်လင်းလျှံတဲ့ ...၊ သူ့အဖေနဲ့ အမေက ဧရာမဆရာဝန်ကြီးတွေ၊ ထိတ်ထိတ်ကြဲကို ချမ်းသာတာ သိလား၊ သူ့အမေက မီးယပ်နဲ့သားဖွားအထူးကုဆရာဝန်မကြီး၊ နာမည် သိပ်ကြီးတာ၊ သူ့အမေနားက စိန်နားကပ်ဟာ မြန်မာပြည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးစိန်ပဲလို့တောင် တင်စားကြတယ်ဆိုပဲ၊ ကျွန်မတို့ ဆေးရုံဆင်းရရင် သူ့နဲ့ ဆုံမှာပဲ၊ သူ့အဖေက Psychiatrist အင်္ဂလန်မှာ စိတ်ရောဂါအထူးကုဆရာဝန်ကြီးပေါ့"

ဟု သူ့အကြောင်းကို တခမ်းတနား ဖွင့်ဆိုကြသည်။ သူမသည် အားကျအထင်ကြီးသော မျက်လုံးများဖြင့် သူ့ဆီတစ်ချက် ပြန်ကြည့်လိုက်မိသည်။ သူက သူမဆီကြည့်၍ ပြုံးဆဲ၊ သူ့မျက်နှာမှာ အပြစ်ကင်းစင် ကြည်လင်သော ကလေးတစ်ယောက်နှင့် တူပါသည်။ သူ့ကိုကြည့်ရင်း သူမ နှုတ်ခမ်းကလေးမှာ အလိုလို ပြုံးရိပ်သမ်းလာခဲ့သည်။

သူမ၏ အပြုံးကြောင့် သူသည် ညို့ငင်သိမ်းပိုက်ခံရသူ တစ်ယောက်လို သူမဆီသို့ လျှောက်လာခဲ့လေသည်။

"ကွင်းကို အငေးလွန်သွားတာ ရုပ်တုကို မမြင်လိုက်ဘူး၊ တော်တော် အီစိမ့်သွားတယ် ... ဟဲ ဟဲ ..."

ဟု အရှက်ပြေ ပြောရင်း သူသည် သူမနားသို့ ရောက်လာခဲ့သည်။ သူမက လက်ထဲမှ လက်ကိုင်ပဝါကလေးကို သူ့ဆီသို့ အလိုလို လှမ်းပေးမိရက်သား ဖြစ်နေကာ ...





"အဲ့ဒါနဲ့ ကြပ်ထုပ်ထိုးလိုက်လေ"

ဟု ပြောဖြစ်သွားသည်။ သူက သူမရဲ့ လက်ကိုင်ပဝါကလေးကို ပါးစပ်တွင်ကပ်၍ အာငွေ့မှုတ်ကာ သူ့နဖူးမှာ ကြပ်ထုပ် ထိုးလေသည်။

"ကျွန်တော့် နာမည် မြတ်လင်းလှ ပါ၊ မေယုဂန်နဲ့ သူငယ်ချင်းတွေ ဖြစ်ချင်လို့ပါ"

"သူငယ်ချင်း ဖြစ်လို့ ရပါတယ်၊ နဖူးကြီးတစ်ခုလုံး ရှင်းနီးထားရတာဆိုတော့ ခင်မှ ဖြစ်တော့မှာပေါ့၊ အမှတ်တရ ပေါ့နော်"

"မေယုဂန်နဲ့ပဲ ခင်ချင်တာလား၊ ကျွန်မတို့ရော မပါဘူးလား"

မြနှင်းဆီနှင့် မိုးယုနွယ်က အသွက်သမားတွေမို့ အာက်ပြောင်ရယ်မောရင်း ခင်မင်မှုကို ပို၍ နွေးထွေးမြန်ဆန်လာအောင် ပြင်ဆင်ပေးလေသည်။

အတန်းတက်တော့လည်း သူက သူမတို့ဘေးမှာပင် ၍ထိုင်သည်။ သူမတို့ ဘယ်သွားသွား ဘေးမှာ သူ အမြဲပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထမင်းစားချိန်ကျတော့ သူမတို့က ထမင်းဘူးဖွင့်၍ စားမည့်ဟန်ပြင်စဉ် ...

"လာကွာ၊ အပြင်ဆိုင်တစ်ဆိုင်မှာ သွားစားရအောင်၊ သူငယ်ချင်းတွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကိုယ်ကျွေးမယ်"

ဟု သူက အတင်းခေါ်တာနှင့် သူမတို့ သုံးယောက်သား သူနှင့်အတူ လိုက်ပါခဲ့ရသည်။ အနက်ရောင် ဘယ်မောင်း မာစီးဒီး(စ်)ကားကြီးပေါ်သို့ သူမ တက်ရမှာကို မဝံ့မရဲ ဖြစ်နေသေး၏။

သူမဘဝတွင် ဒါ ပထမဆုံးအကြိမ် မာစီးဒီး(စ်)စီးဖူးခြင်း ဖြစ်သည်။

သူက Restaurant တစ်ခုဆီသို့ မောင်းသွားပြီး ထမင်းဘူးတွေ မယူခဲ့ဖို့ တားမြစ်၏။

"ကလေးတွေ ကျနေတာပဲ၊ ထမင်းဘူးတွေ မယူနဲ့တော့၊ စားချင်တာ အဝစားကြကွာ"

ဟုဆိုကာ သူက ဟင်းလျာတွေ အလျှံပယ် မှာလေသည်။ လေအေးစက်ဖြင့် စိမ့်အေးနေသော သီးသန့်ခန်းထဲတွင်





သူမတို့ လေးယောက်သာ လွတ်လပ်အေးဆေးစွာ စားသောက်ကြရသည်။ သူမတစ်သက်တွင် အကောင်းဆုံးသော ဟင်းလျာများကို ပထမဆုံးအကြိမ် စားရခြင်း ဖြစ်သည်။

သူက နှမြောတွာသခြင်း မရှိ။ အလွန်ရက်ရောသူ ဖြစ်သည်။ Restaurant မှ ပြန်လာကြပြီး အတန်းပြန်တက်ကြသည်။

ကျောင်းဆင်းချိန်ကျတော့ ထုံးစံအတိုင်း သူမက ဘတ်(စ်)ကားနှင့်ပြန်ဖို့ ဘတ်(စ်)ကားဂိတ်ဆီ လျှောက်လာစဉ်၊ သူ့ကားသည် သူမအားသို့ ကပ်မောင်းလာကာ ...

"မေယုဂန် ... ကိုယ် ပြန်ပို့ပေးမယ်"

"ဟာ ... နေပါစေ၊ ဘတ်(စ်)နဲ့ ပြန်နေကျ၊ ဘတ်(စ်)နဲ့ပဲ ပြန်လိုက်တော့မယ်"

"မလုပ်ပါနဲ့ကွာ၊ ကျောင်းဆင်းချိန် ဘတ်(စ်)တွေ ဒီလောက် ကျပ်ညပ်နေတာ ကိုယ့်သူငယ်ချင်းလေး အလုတွေ တစ်စစီ ပွဲကုန်ပါ့မယ်၊ လာပါ ... တက်ပါကွာ၊ သူငယ်ချင်းချင်းပဲ ဘာလို့ ငြင်းနေတာလဲ၊ မငြင်းရဘူး၊ တက်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူက ဇွတ်အတင်း ပြောနေကာ ကားတံခါးကို ဆွဲဖွင့်ပေးနေသဖြင့် သူမသည် မတတ်သာတော့ဘဲ ကားပေါ်တက်ထိုင်လိုက်ရတော့သည်။

"ကိုယ်ပြောမယ် မေယုဂန်၊ ခုအချိန်ကစပြီး သူငယ်ချင်းတွေ ဖြစ်ကြပြီ၊ မငြင်းကြေးကွာ နော်၊ မနက်ဆို ကိုယ် မေယုဂန်ကို အိမ်မှာဝင်ကြိုပေးမယ်၊ ကျောင်းသွားဖော် သူငယ်ချင်းပေါ့၊ ဟုတ်လား"

"ဟယ် မလုပ်ပါနဲ့၊ ကိုယ့်ဘာသာပဲ လာပါ့မယ်"

"မရဘူးကွာ၊ ကိုယ့်သူငယ်ချင်းကို ဘတ်(စ်)ကား မစီးစေချင်ဘူး၊ ဒီလောက်လှတဲ့ မိန်းကလေးက ဘတ်(စ်)ကားထဲမှာ ကျပ်ညပ်ပြီး ဒုက္ခရောက်ရမှာပေါ့၊ သူငယ်ချင်းတွေဆိုတာ တစ်ယောက်နဲ့တစ်ယောက် အေးအတူ ပူအမျှ ခံစားမှုဝေရတယ်ကွ"

"ဟင့်အင်း ... သူများကို အဲဒီလို တာဝန်ကြီး မပေးချင်ဘူး မြတ်လင်းလျှံ"





"မရဘူး၊ ကိုယ်ကတော့ မနက်အစောကြီးကတည်းက အိမ်ရှေ့မှာ လာစောင့်နေမှာပဲ"

"ဘယ်လိုမှန်း မသိဘူး၊ နေရာတကာ ဇွတ်အတင်းပဲ၊ အဲဒီ လမ်းထိပ်မှာပဲ ရပ်လိုက်တော့နော်၊ လမ်းကဆိုးတယ်၊ မြေနီလမ်းမှာ ခဲလုံးတွေချည်းပဲ၊ ကြိုပြောထားတယ်နော်၊ တို့က ဆင်းရဲတယ်"

သူမသည် ကိုယ့်အိမ်စုတ်စုတ်ကျဉ်းကျဉ်းကလေးကို သူတွေ့သွားမှာ သိမ်ငယ်နိမ့်ကျသလို ခံစားရသည်။ သူ့မျက်နှာပေါ်မှာ ဘယ်လိုပြောင်းလဲခြင်းမျိုးမှ မရှိချေ။

"ဆင်းရဲတာ ချမ်းသာတာတွေက ဘာမှ အဓိပ္ပာယ်မရှိတဲ့ အပေါ်ယံအလွှာတွေပါကွာ၊ ကိုယ်က အဲဒါတွေ ဂရုမစိုက်ဘူး၊ ကိုယ်က လူကို ပေါင်းတာ၊ စိတ်ကို ပေါင်းတာ၊ လမ်းထဲအထိ အိမ်ရှေ့ထိ လိုက်ပို့မယ်"

လမ်းကျဉ်းကျဉ်းကလေးထဲသို့ သူ့ကား ဝင်လာတာနှင့် အိမ်တကာပေါက်စေ့မှ မျက်နှာတွေထွက်ကာ ဝိုင်းဝန်းစပ်စုကြည့်ကြသောဒဏ်ကို ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှာ ရပ်လိုက်တော၊ အိမ်အပြာကလေးပဲ"

"မနက်ကျရင် ကိုယ် လာကြိုမယ်၊ စောင့်နေနော်"

ဟု သူက ပြောကာ လမ်းကျဉ်းကလေးထဲမှာ ကား ကွေ့လို့ မလွယ်သဖြင့် နောက်ဆုတ်၍ပင် ဖြည်းဖြည်းချင်း လိုမ့် ဆုတ်သွားလေသည်။

အမေသည် သမီးကို လိုက်ပို့သော ကားကြီးကို မျက်စိတဆုံး ငေးကြည့်လျက်ရှိကာ ...

"သမီးရယ် ... ကားကြီးက ကောင်းလိုက်တာ၊ အနေ တောင် ကောင်းတယ်"

ဟု ဆိုပေမဲ့ မျက်နှာကတော့ ပြုံးနေခဲ့သည်။

"သူငယ်ချင်း ပြန်ပို့ပေးတာ အမေ၊ လမ်းထိပ်မှာပဲ ရပ် ပေးဆိုတာ မရဘူး၊ ဇွတ်အတင်း လိုက်ပို့တယ်၊ မနက်ကျ ရင်လည်း လာကြိုဦးမယ်တဲ့၊ စိတ်ညစ်ပါတယ်"

"ဘာလို့ စိတ်ညစ်ရမှာလဲ သမီးရယ်၊ သမီး ဘတ်(စ်)ကား ကိုးစီးရ သက်သာတာပေါ့၊ နို့မို့ဆို ပင်ပန်းလိုက်တာ အမေ့မှာ အမြဲဆုတောင်းနေရတာ၊ သမီး အဆင်ပြေပြေ





ကျောင်းတက်ခွင့် ရပါစေလို့၊ သူငယ်ချင်းက ခင်လို့ လိုက်ပို့ရှာတာနေမှာပေါ့ကွယ်၊ ပို့ပါစေ"

ဟု အမေကပြောရင်း သမီးလက်ထဲက ထမင်းချိုင့် အလေးကို လှမ်းယူလိုက်သည်။ ဘူးက ခပ်လေးလေးပဲ ရှိတာမို့ ကမန်းကတန်း အဖုံးဖွင့်ကြည့်စဉ် လက်ရာမယွင်းသေးသော ထမင်းနဲ့ဟင်းတွေကို တွေ့ရတော့ စိုးရိမ်ပူပန်စွာဖြင့် ...

"ဟင်၊ သမီး ထမင်းမစားဘူးလား၊ နေမကောင်းလို့လား ဟင်၊ ဘာဖြစ်လို့လဲ"

ဟု အလောတကြီး မေးလေသည်။ သူမက ထမင်း ဘူးကိစ္စကို စိတ်မဝင်စားနိုင်သေး။

သူမ အဝတ်အစားတွေ အကုန်လျှော်ပြီး လှန်းထား တာကို မြင်သောကြောင့် ...

"အမေ သမီးအဝတ်အစားတွေ လျှော်ထားပြန်ပြီလား၊ ဘာလို့ လျှော်ထားရတာလဲ အမေရယ်၊ သမီးတော့ ငရဲ တွေ ကြီးကုန်တော့မှာပဲ"

ဟု ကမန်းကတန်း အော်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ပင်ပန်းတာ မဟုတ်ပါဘူး သမီးရယ်၊ အမေ ရေချိုးရင်း တစ်ခါတည်း ဆောင့်လိုက်တာပါ၊ သမီးက တစ်နေ့လုံး ကျောင်းမှာ စာတွေသင်ရတာ ပင်ပန်းတဲ့ကြား ထဲ ပြန်လာတော့ စာတွေကျက်ရသေးတယ်၊ အားလပ်ချိန် မှ မရှိတဲ့ဥစ္စာ"

"ရပါတယ် အမေရယ်၊ သမီးဘာသာ လျှော်ပါ့မယ် အမေလည်း ဈေးမှာ ပင်ပန်းလာတာပဲ ဥစ္စာ"

"ထမင်း ဘာလို့ မစားလာတာလဲ အမေ သိချင်တယ် သမီး၊ ဟင်းမကောင်းလို့လား၊ မနက်က အမေ ပုစွန်ဟင်း ထည့်ပေးလိုက်တာပါ"

"မြတ်လင်းလျှံပေါ့ အမေ၊ ဒီနေ့ လိုက်ပို့တဲ့ သူငယ်ချင်း လေ၊ သူက သိပ်ချမ်းသာတာပဲ၊ ရက်ရောလိုက်တာလဲ အလွန်ပဲ၊ ဒီနေ့ သူငယ်ချင်းတွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့တဲ့ စားသောက်ဆိုင်မှာ လိုက်ကျွေးလို့ ထမင်းဘူး မစားခဲ့ရ ဘူး"

"ဪ"





အမေသည် နှမြောခြင်းကြီးစွာဖြင့် ထမင်းချိုင့်ကလေးကို မီးဖိုချောင်ထဲသို့ ယူလာခဲ့သည်။ သမီးမသိအောင်ပင် ထမင်းချိုင့်ထဲမှ ထမင်းတွေ ဟင်းတွေကို ဇလုံတစ်ခုထဲသို့ ပုံသွန်မှောက်ထည့်ပြီး အားပါးတရ စားပစ်လိုက်ရသည်။ သွန်ပစ်ရမှာ နှမြောလွန်းသောကြောင့် ဖြစ်သည်။ ထမင်းက ချွေးထွက်ကာ နံချင်သလိုလို ရှိပေမဲ့ အမေ မသွန်ပစ်ရက်ချေ။

အမေ ထမင်းစားနေချိန်တွင် သူမက ရေမိုးချိုးပြီး တစ်နေ့စာတစ်နေ့ ပုံမှန်ကျက်တတ်သော အကျင့်အတိုင်း တစ်နေ့စာသင်လိုက်သမျှ စာတွေကို ကျက်ပြီးမှ ထမင်းစားဖို့ မီးဖိုချောင်ထဲသို့ ဝင်လာခဲ့သည်။

"အမေ စားပြီးပြီလားဟင်"

ဟု မေးနေကျအတိုင်း မေးလိုက်သလို အမေက လည်း ...

"စားပြီးပြီ သမီး၊ အမေ ဆာလို့ စားနှင့်တယ်၊ သမီး စားတော့မလား၊ အမေ ခူးကျွေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေနေကျအတိုင်း ဖြေကာ သမီးအတွက် သီးသန့်ချက်ပေးထားသော ထမင်းနှင့်ဟင်းကို ဖွယ်ဖွယ်ရာရာ ခူးခပ်ပြီး ထမင်းစား စားပွဲဝိုင်းကလေးမှာ သီးသန့်ပြင်ဆင်ပေးပါသည်။

အမေသည် သမီးနှင့်အတူ ဘယ်တော့မှ ထမင်းလက်ဆုံ စားလေ့မရှိ။ အမေစားသော ထမင်းမှာ ညှော်မထဲဆန်ကြမ်းနှင့် ငါးပိကောင်ဟင်းတစ်မျိုးသာ ဖြစ်လျက် ဇလုံထဲပေါင်းထည့်နယ်ဖတ်ကာ စားလိုက်မြဲပင်။ သမီးအတွက်ကိုတော့ သီးသန့်ကောင်းကောင်းမွန်မွန်၊ ဖွယ်ဖွယ်ရာရာကလေးတွေ ချက်ပေးတတ်တာ သမီးပိုမှ သွန်ပစ်မည့်အစား အမေက စားပစ်ရတာ အကျင့်ပါနေလေပြီ။

* * *





## အခန်း(၃)

အစပထမပိုင်းသာ အထူးအဆန်း ဖြစ်ခဲ့ပေမဲ့ နောက်ပိုင်းတော့ ကျောင်းအသွားအပြန် သူ့ မာစီးဒီး(စ်)နှင့် ကြိုပို့လုပ်သော ကိစ္စသည် သမားရိုးကျ ဖြစ်သွားလေသည်။ ကျောင်းသက်တမ်း ရင့်လာသည်နှင့်အမျှ သူမနှင့် သူ၏ ရင်းနှီးခင်မင်မှုသည်လည်း တဖြည်းဖြည်း ကျွမ်းဝင်လာခဲ့သည်။

1st M.B သက်တမ်း တစ်ဝက်ကျိုးလောက်တွင် စာတွေက တစ်နေ့ထက်တစ်နေ့ များပြားကာ ဝန်ပိလာသဖြင့် သူတို့က ကျူရှင်ယူကြဖို့ ပြင်ကြသည်။ သူမက မယူနိုင်ဟု ငြင်းပစ်လိုက်သည်။ ကျောင်းလခနှင့် စာအုပ်စာတမ်းဖိုးတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ပင် သူမမှာ အမြဲပူပန်ကြောင့်ကြနေရတာ ဖြစ်သောကြောင့် ကျူရှင်ယူဖို့ဆိုတာ သူမအတွက် မဖြစ်နိုင်သောကိစ္စ ဖြစ်သည်။

သူက ခင်မင်ရင်းနှီးလာသည်နှင့်အမျှ သူမရဲ့ဘဝ အခြေအနေကို ပိုပိုပြီး သိနားလည်လာခဲ့ပါသည်။ တစ်ခါတစ်ရံ ကျောင်းလခတို့၊ စာအုပ်စာတမ်းဖိုးတို့ကို သူက အတန်တန် ငြင်းဆန်စိတ်ဆိုးသည့် ကြားမှပင် ဖွတ်တရွတ် အတင်းပေးတတ်သည်။ သူမမှာ ငြင်းလို့မရလွန်းတာမို့ ဒေါသတွေထွက်ကာ သူနှင့် အကြိမ်ကြိမ် အခါခါ ရန်ဖြစ်ယူရလေသည်။ သူက ဖွတ်အတင်း ပြန်ရျော့၊ နှင်းဆီနှင့် ယုန်ပွယ်က ကြားကနေ အောင်သွယ်တော်လုပ်ကာ ဖျန်ဖြေစေ့စပ်ပေးရင်း ပြန်တည့်ရသည်မှာ အခါခါပင်။

"နေပါဦး ... နင်က ငါ့စရိတ်တွေ၊ ကျောင်းလခတွေ လိုက်ထောက်ပံ့ပေးနေရအောင် နင်က ငါ့အဖေလား"

ဟု သူမက စိတ်ဆိုးမာန်ဆိုးအော်တိုင်း သူက ညစ်ကျယ်ကျယ်မျက်နှာပေးဖြင့် ...

"အေး ... ဟုတ်တယ်၊ ငါက နင့်အဖေဟေ့၊ ဟိုဘဝက သားအဖ တော်ခဲ့တာ နင် မသိဘူးမှလား"





ဟု ရယ်ပွဲဖွဲ့၍ ပြန်ပြောတတ်သည်။

"ငါ အဲ့ဒါကြီးကို လက်မခံချင်ဘူးဟာ မြတ်လင်းလျှံ၊ ငါ့ဘဝကို ငါ့ဘာသာပဲ တာဝန်ယူချင်တယ်၊ ငါ ဆင်းရဲတာ မှန်ပေမဲ့ ကျောင်းလခ မပေးနိုင်လောက်အောင်တော့ မဆင်းရဲသေးဘူးဟဲ့၊ နင် လုပ်နေတာ ငါ့မာနကို ချိုးနှိမ်နေတာနဲ့ အတူတူပဲ၊ နင့် ထောက်ပံ့ကြေးကိုယူပြီး ကျောင်းဆက်တက်ရမယ်ဆိုရင် ငါ ဒီဆေးကျောင်းလည်း ဆက်မတက်တော့ဘူး၊ ဖြစ်ချင်ရာဖြစ်"

ဟု သူမ ဒေါသတကြီး မာနသံ တရှရှဖြင့် အော်သည်ကို သူက ငြိမ်သက်စွာပင် ခံယူသည်။

"နင့် မာနကို ငါ မချိုးရဲပါဘူး မေယုဂန်၊ ငါ ပြောခဲ့ဖူးတာလည်း အကြိမ်ကြိမ် မကတော့ဘူး၊ သူငယ်ချင်းတွေကြားမှာ ဒီ ငွေကြေးကိစ္စ ဆိုတာကြီးကို လုံးဝ ထည့်စဉ်းစားစရာ မလိုဘူး ...

ငါ့မှာရှိတဲ့ ပိုက်ဆံတွေကို နင့်အတွက် သုံးလိုက်ရလို့ ငါလည်း ဘယ်လောက်မှ လျော့မသွားဘူး၊ နင့် မာန



www.burmeseclassic.com

www.burmeseclassic.com



ကို ချိုးနှိမ်ပြီး တမင် ထောက်ပံ့တာလည်း မဟုတ်ဘူး၊ နှင်းဆီတို့ ယုန္တယ်တို့ အတွက်လည်း ငါ ကြံ့ရင်ကြံ့သလို ရှင်းပေးနေကျပဲဥစ္စာ၊ နင် ဘာလို့ ဒီလောက်မာနကြီးပြီး အယူသည်းနေရသလဲဆိုတာ ငါ တွေးလို့ကို မရဘူး"

"ဒါပေမဲ့ ငါ ရှက်တယ်၊ ငါ့ဘဝမှာ သူများထောက်ပံ့မှ ကျောင်းတက်ခွင့်ရမဲ့ ဘဝလား"

သူမ၏ တုန်ယင်ခံခက်သော စကားလုံးတွေကြောင့် သူငယ်ချင်းတွေ မျက်ရည်ဝဲကာ ငြိမ်ကျသွား၏။ သူကတော့ ...

"ငါက သူများလား မေယုဂန်၊ ဟမ် ... နင် ငါ့ကို သူစိမ်းတစ်ယောက်လို သဘောထားနေတုန်းပဲလား၊ နင် ဒီလောက် ခံရခက်နေရင် အဲ့ဒီစာရင်းတွေကို အကြွေးမှတ်ထားလိုက်ကွာ၊ နင် ဆရာဝန် ဖြစ်ပြီးတော့ ငါ့ကို ပြန်ဆပ်၊ ဟုတ်ပြီလား ...

ငါ့ဘဝမှာ အရေးမကြီးဆုံးကဗ္ဗာက ငွေပဲ မေယုဂန်၊ ဒီငွေတွေကို ငါမှ မသုံးရင် ဘယ်သူမှ သုံးမဲ့လူ မရှိဘူး၊ နင် ဘာလို့ အရေးမကြီးတာတွေ လျှောက်တွေးနေတာလဲ





ငါ့ဘဝမှာ တန်ဖိုးအထားဆုံး၊ အရေးကြီးဆုံးက နင်ပဲ"

ဟု စိတ်လိုက်မာန်ပါ ပြောလျှင် သူမက ဘာဆက်ပြောရမည် မသိဘဲ ငြိမ်တိတ်သွားရ၏။ နှင်းဆီနှင့် ယုန္တယ်တို့ပင် ရိပ်မိနေပြီ။ သူငယ်ချင်းတွေဘဝဖြင့် တဖြည်းဖြည်း ရင်းနှီးငြိတွယ်လာခဲ့သည့်အလျှောက် သူ သူမအပေါ် ချစ်မြတ်နိုးငြိတွယ်နေတာကိုလည်း ဆေးကျောင်းတစ်ကျောင်းလုံးရှိပင် ရိပ်မိနားလည်နေခဲ့ကြပြီ။

သူမ ဘေးမှာ သူ အမြဲရှိနေပြီး ဘယ်သွားသွား မခွဲမခွာ တတွဲတွဲ အတူတူ ရှိခဲ့ကြသော သူမတို့ သူငယ်ချင်းလေးယောက် အုပ်စုကလေးတွင် သူက သူမကို ချစ်နေခဲ့ကြောင်း သူမကလည်း မရိပ်မိဘဲ နေခဲ့သည် မဟုတ်ပါ။

သူသည် အဘက်ဘက်က ငြင်းစရာမရှိသော ပြည့်စုံတာထက်ပင် ပိုလွန်နေသော လူတစ်ယောက် ဖြစ်ပါသည်။ စိတ်ထားသဘောထား ဖြူစင်ဖြောင့်မတ်တာ၊ ရိုးသားပွင့်လင်းတာ၊ ယောက်ျားပီသတာ၊ စာတော်တာ၊ မာန်မာန မရှိတာ၊ သူမ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းအပေါ်သာ စွဲစွဲမြဲမြဲ အာရုံစိုက်တတ်တာတွေကို ဘယ်သူနှင့်မှ နှိုင်းယှဉ်လို့ မရပါ။

သူနှင့် သူမကြားတွင် ပဋိပက္ခ ဖြစ်ရတာဆိုလို့ သူမရဲ့ ကျောင်းလခတွေ၊ စာအုပ်စာတမ်းဖိုးတွေ စသဖြင့် သူက ပင် ဒိုင်ခံတာဝန်ယူ ရှင်းရှင်းပေးတတ်သော ကိစ္စတစ်ခုသာရှိသည်။

ကျူရှင်ယူချော့လည်း သူမတို့ သူငယ်ချင်းအုပ်စု တစ်စုစာသာ တစ်ဝိုင်းခွဲယူသင်ကာ တစ်ဝိုင်းလုံးစာကို သူကပင် ကျိတ်ရှင်းထားလေသည်။ နှင်းဆီနှင့် မိုးနွယ်ကတော့ ...

"ကောင်းတယ်၊ ရှင်းပစေပေါ့၊ ပိုက်ဆံကုန်တောင် သက်သာသေးတယ်၊ အိမ်မှာ ကျူရှင်ဖိုးဆိုပြီး တောင်းပြီးတော့ သုံးပစ်မယ်"

ဟု ရယ်ရယ်မောမော ဆိုနိုင်ပေမဲ့ သူမကတော့ မကျေမနပ် အံကြိတ်၍သာ နေရလေသည်။

ထိုမျှသာမကသေးပါ။ တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးလာသည်နှင့်အမျှ ပြောမနာ၊ ဆိုမနာ ကျွမ်းဝင်လာ





ချိန်တွင် သူက တစ်မျိုးထပ်တိုးလာသည်။ အဲဒါကတော့ အလွန် တန်ဖိုးကြီးသော ပိတ်စတွေ၊ မိတ်ကပ်၊ နှုတ်ခမ်းနီတွေ၊ ဒေါက် ဖိနပ်တွေ၊ ဘောလွယ်သားရေအိတ်တွေ၊ ရေမွှေးတွေ စသဖြင့် တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ယူယူလာပြီး သူငယ်ချင်းမ, တွေကို လက်ဆောင်အဖြစ် ရက်ရက်ရောရော ပေးပစ်ခြင်း ဖြစ် သည်။ သူ့စကားအရတော့ ...

"မေမေ့ကို လာကန်တော့တဲ့ ပစ္စည်းတွေဟ၊ မေမေ တစ်ယောက်တည်း ဝတ်လို့မနိုင်ဘူး၊ အဲဒါ မေမေက ငါ့မှာ မိန်းကလေးသူငယ်ချင်းတွေရှိရင် လိုချင်တာယူပြီးပေးလို့ ခွင့်ပြုထားလို့ ငါ ယူယူလာတာ၊ နင်တို့ကြိုက်တာ ခွဲယူကြဟာ"

ဟု ပြောမြဲ။ နှင်းဆီနှင့် ယုနွယ်က သူတို့ဘာသာ ခွဲတမ်းတွေချပြီး သူမကိုသာ အများဆုံး ဝေစုပေးတတ်ကြလေ သည်။ သူမက မယူဘူးဟု ငြင်းလျှင် ...

"လက်ဆောင်ဆိုတာ ပေးရင် ယူရတယ်၊ မယူရင် ရိုင်းလို့ ပဲ၊ နင် လူရိုင်းမ,လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူက ယောကျ်ားတန်မဲ့နှင့် မလိုတမာ ရန်တွေ့တတ်လေသည်။ နှင်းဆီ တို့က ...

"အေးလေ မေယုဂန် ကလဲ၊ သူငယ်ချင်းချင်းပဲဟာယ်၊ ငါ တို့တောင် ယူသေးတာပဲ၊ ယူလိုက်စမ်းပါဟာ"

ဟု တိုက်တွန်းကြမြ်။

"ငါ မယူချင်ဘူး၊ သူ ငါ့ကို ပေးတာတွေ များနေပြီ ငါ ဘက်က သူ့ကို ဘာမှ ပြန်ပေးနိုင်တာ မဟုတ်ဘူး လောကမှာ အပေးအယူဆိုတာ ရှိတယ်ဟ၊ အယူချည်း ဆိုရင် မကောင်းဘူး"

ဟု သူမက ခေါင်းမာစွာ ငြင်းဆန်လျှင် နှင်းဆီက အာသွက်လျှာသွက်ဖြင့်ပင် ...

"ဒါဆိုလည်း နင်ပေးနိုင်တာ တစ်ခုတော့ ရှိပါတယ်ဟာ သူ ဘာလိုချင်တယ်ဆိုတာ နင် သိသားပဲ၊ ပြန်ပေးလိုက် ပေါ့"

ဟု ပွင့်ပွင့်လင်းလင်းပင် အောင်သွယ်လေသည်။ သူရော သူမပါ နှစ်ယောက်စလုံး ရှက်ကိုးရှက်ကန်းကြီးတွေ ဖြစ်





သွားကြကာ အိုးတိုးအမ်းတမ်းတွေ ဖြစ်ကုန်ကြသည်။ သို့ပေမဲ့ နှင်းဆီတို့က နောက်ဆုတ်မသွားပေ။ ကြံ့ရင်ကြံ့သလို အကွက်ရတာနှင့် သူနှင့် သူမကို အစွမ်းကုန် လှော်ပေးလျက် ရှိလေသည်။

ရန်ဖြစ်ရင်း၊ ပြုံးရွှင်းပင် သူ အတင်းပေးသော လက်ဆောင်တွေကို သူမမှာ မငြင်းဆန်နိုင်ဘဲ လက်ခံရလေသည်။

အဖိုးတန်လှသော အဝတ်အထည် အသုံးအဆောင်တွေကို အမေကမြင်လျှင် ...

"သမီးရယ်၊ ပစ္စည်းတွေက တန်ဖိုးကြီးလိုက်တာ၊ ကောင်လေးက သမီးအပေါ် ရိုးမှရိုးရဲ့လား၊ သူငယ်ချင်း ဆိုပေမဲ့ ဘယ်သူငယ်ချင်းကမှတော့ ဒီလောက်ကြီး မကောင်းနိုင်ဘူးနော်၊ အမေ့အထင်တော့ ဒီကလေးလေး သမီးအပေါ် သူငယ်ချင်းထက် မကတော့ဘူး"

ဟု ပြောလာလေသည်။

"သမီးလည်း မပြောတတ်တော့ဘူး အမေ၊ ဘယ်လိုမှလဲ ငြင်းလို့မရဘူး၊ သူက တစ်ဇွတ်ထိုး၊ သမီး လိုအပ်တာ မှန်သမျှ သူ အကုန်သိနေတယ်၊ သမီးအတွက် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



လခတွေ၊ စာအုပ်ဖိုးကအစ ကျူရှင်ဖိုးအဆုံး အကုန် သူ
လိုလေသေးမရှိ တာဝန်ယူ ဆောက်ပံ့တယ် ....

အခုလည်း အဝတ်အစားကအစ ဖိနပ်အဆုံး အကုန်
ဖြည့်ဆည်းပေးနေတာ၊ ဘယ်လိုတားတား မရဘူး၊ ဖွင့်
အတင်းပေးတာပဲ၊ ရန်ဖြစ်ရတာလည်း ခဏခဏပဲ၊ နောက်
ဆုံး သမီးကပဲ အရှုံးပေးပြီး ယူလာရတယ်”

“သူက အရမ်းချမ်းသာပုံရတယ် သမီး၊ ပြီးတော့ အမေ
သိသလောက် ပြောရရင် သမီးကိုလည်း သိပ်ချစ်မြတ်နိုး
ရတယ်၊ သူ လုပ်ပေးပုံက သမီးအတွက် ဘာမှ လိုလေသေး
မရှိ၊ မပူပင် မကြောင့်ကြရအောင် အပြည့်အစုံ လုပ်ပေး
တာမျိုး သမီးရဲ့”

အမေ ခန့်မှန်းသည်မှာ မမှားပါ။ အမေသည် သမီး
အရွယ်ကို ဖြတ်သန်းခဲ့စဉ်က ဒီလောက်ကံမကောင်းခဲ့။

“ဟုတ်တယ် အမေ၊ သမီးလည်း ရိပ်မိပါတယ်၊ တစ်ကျောင်း
လုံးလည်း သိကြတယ်၊ သူ သမီးကို ကြိုက်နေတာကိုလေ
အဲ့ဒါကြောင့် သူ့အထောက်အပံ့ကို သမီး မလိုချင်တာ





ဒါပေမဲ့လည်း တစ်ခါတလေကျတော့ သမီးရဲ့
မာနက ကျိုးကျိုးသွားတယ် အမေ၊ အမေ ပင်ပန်းတာကို
သမီး မကြည့်ရက်ဘူး၊ သမီးဘဝ မြင့်မားဖို့ အမေ့ချွေးတွေ
သွေးတွေနဲ့ မရင်းနှီးစေချင်ဘူး ...

သမီးကို ဒီလို လှပတဲ့ ရုပ်ကလေး မွေးပေးခဲ့တဲ့
ကျေးဇူးနဲ့ ဆေးကျောင်းရောက်တဲ့အထိ အမေ ပြုစုပျိုးထောင်
ပေးခဲ့တဲ့ ကျေးဇူးကို သမီး ဘယ်တော့မှ မမေ့ပါဘူး ...

သမီးရဲ့ဘဝကို အမေ့ ပုခုံးပေါ်မှာ ဝန်ထုပ်ဝန်ပိုးကြီး
တစ်ခုလို တာဝန်ကြီး ပေးမထားချင်ဘူး၊ ဆေးကျောင်း
တက်ရမဲ့ သက်တမ်းက အရှည်ကြီး အမေ၊ အမေ့ကို
အေးအေးသက်သာ အနားယူစေချင်ပြီ၊ ကျန်တဲ့ ခုနစ်နှစ်
လုံးလုံး အမေ ကုန်းရုန်းပြီး ရှာဖွေရုန်းကန်ရမှာကိုလည်း
သမီး မဖြစ်စေချင်ဘူး ...

သမီးဘဝကို သမီးဘာသာပဲ တည်ဆောက်ချင်ပါ
တယ် အမေ”



www.burmeseclassic.com

www.burmeseclassic.com



ဟု သမီးက လေးနက်တည်ငြိမ်သော မျက်နှာထား ဖြင့်ပြောလျှင် အမေမှာ ရင်နင့်ကာ မျက်ရည်ဝဲရလေသည်။

"သမီးက ဘာဆိုလိုချင်တာလဲ သမီးရယ်၊ သမီးကို အမေ က တာဝန်မယူရတော့ဘူးလား၊ အမေ သမီးကို ဆေး ကျောင်း ဆက်ထားနိုင်ပါတယ် သမီးရဲ့၊ သမီး ဆရာဝန် ဖြစ်တဲ့အထိ အမေ တာဝန်ယူနိုင်ပါတယ်၊ အမေ့ဘဝရဲ့ အဓိပ္ပာယ်က အဲ့ဒါပဲရှိတာ၊ အမေ အသက်ရှင်နေတာ ရုန်းကန်နေတာ သမီးအတွက်ပဲ၊ အမေ မပင်ပန်းပါဘူး သမီးရယ်၊ အမေ ဘယ်တော့မှ မပင်ပန်းဘူး၊ ပင်ပန်းစရာ လို့လည်း မညည်းညူခဲ့ဖူးဘူး"

ဟု အမေက အားမာန်အပြည့်ဖြင့် ပြောခဲ့သည်ကို သမီးက ပြုံး၍သာ ငေးစိုက်ကြည့်နေခဲ့လေသည်။

"သမီး ယုံပါတယ် အမေ၊ ကဲ သမီး စာကျက်တော့မယ် စာမေးပွဲတွေ နီးပြီ အမေ"

ဟု စကားဖြတ်ကာ သမီးက စာကြည့်စားပွဲ သွားထိုင်လျှင် အမေသည် ဘာမှ ဆက်မပြောတော့ဘဲ အလိုက်





တသိပင် ချိုင့်ကလေးဆွဲကာ လမ်းထိပ်သို့ ထွက်ခဲ့သည်။ သမီး ညဉ့်နက်ခံပြီး စာကျက်တော့မည်ဆိုလျှင် အမေက လမ်းထိပ်မှ လက်ဖက်ရည်နှင့် လက်ဖက်သုပ်ကို ထွက်ဝယ်ပေးပြီး ပြင်ဆင် ပေးတတ်မြဲ။

သမီးသည် အမေနှင့် အေးအေးဆေးဆေး စကား လက်ဆုံကျဖို့ ဘယ်တော့မှ အချိန်မရတတ်ဘဲ သူ့စာတွေနှင့် လုံးထွေးရှုပ်ခတ်နေကာ အမေ့အတွက် အချိန်မပေးနိုင်တာကို အမေ နားလည်ကျေနပ်ခဲ့ပါသည်။

သမီးက အမေ့ကို မသိတတ်တာမဟုတ်။ သိတတ်ဖို့ အချိန်မပေးနိုင်တာသာ ဖြစ်သည်။ သမီး တကုပ်ကုပ် စာကျက် နေသည်ကို အမေက ဘေးခပ်လှမ်းလှမ်းကလေးမှ ထိုင်ကာ ခြင် ကိုက်စေရအောင် ယပ်တောင်နှင့် တဖျပ်ဖျပ် ခတ်ပေးရင်း သမီးမျက်နှာကလေးကို ပီတိဖြင့် တစိမ့်စိမ့် ငေးမောရလေသည်။ အမေ့မှာ ဒီအချိန်ကလေးပဲ သမီးမျက်နှာကို ဝအောင်ကြည့်ခွင့်ရ တာဖြစ်သည်။ တစ်ခြင်ထောင်တည်း အတူအိပ်ကြသည် ဆိုပေ မဲ့ အမေ အိပ်ပျော်မှ သမီးက အိပ်ရာဝင်လေ့ရှိကာ၊ မနက်ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း အမေ မနိုးခင် သမီးက အိပ်ရာထလျက် စာကြည့်စားပွဲသို့ ရောက်နေပြီ။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ကျပြန်တော့လည်း သမီးက ကျူရှင်တက်ရတာနှင့်၊ သူငယ်ချင်းတွေနှင့် စာစုကျက်ရတာနှင့် ခါတိုင်း ကျောင်းပြန်ချိန်လောက်မှပင် အိမ်သို့ပြန်မြဲ။

စာမေးပွဲနီးလာသည်နှင့်အမျှ သတ္တုဗန်းကလေးထဲတွင် ပိုးဟပ်ကလေးတွေ၊ ဖားကလေးတွေကို ခြေကားရား လက်ကားရား ပင်အပ်နှင့်ထိုးထားကာ သမီးက စိမ်ပြေနပြေ၊ စိတ်ဝင်တစား ခွဲနေတတ်သည်ကို အမေမှာ အသည်းတယားယားနှင့် ဝေးဝေးကနေ စောင့်ကြည့်ရပြန်သည်။

ပြီးတော့ အမေမှာ တာဝန်တစ်ခု ပိုလာပြန်သည်မှာ သမီးက ...

"အမေ ဈေးထဲမှာ ဖားတို့၊ ပိုးဟပ်တို့ ဖမ်းလို့ရရင် ဖမ်းခဲ့ပေးပါနော်၊ သမီးလေ့ကျင့်ပြီး ခွဲချင်လို့"

ဟု အမှတ်တမဲ့ ပူဆာလိုက်ကတည်းက ဖြစ်သည်။ ဈေးရှိ ဆိုင်သို့ရောက်လျှင် ပိုးဟပ်တွေ လိုက်ဖမ်းရတာ အမေ





"မမြမှိုရယ် ... မကြီးမငယ်နဲ့ ဘယ့်နှယ် ပိုးဟပ်တွေ လိုက်ဖမ်းပြီး ဖန်ပုလင်းထဲ လှောင်ထည့်နေတာလဲ၊ ဒီမိန်းမကြီး ငရဲတော့ ကြီးတော့မှာပဲ"

ဟု ဘေးဆိုင်တွေက အမြင်မတော်သဖြင့် ပြောလျှင် အမေမှာ တပြုံးပြုံးနှင့် ခပ်ကြွားကြွားကလေး ရှင်းပြရ၏။

"ကျွန်မ သမီးလေ ... သူတို့ဆေးကျောင်းမှာ ပိုးဟပ်တို့ ဖားတို့၊ ဝက်ပေါက်စတို့ ခွဲရတယ်လေ၊ အဲ့ဒါ အိမ်ကျတော့ သူက ပြန်လေ့ကျင့်ချင်တယ် ဆိုတာနဲ့ ကျွန်မမှာ ရှာရတာ တော်ရေ ...

ဖားလေး ဘာလေး ရိုက်ခိုင်းဦးမှ၊ ဟိုမှန့်ဟင်းခါးသည် ကောင်လေးပြောတယ်၊ သူတို့ဘက်မှာ ဖားတွေ ပေါတယ်ဆိုပဲ"

အမေ့ကိုကြည့်ကာ သူတို့ ရယ်မောကြလေသည်။ အမေ လိုက်ရယ်သော အသံမှာလည်း ပီတိဖြင့်လျှံကာ ချိုရွှင်မြူးဖူလျက် ရှိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

1st M.B အောင်စာရင်းထွက်တော့ သူမက Zoology နဲ့ English နှစ်ဘာသာ ဂုဏ်ထူးထွက်လေသည်။ သူမတို့ သူငယ်ချင်းအုပ်စုတွင် သူကလည်း Zoology နဲ့ English D ထွက်ကာ နင်းဆီနှင့် ယုနွယ်ကတော့ ရိုးရိုးသာ အောင်ကြလေသည်။

အောင်စာရင်းထွက်သောညက သူက ဂုဏ်ပြုပွဲဟု ဆိုကာ ဟိုတယ်မှာ ညစာလိုက်ကျွေးလေသည်။

"မေယုဂန်၊ ငါ့မေမေကတောင် နင့်ကိုတော်လို့ဆိုပြီး ချီးကျူးနေတယ်၊ နင် မေမေနဲ့ တစ်ခါမှ မဆုံဖူးသေးဘူး နော်"





ဟု သူက စပြောလျှင် သူမက ...

"ဟုတ်တယ်၊ 1st M.B တစ်နှစ်လုံးလုံး နင့်မေမေနဲ့ ငါတို့ မဆုံသေးဘူး"

ဟု လေးစား အထင်ကြီးသော မျက်နှာကလေးဖြင့် တလေးတစား ပြန်ပြောလေသည်။ ဘာကြောင့်မှန်းမသိ သူက သူ့မေမေ အကြောင်းတွေ ပြောပြလျှင် သူမမှာ အရှိန်အဝါ တစ်မျိုးဖြင့် ညို့ယူသိမ်းသွင်းခံရသလို သဘောကျ နှစ်ခြိုက်စွာ နားထောင်တတ်ပါသည်။

"ငါကတော့ နင့် အကြောင်းတွေ မေမေ့ကို အကုန် ပြောပြထားတယ်"

သူက ပြုံးစိစိဖြင့် ပြောလေသည်။

"ဟယ် ... ဘာတွေ ပြောထားတာလဲ"

"နင် စာသိပ်တော်တဲ့ အကြောင်းတို့၊ အရမ်းလှတဲ့ အကြောင်းတို့၊ Queen ဖြစ်တာတို့၊ ကြိုက်တဲ့လူတွေ များတဲ့အကြောင်းတို့ပေါ့"

"အဲမှာ ... နင် ကြိုက်နေတဲ့ အကြောင်းရော မပါဘူးလား၊ မလိမ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု နှင်းဆီနှင့် ယုန္တယ်က စပ်ဖြီးဖြီး မျက်နှာကိုယ်စီဖြင့် နောက်ပြောင်ကြလေသည်။

"ဟယ် ... ကောင်စုတ်တွေ၊ နှင်တို့ ဘာတွေလျှောက်ပြောနေတာလဲ"

သူမက မျက်နှာနီနီဖြင့် ရှက်ရမ်းရမ်းပြီး အော်ပေမဲ့ သူကတော့ သူမကို ပြုံးပြုံးကြီး စိုက်ကြည့်နေလေသည်။ ထိုမျက်လုံးကို သူမ ဆုံရလျှင်၊ ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။ တစ်စုံတစ်ခု ရောက်ရှိလာသလို နွေးမြဖိုလိုက်သွားလေသည်။

"ဘယ်လို ဖြစ်နေတာလဲ၊ သူက တစ်မျိုး၊ ဘာကြည့်နေတာလဲ"

ဟု သူမက ဖရိုဖရဲ ဖြစ်နေသော အသံဖြင့် ရှက်ကိုးရှက်ကန်း ပြောမိလေသည်။ သူက သူမကို စိုက်ကြည့်မြဲ စိုက်ကြည့်လျက် ...

"2nd M.B ရောက်ရင် စာတွေ အရမ်းခက်တော့မယ် မေယုဂန်၊ အဲဒီအချိန်ကျရင် ကိုယ့်ချစ်သူလေးနဲ့အတူ စာအတူတူ ကျက်ရတာကိုက အရသာပဲ၊ စာတွေ ဘယ်လောက်





ခက်ခက်၊ ဘယ်လောက်များများ ကိုယ့်ဘေးမှာ စာအတူကျက်ဖော်၊ အားပေးဖော်ရှိတော့ အားလုံးကို ရင်ဆိုင်ဖြတ်သန်းနိုင်တယ်ကွာ ...

ကိုယ် မရှက်တော့ပါဘူး၊ နှင်းဆီတို့ ရှေ့မှာပဲ ကိုယ် ဝန်ခံရဲပါတယ်၊ မင်းကိုပဲ ကိုယ်ချစ်တယ်၊ မင်းတစ်ယောက်တည်းကိုပဲ ကိုယ် တစ်သက်လုံး လက်တွဲဖော်အဖြစ် လက်တွဲသွားချင်တယ်၊ ကိုယ့်ဘဝရဲ့ အဖော်ဟာ မင်းပဲဆိုတာ စစချင်း တွေ့ကတည်းက ကိုယ် သေချာခဲ့တာပါကွာ၊ မင်းကို တွေ့တာနဲ့ ကိုယ့်ရဲ့မိန်းကလေးပဲဆိုတာ ကိုယ့်ရင်ထဲမှာ အလိုလို သိခဲ့တာပါ ...

မင်းသာ မသိတာ၊ ကိုယ် မင်းကို မြတ်မြတ်နိုးနိုးနဲ့ သိပ်ချစ်နေတာ နှင်းဆီတို့၊ ယုန္တယ်တို့သာမကဘူး၊ တစ်ကျောင်းလုံးကလည်း သိပါတယ်၊ ကိုယ့်မေမေတောင် သိပါတယ်"

ဟု သူက မထင်မှတ်ဘဲ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတော့လျှင် သူမမှာ စိတ်လှုပ်ရှားလွန်းသဖြင့် ရင်အုံတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ပူနွေး ယိမ်းခါနေခဲ့သည်။ သူ့အသံကလည်း ခါတိုင်းလို မဟုတ်။ နင်တစ်လုံး ငါတစ်လုံးနှင့် ပြောနေကျလို တရင်းတနှီး မဟုတ်ဘဲ၊ မင်းတွေ ကိုယ်တွေသုံးကာ၊ သိမ်မွေ့နက်ရှိုင်းလွှမ်းနေတာကို သူမ ခံစားလို့ရသည်။

နင်းဆီနှင့် ယှဉ်တွဲ့က သူ ဖွင့်ပြောလိမ့်မည်ဟု ထင်မထားပေမဲ့၊ ပြောလိုက်သော အချိန်တွင် အလိုက်တသိ ငြိမ်သက်စွာပင် နားထောင်သူ ပရိသတ်သက်သက် လုပ်နေလေသည်။ လုံးဝ ဝင်စွက်ဖက်ခြင်း မရှိ။

"မင်းဟာ ကိုယ့်ဘဝရဲ့ ပန်းကလေးတစ်ပွင့်ပဲ၊ ကိုယ့်မှာ နေ့စဉ်နဲ့အမျှ အရိပ်တကြည့်နဲ့ တယုတယ ကြည့်နေခဲ့ရတာပါ၊ ဒီပန်းကလေးက လှလွန်း၊ တန်ဖိုးရှိလွန်းလို့ သူများဦးသွားမှာလည်း နေ့တိုင်း စိုးရိမ်ရင်မောခဲ့ရတာပါ"

သူ့စကားလုံးတွေသည် သူမနားထဲမှတစ်ဆင့် ရင်တွင်းဆီသို့ တိုက်ရိုက်စိမ့်စီးဝင်သွားကာ နှလုံးသားတစ်ခုလုံး နစ်မြုပ်သွားလေသည်။ သူမသည် မျက်နှာကို ဘယ်လိုထားရမည် မသိဘဲ မထားတတ်စွာ ရှိသည်။





သူမဘဝတွင် ချစ်စကား ပြောဖူးသော ယောကျ်ားတွေ ဒုနဲ့ဒေးပင် ရှိခဲ့ပါသည်။ ဘဝအတွက် ရုန်းကန်ကြိုးစားနေခဲ့ချိန်မို့ သူမကို ချစ်ခဲ့သမျှ ယောကျ်ားတိုင်းကို အနှောင့်အယှက်၊ အဖျက်အဆီးများသဖွယ် သူမ မုန်းတီးစက်ဆုပ်ခဲ့သည်။ လူတိုင်းကို ပြတ်ပြတ်သားသား ခါးခါးသီးသီး တုံ့ပြန်ခဲ့သည်ချည်းပင်။

သူ့ကိုကျတော့ ဤသို့ မပြုနိုင်။ မပြုရက်။ ငြင်းပို့ ခွန်အားလည်း မရှိပါ။ အညှို့ခံနေရသူတစ်ယောက် ပမာပင် ရီဝေတိမ်းမူးလျက်ရှိသည်။

"မေယုဂန် ... ကိုယ့်ကို ချစ်လားဟင်"

ဟု သူက တဖွဖွ မေးနေသည်။ သူမက မပွင့်တပွင့်ပြုံးကာ ...

"2nd M.B စတက်တဲ့နေ့ကျမှ အဖြေပေးမယ်"

ဟု အချိန်ဆွဲလိုက်သည်။ သူက ကျေကျေနပ်နပ်ပင် ခေါင်းညိတ်သဘောတူလေသည်။

ထိုနေ့ကစပြီး သူမ အတွေးထဲမှာ သူတစ်ယောက်တည်းပင် စိုးမိုးလွှမ်းခြယ်နေခဲ့တော့သည်။ သူ့အကြောင်းချည်း



www.burmeseclassic.com

www.burmeseclassic.com



တွေးနေချင်သည်။ သူ့မျက်နှာ၊ သူ့အပြုံးတွေသာ တွေ့မြင်နေချင်သည်။ သူ့စကားတွေသာ နားထောင်နေချင်သည်။ လူက တိမ်လိပ်တွေကို ယိမ်းလေးခို စီးရသည့်နှယ် တငြိမ့်ငြိမ့် တသိမ့်သိမ့် ညင်သာသိမ်မွေ့နေသည်။

သူမဘဝသည် များစွာ လင်းပွင့်ကွန့်မြူးလာခဲ့လေသည်။ အဓိပ္ပာယ်တွေ လှပထက်သန်လာသည်။ အနာဂတ်ကို အရောင်အဝါ ပြိုးပြက်လင်းဝါစွာ လှမ်းမျှော်ကြည့်တတ်ပြီ။

တကယ်တော့ အချစ်ဆိုသည်မှာ လူ့ဘဝစ်ယောက်ကို အညင်သာ၊ အသိမ်မွေ့ဆုံးနှင့် အနက်ရှိုင်းဆုံး ထုတ်ချင်းခတ် ထိုးဖောက်သွားသော မြားတစ်စင်းသာ ဖြစ်လိမ့်မည်။

❧ ❧ ❧





2nd M.B မတက်ရသေးခင် ကျောင်းတွေ ခဏပိတ်ထားသည် ဆိုပေမဲ့၊ အင်မတန် ပါးနပ်မြော်မြင်တတ်သော သူ... သူမနှင့် နေ့တိုင်းတွေ့ခွင့်ရအောင် စနစ်တကျပင် စီစဉ်တတ်...သည်။ 2nd M.B စာများကို ကြိုပြီးတော့ ကျူရှင်ယူ သင်ထားဖို့ ...ပင် ဦးဆောင်စီစဉ်ခဲ့၏။

Anatomy (ခန္ဓာဗေဒ)နှင့် ပတ်သက်သော စာအုပ်...များ၊ Skelaton (အရိုးစု)ကို ခေါင်းရိုးကနေ၊ ဟိုးခြေထောက်...လေးတွေထိ တစ်စုံ၊ Physiology၊ Biochemistry နှင့်...သက်သော နိုင်ငံခြားမှ သူ့အဖေ ပို့လိုက်သော စာအုပ်ကြီး...တို သူက သူမအတွက် အစုံအလင် ရှာဖွေပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေကျတော့ သူမက မငြင်းနိုင်ဘဲ မက်မက်မောမောပင် လက်ခံ၍ ဖတ်လေသည်။ သူ့ကိုလည်း ကျေးဇူးတင်၍ မဆုံးတော့။ Embryology စာအုပ်များဆိုလျှင် အလွန်ရှားပါး တန်ဖိုးရှိသော စာအုပ်များကို သူမ ရရှိလေသည်။ စာတွေက 1st M.B တုန်းက နှင့် လုံးဝမတူတော့ဘဲ၊ တကယ့် ဆေးပညာအခြေခံ သက်သက်တွေမို့ အလွန်ခက်ခဲ နက်နဲလှပါသည်။

သူ့ကျေးဇူးဖြင့် စာတွေကြိုသင်ခွင့်၊ ကြိုဖတ်ခွင့် ရခဲ့တာမို့ သူ့ကျေးဇူးကို မမေ့။ ကျူရှင်တက်ဖို့ နေ့စဉ် ကားနဲ့ ကြိုပို့လုပ်ပေးခဲ့သော်လည်း သူမကို နားပူနားဆာလုပ်ကာ အဖြေ တောင်းခြင်းမျိုး၊ အခွင့်အရေး ယူခြင်းမျိုး လုံးဝမရှိဘဲ၊ ဣ သိက္ခာအပြည့်နှင့် စောင့်စည်းထိန်းချုပ်နိုင်တာကို သူမ လေးစား အထင်ကြီးရလေသည်။

ချစ်တဲ့စိတ်က ကိန်းဝပ်နေပြီမို့ သူ ဘာလုပ်လုပ် အကောင်းမြင် လေးစားနေတာလည်း ပါ,ပါသည်။

ဤသို့ဖြင့် 2nd M.B ကျောင်းပြန်တက်ချိန်တွ သူမက သူ့ကို ရိုးရိုးကလေးပင် အဖြေပေးခဲ့လေ၏။





"နင့်ကို ငါ သိပ်ချစ်တယ် မြတ်လင်းလှ၊ နင်သာ မရှိရင် ငါ့ဘဝက ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး"

ဟု တကယ့်ကို ရင်တွင်းက နှစ်နှစ်ကာကာ၊ မြတ်မြတ်နိုးနိုး ပြောလိုက်စဉ် သူ့မျက်နှာတစ်ခုလုံး လင်းဖြာရွှင်မြူး သွားတာကို သူမ မမေ့တော့။

"ကျေးဇူးတင်လိုက်တာကွာ၊ အဲဒီလို ရိုးဖြောင့်တဲ့ အတွက် နင့်ကို ငါ ပိုချစ်သွားတယ် မေယုဂန်၊ အချစ်ဆိုတာ လျှို့ဝှက်ဖုံးဖိစရာလည်း မလိုဘူး၊ ဟန်ဆောင်စရာလည်း မလိုဘူး သိလား ...

နင်ဟာ ငါ့ရဲ့ အချစ်ဦးမိန်းမပဲ၊ ငါကလည်း နင့်ရဲ့အချစ်ဦးပဲ ဆိုတာ ငါ သိပြီးသား၊ နင့်ရဲ့ အချစ်ဦး ဖြစ်ခွင့်ရတဲ့ အတွက်လည်း ငါ ပြောမပြတတ်လောက်အောင် ဂုဏ်ယူပါတယ် မေယုဂန်၊ ငါ လက်ထပ်မဲ့ မိန်းမဟာလည်း နင်ပဲ ဖြစ်ရမယ်၊ နင့်ကိုပဲ ငါ လက်ထပ်မယ်"

ဟု သူက တက်ကြွဝမ်းမြောက်စွာ ကတိပေးလေ ည်။ သူ့ရဲ့ ရဲရင့်ပြတ်သားသော ကတိစကားကြောင့် သူမဘဝ ခုလုံး လုံခြုံနွေးမြသွားသလို ခံစားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတွေအဖြစ် တရားဝင် ဖြစ်သွားကြပြီမို့ မြတ်လင်းလျှံနှင့် မေယုဂန်တို့ စုံတွဲဆိုလျှင် တစ်ကျောင်းလုံးက မသိသူမရှိ၊ အလိုက်ဖက် အတင့်တယ်ဆုံးသော စုံတွဲအဖြစ် ဝိုင်းဝန်းအားကျ သတ်မှတ်ထားကြ၏။ သူမတို့နှစ်ယောက်သည်လည်း ဘယ်တော့မှ မခွဲ၊ တတွဲတွဲ ဖြစ်သည်။

ယုတ်ဆွအဆုံး သူမက (L.C.R) ခေါ်သော မိန်းကလေးများ နားနေခန်းသို့ ဝင်လျှင်ပင် သူက အခန်းအပြင် မလှမ်းမကမ်းမှ မရှက်မကြောက် စောင့်ဝံ့သူ ဖြစ်၏။ နှင်းဆီနှင် ယုန္တယ်ကတော့ သူနှင့်သူမ တစ်ယောက်ကို တစ်ယောက် အပြ အလှန် ချစ်ခင်ရှိသေကြတာကို အစအဆုံး သိထားကြသူတွေပီ သူတို့နှစ်ယောက် အဖြစ်သည်းကြတာကို နားလည်ပေးတတ်ကြ သည်။

2nd M.B မှာ စာတွေ အလွန်များပြား ခက်ခဲလာ သည်မို့၊ သူမသည် အမေနှင့် စကားပြောချိန်ပင် မရှိသလော ရှားပါးလာခဲ့ရသည်။ ကျောင်းနှင့် ကျူရှင်နှင့်၊ အိမ်ပြန်ရောက် နှင့် စာကြည့်စားပွဲ တန်းဝင်ရတာနှင့် အမေ ဘယ်လိုနေသည် ပင် သူမ စိတ်မဝင်စားနိုင်။





အထူးသဖြင့် Anatomy ဆိုလျှင် သင်ခန်းစာတစ်ပိုင်း ပြီးတာနှင့် စာမေးပွဲက လာပြီမို့၊ စာတွေကျက်ရသည်မှာ လိပ်ပတ်ပင် မလည်နိုင်။ စာမေးပွဲတွေကလည်း အမြဲနီးကပ်နေတတ်သည်ဖြစ်ရာ သူမသည် လောကကြီးတစ်ခုလုံးနှင့် ကင်းကွာနေခဲ့သည်။

အမေကတော့ သူ့တာဝန်တွေကို လုံးဝမပျက်စေရ။ သမီးအတွက် ငွေမှန်မှန်စုမြဲ၊ အစားအသောက် ခြိုးခြံမြဲ၊ စာအုပ်ပုံတွေကြားမှာ မျက်နှာနစ်မြုပ်မတတ် မြုပ်နံကာ အမြဲတမ်း စာကျက်နေရှာသော သမီးကို သနားလည်း သနားလှသည်။ သမီးပင်ပန်းလှအမို့ စားကောင်းသောက်ဖွယ်ကလေးတွေ ဖွယ်ဖွယ်ရာရာဖြစ်အောင် အမေ့မှာ စီစဉ်ရမြဲ။ ထမင်းချိုင့်ကို လှလှပပဖြစ်အောင် ပြင်ဆင်ထည့်ပေးမြဲ။ အမေကတော့ မစားရက်။ သမီးရဲ့ အဝတ်အစားတွေကို သမီးမသိအောင် ဦးအောင်လျှော်ဖွပ်မြဲ။ မီးပူတိုက်ပေးမြဲ။ သမီးရေချိုးသွားတာနှင့် သနပ်ခါး သွေးပေးထားမြဲ။ သမီး ပြန်လာသံ ကြားတာနှင့် ဟင်းတွေ ပြန်နွေးကာ ထမင်းပွဲ



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် ဖြစ်ထားပြီ။ သမီးစာကျက်သည့်အခါ မလှမ်းမကမ်းတွင် သမီးကို ခြင်မကိုက်အောင် ယပ်ခပ်ပေးရင်း အမေ အိပ်ပျော်ပြီ ဖြစ်လေသည်။

တစ်ခါတစ်ခါ တစ်နေ့လုံးနေ၍မှပင် သမီးနှင့်အမေမှာ စကားတစ်ခွန်းမှပင် မပြောလိုက်ရသော နေ့တွေပင် ရှိလာသည်။ အမေမှာ သမီးကို စကားပြောချင်လွန်းသဖြင့် သမီးမျက်နှာကို အရိပ်တကြည့်ကြည့် လိုက်ကြည့်နေပြီး နှုတ်ခမ်းတပြင်ပြင် ရှိနေရပေမဲ့ သမီးကို အနှောင့်အယှက်ဖြစ်မှာ အားနာလွန်းသောကြောင့် စကားပင် မပြောရပါ။

စာတွေ ခက်လှသည်၊ များလှသည်ဟု သမီးဘာသာ တစ်ယောက်တည်း တတွတ်တွတ် ညည်းညူသံကို ကြားရလျှင် အမေမှာ ကိုယ့်လှုပ်ရှားသံကြောင့်ပင် သမီး အနှောင့်အယှက်ဖြစ်မှာ စိုးသည့်အလား ... ငြိမ်ငြိမ်ကလေး နေပေးရကာ သမီးမျက်နှာကို ခပ်လှမ်းလှမ်းမှပင် ငေးကာနေရသည်။

တစ်ရက်တော့ သမီးကပဲ စတင်ကာ ...





"အမေ ... စာတွေက များလွန်းတော့ သမီးတစ်ယောက်တည်း ကျက်လို့မနိုင်တော့ဘူး၊ သူငယ်ချင်းတွေနဲ့ စုပြီးကျက်မှ ဖြစ်တော့မယ် အမေ ...

သမီး သူငယ်ချင်းအိမ်မှာ ညသွားအိပ်မယ်၊ နှင်းဆီတို့အိမ်မှာ စာစုကျက်ကြမှာ၊ မနက်ကျရင် Anatomy စာမေးပွဲရှိတယ်၊ နှင်းဆီတို့ အိမ်ကနေပဲ ကျောင်းကို သွားတော့မယ်"

ဟု ပြောလာလျှင် သမီးနှင့် တစ်ခါမှ မခွဲဘူးတာမို့ အမေမှာ ရင်တနင့်နင့် ဖြစ်ရလေသည်။ သူများအိမ်မှာ သွားမအိပ်ပါနဲ့လား သမီးရယ်ဟု တားမြစ်ချင်လှပေမဲ့ နှုတ်ကမထွက်။ သမီးက မဟုတ်တာလုပ်တာ မဟုတ်၊ စာသွားကျက်မဲ့ကိစ္စကို အမေ ဘယ်လိုငြင်းရမလဲ။

"အင်း ... အင်း ... သွားပေါ့ သမီးရယ်၊ နေဦး အဝတ်အစားတွေ အမေ ပြင်ထည့်ပေးလိုက်မယ်၊ ထမင်းဘူးကျတော့ ဘယ်လိုယူမလဲ သမီးရယ်၊ အမေ သမီးတို့ကျောင်းကို လိုက်ပို့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ နေပစေ အမေ၊ နှင်းဆီမေမေ ထည့်ပေးလိမ့်မယ်၊ စာသွားကျက်ရင်၊ ကျူရှင်ယူရင်းနဲ့ နှင်းဆီအိမ်က စားအိမ်သောက်အိမ် ဖြစ်နေပြီ၊ အမေ မပူနဲ့"

အမေက သမီး ကျောင်းဝတ်ဖို့ အဝတ်အစားတွေကို အိတ်တစ်လုံးမှာ ထည့်ပေးရသည်။ မနက်ကျ သမီးကျောင်းသွားရင် လိမ်းရအောင် သနပ်ခါးပင် မကျန်စေရအောင် ကမန်းကတန်း သွေးပေးပြီး ဘူးကလေးနှင့် ထည့်ပေးလိုက်လေသည်။

သမီးကို နှင်းဆီက ကားနှင့် လာခေါ်သွားသည်။ ပထမဆုံး သမီးကို ခွဲခွာရသောနေ့ ဖြစ်သည်မို့ အမေသည် ညကျတော့ မနေတတ်၊ မထိုင်တတ်ဖြစ်ကာ တစ်ယောက်တည်း ကျိတ်၍ ငိုမိလေသည်။ သမီး စာကျက်နေကျ စားပွဲကလေးဆီ မျက်ရည်တွေကျပြီး ငေးကြည့်ကာ ရှိုက်ငင်မိ၏။ ထိုညက အိပ်၍ပင် မပျော်ချေ။ သမီးကို တစ်ရက်တာကလေးပင် မခွဲနိုင်လောက်အောင် သံယောဇဉ် ကြီးမားလှသော အမေ့ အဖြစ်ကို ဘယ်သူ့ကိုမှ ပြန်မပြောပြရဲချေ။

* * *





သူမကတော့ အိမ်မှာ တစ်ယောက်တည်း တကုပ်ကုပ်နှင့် အထီးကျန် အဖော်မဲ့စွာ စာကျက်နေရတာထက်စာလျှင် နှင်းဆီ အိမ်မှာ လူစုဝိုင်းဖွဲ့ပြီး သူငယ်ချင်းတွေ တပျော်တပါး စာကျက်ရတာကို ပျော်ပိုက်လျက် ရှိလေသည်။ နှင်းဆီ အိမ်က လွတ်လပ်ပြီး ခေတ်မီသည်။ အဲ(ရ်)ကွန်း(န်)နှင့် အေးအေးစိမ့်စိမ့် စာကျက်ရတော့ ခေါင်းထဲလည်း ပိုဝင်၏။

ပို၍ မက်မောစရာ ကောင်းတာကတော့၊ ချစ်သူကလည်း နှင်းဆီ အိမ်မှာပဲ စာအတူလာကျက်ကာ ညဦးနက်မှပင် ပြန်လေသည်။ နှင်းဆီ၊ ယုန္တယ်နှင့် သူမကတော့ နှင်းဆီရဲ့ အခန်းထဲမှာပင် ညအိပ်ကြ၏။ နှင်းဆီ အခန်းထဲမှာ ဖုန်းကရှိနေသဖြင့် လင်းလျှံက စာအတူကျက်ပြီး အိပ်ပြန်သွားသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မအိပ်ခင်ထိ ဖုန်းဆက်ကာ ချစ်ကြောင်း၊ ခင်ကြောင်းတွေ တပွဲ့တနွဲ့ ကဗျာစပ်ကြသော အရသာကို သူမ အတော်စုံမက်လေသည်။

ချစ်သူနှင့် ညဥ့်နက်အောင် ဖုန်းပြောရသော အရသာမှာ ဘာနှင့်မှ မတူပေ။ အေးမှ နင်းဆီနှင့် ယုန္တယ်က အိပ်မော ကျဆဲ။ သူမက ဖုန်းပြောကောင်းဆဲ။ ထိုဘဝကလေးကို ပျော်မွေ့လှသဖြင့် သူမသည် နင်းဆီအိမ်မှာပင် မကြာခဏ ညအိပ်ပြီး စာကျက်တတ်လာသည်။

အမေ့ကိုတော့ စာမေးပွဲရှိလို့၊ စာစုကျက်မလို့ဟု အကြောင်းပြကာ စာမေးပွဲ မရှိသော ညတွေလည်း နင်းဆီတို့အိမ်မှာပင်စု၍ ညအိပ်တတ်ကြလေသည်။ တကယ်လည်း စာတွေက များလွန်းလှတာမို့ သူမတို့မှာ ပျော်ရသည်ပင် သိဝ်မရှိပါ။ မျက်နှာပြောင်သလင်း၊ ဆံပင်စုတ်ဖွားဖြင့် အိပ်ရေးပျက်လှသောကြောင့် မျက်တွင်းတွေ ချောင်ကျကာ အလှအပကိုပင် မကိုးကွယ်နိုင်တော့ချေ။

တစ်ရက်တော့ စာမေးပွဲ ကင်းရှင်းဆဲ သူက နူးညံ့သော အပြုံးဖြင့် ဆိုသည်မှာ ...





"ယုဂန် ... ချစ်ကို မောင့်မေမေက တွေ့ချင်လို့တဲ့၊ ဒီစနေနေ့ အိမ်ကို ထမင်းစား ဖိတ်ထားတယ်၊ မောင်လာခေါ်မယ်နော်"

တဲ့ ...။ သူမ ရုတ်တရက်တော့ လန့်သွား၏။

"အို ... မောင်ကလည်းကွာ၊ ငါ ရှက်လည်းရှက်တယ်၊ ကြောက်လည်းကြောက်တယ်ဟ၊ မောင့်အမေ အရှိန်အဝါကြီးက မသေးလှဘူး၊ ပြီးတော့ ငါ့ကို သူ သဘောမကျရင် ဘယ်လိုလုပ်မလဲ ...

မောင်က သူ့ရဲ့တစ်ဦးတည်းသော သားလေ။ သူ့သားကို သူ့ရင်ခွင်ထဲကနေ ဆွဲထုတ်လုယူသွားမဲ့ မိန်းမဆိုပြီးတော့ သူက ငြိုးထားပြီး မုန်းနေရင် ဘယ်လိုလုပ်မလဲဟင်"

ဟု သူမက ထိတ်လန့် စိုးရွံ့စွာ ပြောမိသည်။

သူက အပြုံးမပျက်ပင် ...

"မေမေက သဘောထား ကြီးပါတယ် ယုဂန်ရဲ့၊ သားကို သိပ်ချစ်သလို ချွေးမလောင်းကိုလည်း သမီးလို ချစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မေမေက သမီး သိပ်လိုချင်တာလေ၊ အထူးသဖြင့် သူနဲ့ သိပ်တူတဲ့ သမီးတစ်ယောက် သိပ်တောင့်တတာ၊ ယုဂန်က မေမေနဲ့ နေရာတော်တော်များများမှာ တူတယ်၊ မေမေနဲ့ ဆုံကြည့်လိုက်ရင် ယုဂန် သိလိမ့်မယ်၊ မေမေက သိပ်တော်တဲ့ မိန်းမတွေဆို သိပ်သဘောကျ ချစ်တတ်တာ၊ ယုဂန်က သိပ်တော်တယ်လေ”

ဟု ယုံယုံကြည်ကြည်ပင် ပြော၏။ သူမကတော့ သူ့မေမေ၏ အရှိန်အဝါကြီးကို လန့်နေလေသည်။ သို့သော် သူ့ဆီက တစ်ဆင့်စကားများဖြင့်ပင် တော်တော်လေးစား အထင်ကြီးနေခဲ့ပြီးသားမို့ သူ့မေမေကို သူမ တွေ့ဆုံရင်းနှီးချင်စိတ်လည်း ရှိပါသည်။

နောက်တော့ နှင်းဆီတို့၊ ယုန္တယ်တို့ကပါ တိုက်တွန်းလှသည့်အတွက် စနေနေ့ကို သွားတွေ့ဖို့ သဘောတူလိုက်ရလေသည်။ ရင်ထဲမှာတော့ တထိတ်ထိတ် ရှိလှသည်။

ယောက္ခမလောင်းနှင့် သွားတွေ့ဆုံဖို့ အရေးကို အမေ့ကိုပင် ဖွင့်မပြောပြဖြစ်ခဲ့ဘဲ၊ ခါတိုင်းလိုပင် နှင်းဆီအိမ်မှာ





စာသွားကျက်မည်ဟု ပြောပြီး နှင်းဆီ အိမ်မှာပင် ရေမိုးချိုး၊ အလှပြင်ဆင်လေသည်။ နှင်းဆီက ဝါသနာပါသူပီပီ သူမကို လှလှပပ၊ သပ်သပ်ရပ်ရပ်ကလေးဖြစ်အောင် ပြင်ဆင်ပေးလိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ပထမဆုံး စတင်တွေ့လိုက်ရသော အလွန်လှပခန့်ညားပြီး ကျက်သရေရှိလှသော မျက်နှာနှင့်၊ လှိုက်လှဲဖော်ရွေစွာ ပြုံးနေသော အပြုံးသည်၊ သူမကို သိမ်မွေ့စွာပင် လွှမ်းမိုးသွားလေသည်။

မဟာနဖူးလှလှနှင့် ဆံထုံးပုံ့ပုံ့ကိုထုံးကာ၊ ကြည်လင်လှပသော အသားအရေ၊ နက်မှောင်တောက်ပသော မျက်လုံး၊ ဆေးဆိုးထားသော နှုတ်ခမ်းတို့ အားလုံးခြုံလိုက်လျှင် အင်မတန်ထက်မြက်တော်မော်သော ပညာရှိ မိန်းမတစ်ယောက်အဖြစ် မြင်ရလေသည်။ နားမှ စိန်နားကပ်မှာ ကြားခဲ့ဖူးသည့် သတင်းအတိုင်း အကြီးဆုံးပင် ဖြစ်မလားမသိ။





စိန်မိုက်ကယ်လ် အပွင့်နုပ်နုပ် ဇေဒါရောင်ဖျော့ဖျော့ကို ရင်စေ့လက်ရှည်နှင့် ဝမ်းဆက်ချုပ်ဝတ်ထားကာ လည်ပင်းမှ စိန်လော့ကက်မှာ ကြည်လဲ့တောက်ပနေလေသည်။

သူ မိတ်ဆက်မပေးခင်ကပင် ...

"လာ လာ သမီး၊ မေမေ မျှော်နေတာ၊ သမီးက သားပြောတာထက်တောင် ပိုလှသေးတာပါလား၊ ကျက်သရေရှိလိုက်တာ၊ မေမေက သမီး သိပ်လိုချင်တာ သမီးရဲ့၊ သမီး ငတ်နေတာ၊ သားက သမီးအကြောင်း အမြဲပြောပြတယ်၊ သိပ်တော်တဲ့ အကြောင်းပေါ့၊ မေမေကလည်း မိန်းကလေးဆိုတော်မှ ထက်မြက်မှ အရမ်းသဘောကျတယ်၊ ဂုဏ်ယူပါတယ် သမီး၊ ဝဲလကမ်း(မ်)ပါ၊ လာ လာ ၊ မေမေ့နားမှာ ထိုင်ပါ"

**မာ မာန်မာနကင်းစွာ လှိုက်လှဲနှစ်လိုစွာ ဖိတ်ခေါ်**သောအခါ သူမသည် ကြက်သီးမွေးညင်းများပင် ရှိန်းဖြာထရသည်အထိ ဝမ်းသာကြည်နူးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မိတ်ဆက်ပေးစရာတောင် မလိုတော့ဘူး၊ မေမေက ကျေနပ်နေပြီးသား၊ သူက မေမေနဲ့ တွေ့ရမှာ စိုးရိမ်နေတာ မေမေ"

"အို ... ဘာစိုးရိမ်စရာ ရှိသလဲ၊ နောက် အမြဲဝင်ထွက်ဝါ သမီးရယ်၊ မေမေက သမီးချစ်တတ်ပါတယ်၊ သားပြော တာတွေနဲ့တင် မေမေက ရင်းနှီးနေပြီးသား၊ သားက ပြောတယ်၊ 2nd M.B မှာတောင် သမီးက Anatomy နဲ့ Physio တော်တယ်ဆို"

"ဟုတ်ကဲ့ပါ အန်တီ၊ သမီး စိတ်ဝင်စားလို့ပါ၊ သူ အမြဲ ပြောပြောပြနေလို့ အန်တီက သမီးရဲ့ Rloe model ဖြစ် နေပါပြီ၊ အန်တီ့ကို သိပ်အားကျပါတယ်၊ သမီးလည်း ကြီးလာရင် O.G ပဲ လုပ်ချင်ပါတယ်"

သူမက မဝံ့မရဲ မဖြစ်တော့ဘဲ ချောချောမွေ့မွေ့ပင် တရင်းတနှီး ပြောနိုင်သွားပါသည်။

"တကယ်လား သမီး၊ အိုကေ ... အဲ့ဒါဆိုရင် မေမေ အကုန်သင်ပေးမှာပေါ့၊ မေမေ့ ခြေရာကို နင်းနိုင်အောင်





ကြိုးစားပေတော့၊ သမီးက တော်ပြီးသားပဲ၊ ကဲ ကဲ လာ ကြ၊ ထမင်းစားကြစို့၊ အားလုံး ပြင်ဆင်ပြီးနေပြီ"

ထမင်းစားခန်းသို့ အသွားတွင် သူ့မေမေက သူမ ခဲ့းကလေးကိုဖက်ခါ ခေါ်လာသဖြင့် သူမ ရင်ထဲတွင် ရှိန်းမြ လိုက်ဖိုနေလေသည်။ ပညာတွေ အလွန်တတ်သလောက် ဤမျှ သိမ်မွေ့ကြင်နာဟန် ရှိတာကို သူမက မယုံနိုင်လောက်အောင် ဖြစ်နေသည်။

သူမ မျှော်လင့်ထားမိသည်က မာန်မာနကြီး တစ်ခွဲ သားနှင့် အလွန် အထက်စီးနင်း ဆက်ဆံချင်မည့် ပညာတတ် မိန်းမကြီးတစ်ယောက် ဖြစ်သည်။ အခုတော့ ထိုသို့မဟုတ်။ တရင်းတနှီး ဖက်လှဲတကင်း ရှိလှတာကို ခံယူရတော့၊ သူမ က ကောင်းလှတာကို မယုံနိုင်အောင် ဖြစ်ရသည်။

"ကဲ ထိုင် သမီး၊ အားပါးတရ စားနော်၊ မေမေ့ကို ရှက် စရာမလိုဘူး၊ နောက်လည်း ကိုယ့်အိမ်ကိုယ်ရာ ဖြစ်လာ မဲ့အိမ်၊ ကိုယ့်အိမ်ကိုယ်ရာလို သဘောထားပြီးစား၊ သားက ဂရုစိုက်ပြီး ထည့်ပေး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ စားပွဲထိပ်တွင် နေရာယူလျက် ဖွန်းခက်ရင်းဖြင့် အဆင့်အတန်း ရှိလှစွာ လှလှပပ၊ ကြော့ရှင်းရှင်းစားတော့သည်။ သူမက မသိမသာကလေး အကဲခတ်ကာ အတုခိုး၍ လိုက်စားလေသည်။

သူ့မေမေကိုကြည့်ပြီး အမေ့ကို ဖျတ်ခနဲ သတိရလေသည်။ ဆံပင်တွေ တဖွေးဖွေးဖြူကာ ပါးရေတွန့်စပြုလျက် ပဒုမ္မာချည်ပါးအင်္ကျီ ခပ်နွမ်းနွမ်း၊ ချည်ထဘီ ခပ်နွမ်းနွမ်းရိုးရိုး မျက်လုံးများ မှုန်သီရီဝေကာ မျက်နှာမှာ သနပ်ခါးပင် မရှိတော့သော အမေ၊ သံဇလုံထဲတွင် ထမင်းရော ဟင်းပါ စုပြွန်းနယ်ဖတ်၍ ဖင်ထိုင်ခုံ အပုကလေးပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက် လက်နှင့် အားပါးတရ စားတတ်သော အမေ ...။ အမေ့အတွက် သူမ စိတ်မကောင်း ဖြစ်သွားရသည်။ အမေ့ကို သူမ ဂရုမစိုက်ခဲ့တာ ကြာပြီ။

သို့သော် ... သူမ ထမင်းပန်းကန်ထဲသို့ သူမ ဟင်းတွေ အလျှံပယ် ထည့်ပေးကာ၊ အရိပ်တကြည့်ကြည့် ဂရုစိုက် နေတာ မြင်ရလျှင် သူမသည် အိပ်မက်မှ လန့်နိုးလာသူလို အမေ့ ကို ပြန်မေ့သွား၏။





သူ့မေမေ ဖွန်းခက်ရင်း စနစ်တကျ ကိုင်တွယ်ပုံကို မသိမသာ အတုခိုး၍ သူ့မေမေလိုပင် လှလှပပ လိုက်၍စားလေသည်။

ထမင်းစားပြီးတော့လည်း စကားတွေ ဆက်ပြောဖြစ်ကြသည်။

"သားရဲ့ ဖေဖေ အင်္ဂလန်မှာ Psychiatrist လေ သမီး၊ သား ပြောပြတယ်မှလား၊ သမီးတို့ ကျောင်းပြီးတော့ အင်္ဂလန်ကူးပြီး Further study ထပ်ယူကြပေါ့၊ မေမေလည်း သင်ပေးပါ့မယ်၊ အိမ်ကို အမြဲလာနော် သမီး"

ဟု သူ့မေမေက ပြောလေသည်။

သူ့မေမေ၏ အရှိန်အဝါ တစ်ခုသည် သူမကို သို့ငင်ဆွဲဆောင်ထားလျက် ရှိသည်။ စိတ်ထဲမှာ ဘာကိုသဘောကျမှန်း မပြောတတ်ဘဲ သူမရဲ့ သူ့ရဲ့ကောင်းတစ်ယောက်လို ထက်မြက်ပညာတတ်လွန်းသော မိန်းမတစ်ယောက်ကို ကိုးကွယ် လေးစားစိတ်တွေ ဖြစ်လာသည်။ အထက်တန်းကျကျ ပြုမူလှုပ်ရှားတတ်သော အမူအရာ၊ အပြုအမူကလေးတွေကအစ သူမက မသိမသာ အတုခိုးမိလျက်သား ဖြစ်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုမျှား နိမ်ချအထင်သေးမလား၊ အဆင့်အတန်း ခွဲခြားမလားဟု ရင်တမမ ပူပန်ခဲ့သမျှသည် လွင့်စဉ်ပျောက်ပျက်ကုန်သည်။ နွေးထွေးပျူငှာသော လိုက်လှဲဖော်ရွေမှုသည် သူမကို သံလိုက်ဓာတ် တစ်ခုပမာ ဆွဲငင်ညှို့ယူလိုက်လေသည်။

သူ့မေမေကို ပို၍ လေးစားယုံကြည်လာသလို ပို၍လည်း ချစ်ခင်နှစ်လိုလာခဲ့မိသည်။ သူ့မေမေကို တစ်ချိန်ချိန်တွင် မေမေဟု ခေါ်ဖို့ပင် သူမ. အတွက် မခဲယဉ်းတော့၊ ဝန်မလေးတော့ပါ။

ဤမျှပင် သူ့မေမေက သူမကို လွှမ်းမိုးသိမ်းဆည်းနိုင်ခဲ့တာ ဖြစ်သည်။

* * *





ထိုအကြောင်းကို ထိုညကျမှ အမေ့ကို ပြန်ပြောပြတော့ အမေ့မှာ ဝမ်းသာလွန်းသဖြင့် တုန်ယင်နေခဲ့လေသည်။

"ငါ့သမီးလေး ကံကောင်းလိုက်တာကွယ်၊ ဒီလောက်အထက်တန်းလွှာ ပညာတတ် အသိုင်းအဝိုင်းထဲ ငါ့သမီးလေး ရောက်သွားတာ အမေတော့ ဂုဏ်ယူမဆုံးဘူး ...

အမေ မပြောခဲ့ဘူးလား၊ ငါ့သမီးဟာ ကောင်းစားဦးမှာလို့၊ ယောက္ခမတွေကလည်း ဆရာဝန်ကြီးတွေ၊ ပညာတတ်တွေ ဆိုတော့ သမီးအတွက် အမေ စိတ်ချရပြီ"

"အမေ ... သမီးကျတော့ သူ့အမေကို သွားတွေ့ရပြီး အမေ့ကိုကျတော့ သူ တရိုတသေ လာမတွေ့ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သမီး မတရားဘူးလို့ မနက်တုန်းက တွေးမိတယ်။ အဲ့ဒါ မနက်တုန်းက သူ့ကို မနက်ဖြန် အိမ်မှာ အမေ့ကို လာ တွေ့ဖို့ သမီး ပြောထားတယ်၊ သူက လာတွေ့ပါမယ်တဲ့"

ဟု သမီးက သိတတ်စွာပြောလျှင် အမေ့မှာ ပီတိ တဖြာဖြာဖြင့် ပြုံးရ၏။

"အမယ်လေး သမီးရယ်၊ ဒီကလေးနဲ့ အမေ အမြဲတွေ့ဖူး နေတာပဲ၊ သိပ်ယဉ်ကျေးချိုသာတဲ့ ကလေးပါ၊ ပညာတတ် ကလေး၊ လူလိမ္မာလေး သမီး သိပ်ပီသတာပဲ၊ အမေနဲ့ဆုံ တိုင်း တလေးတစား နှုတ်ဆက်ရှာပါတယ် သမီးရဲ့"

"မဟုတ်ဘူးလေ အမေရဲ့၊ ဟိုးအရင်တုန်းက တွေ့တာက သူငယ်ချင်းဘဝလေ၊ ခုဟာက သမီးတို့ ချစ်သူတွေဖြစ် သွားပြီးမှ အမေနဲ့မှ တွေ့မပေးရသေးတာ"

"အေးပါ သမီးရယ်၊ အေးပါ၊ သမီးသဘောပါ၊ ဒါပေမဲ့ အမေကတော့ မနေတတ်ပါဘူး၊ ဘာပြောရမယ်မှန်းလည်း မသိ၊ သင်းတို့ကို အရှမ်းသဘောတူတာပဲ ရှိပါတယ်"





တကယ်ပင် အမေ့မှာ မနေတတ် မထိုင်တတ် ဖြစ်ရ၏။ မနက်ဖြန်အတွက် ကြိုတွေးကာ အလိုလိုပင် ရင်ခုန်နေ သည်။ မနက်အစောကြီးထကာ သမက်လောင်းကလေးကို ကောင်းဝိုင်းဖြင့် ညှော်ခံနိုင်ဖို့ ဈေးသို့ ခပ်သုတ်သုတ်သွားကာ ကြက်သားရင်ပုံခြမ်းနှင့် ပုစွန်ကြွေး ခပ်ရွယ်ရွယ်ကလေးတွေ ဝယ်ရသည်။

အဲ့ဒီနောက်တော့ မီးဖိုထဲမှာ တကုပ်ကုပ်နှင့် ဖွယ် ဖွယ်ရာရာ ဖြစ်အောင် ချက်ပြုတ်ပြင်ဆင်လေတော့သည်။ ကြက် သားကာလသားချက်နှင့် ပုစွန်ဆီပြန်၊ မုန်လာဥချဉ်ရည်ဟင်းချို ငါးပိရည်၊ တို့စရာကို လှလှပပ ပြင်ဆင်သည်။ ချွေးတလုံးလုံး နှင့် အမေ ချက်ပြုတ်နေတာကို သမီးက သတိမထားမိ။ စာကြည့် စားပွဲပေါ်မှာ အရိုးခေါင်းကြီးတင်လျက် စာကျက်လို့ကောင်းဆဲ။

သမက်လောင်းကလေး ရောက်လာချိန်တွင် အမေ့ မျက်နှာမှာ ဆီကတဝင်းဝင်း၊ ဆံပင်တွေပေါ်မှာလည်း ပြာမှုန်တွေ ပေနေကာ ချွေးနံ့သင်းကြိုင်လို့ နေသည်။

"အမေ ... လင်းလျှံ ရောက်နေပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ... လာပြီသမီး၊ သားရေ အမေ ချက်ပြုတ်နေတာ အဆင်သင့်ပဲ၊ ထမင်းဝိုင်းလည်း ပြင်ပြီးပြီ တစ်ခါတည်း ပူပူနွေးနွေး ဝင်စားလိုက်နော်"

ဟု လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျာ။ အခေါ် ပင်ပန်းနေပြီ ထင်တယ်"

ကောင်လေးက ယဉ်ကျေးချိုသာသော အပြုံးကလေးဖြင့်ပြောကာ အမေ ပြင်ဆင်ထားသော ထမင်းဝိုင်းကုပ်ကုပ်သေးသေးကလေးဆီသို့ ထ,လာလေသည်။ ထမင်းစားပွဲဝိုင်းကလေးက်သေးလှသဖြင့် သမီးနှင့် သူကလေး စားသာရုံလောက်သာ ရှိ၏။

"အမေရော တစ်ခါတည်း ဝင်စားလေ"

ဟု သမီးက ခေါ်မြဲ။ အမေမှာ သမီးနှင့် ဘယ်တုန်းကမှ လက်ဆုံမစားခဲ့ပါ။

"စားကြပါ သမီးတို့ရယ်၊ သမီးတို့ နှစ်ယောက်ပဲ စားကြပါ။ အမေက မဆာဘူး"

ဟု ဆိုကာ ခပ်လှမ်းလှမ်းမှနေ၍ ယပ်တောင်တစ်ချောင်းဖြင့် ထိုင်ခပ်ပေးနေလေသည်။





အမေ့ အမူအရာမှာ အလိုလိုနေရင်း အောက်ကျို့လှသည့်ဟန် ပေါက်နေတာကို သူမက သတိပြုမိလေသည်။ သမက်လောင်းနှင့် မိခင် တွေ့ဆုံပေးခန်းမှာ အမေက သူ့အမေတုန်းကလိုဉာနေ့တစ်ခွဲသား၊ အထက်တန်းကျကျ ဝတ်စားဆင်ယင်ထားခြင်းမျိုး စိုးစဉ်းမျှ မရှိဘဲ၊ စုပ်စပ်နုပ်နုပ်ပင် ဝတ်စားထားကာ အမေကပင် သူ့ကို ပြန်ပြီး မျက်နှာချိုသွေးနေသည့်ဟန် ကျို့ကျို့ရို့ရို့ကလေးရှိကာ သူ့ကိုပင် မပြောရဲ၊ မဆိုရဲ ဖြစ်နေသော အမူအရာသည် သူ့မေမေနှင့် လုံးဝဆန့်ကျင်ဘက်ကြီး ကွဲပြားခြားနားနေတာကို သူမက စိတ်မကောင်း ဖြစ်ရသည်။

အမေသည် နေရာတကာတွင် သူမတူအောင် အလိုက်သိလွန်းတတ်တာ၊ ဘယ်တော့မဆို အရှုံးအလျှော့ကြိုတင်ပေးထားတတ်ကာ လူတကာကို အောက်ကျို့သဘောကောင်းလှစွာ ဆက်ဆံတတ်တာကို သူမ မသိမဟုတ် သိပြီးဖြစ်သည်။ သူမဘာမှ မတတ်နိုင်။

တကယ်ဆို သူမက အမေ့ကို ဖြစ်စေချင်သည်မှာ သပ်သပ်ရပ်ရပ် သစ်သစ်လွင်လွင်ကလေးတော့ ဝတ်စားထားစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ကာ လှူရှိသေအောင် အခန့်သားကလေးတော့ နေစေချင်သည်။ သို့ပေမဲ့ အမေ့ဗီဇကို သူမ သိပြီးသားမို့ ထူးပြီးပြောမနေတော့။

"စားလို့ကောင်းရဲ့လား သား"

"ကောင်းပါတယ် အဒေါ်"

အမေသည် ထိုမျှသာပြောပြီး တပြုံးပြုံးနှင့် သူမတို့ စားပြီးသား ပန်းကန်ခွက်ယောက်တွေကို သိမ်းဆည်းနေလေသည်။

"အမေ ... သမီး ကူသိမ်းပေးမယ်"

သူမက မနေနိုင် မထိုင်နိုင် ဝင်ပြောမိသည် အထိ ပင် အမေက သူမ၏ မိခင်တစ်ယောက်နေရာမှာ အကြော့သား ကလေး မနေဘဲ၊ အောက်သို့ဆင်းနေသည်။

"နေနေ ရတယ် သမီး၊ အမေ့ဘာသာ သိမ်းလိုက်ပါ့မယ်၊ သွား သွား၊ သမီးတို့ အိမ်ရှေ့ထွက်ကြပါ၊ အမေ ကော်ဖီ လာပို့ပေးမယ်"

"နေပစေတော့ အဒေါ်၊ ကျွန်တော် မသောက်တော့ပါဘူး"

"မဟုတ်တာပဲကွယ်၊ ခဏလေးပါ၊ မကြာပါဘူး၊ စကား ပြောနှင့်ကြပါ"





အမေသည် ချက်ချင်းပင် ချိုင့်ကလေးဆွဲကာ လမ်း ဆိပ်သို့ ကော်ဖီ အဝယ်ထွက်၏။

"အမေကလည်း၊ မဝယ်ပါနဲ့တော့ဆို"

သူမက မျက်နှာပျက်ပျက်နှင့် တားသော်လည်း အမေက ခပ်သွက်သွက် ထွက်သွားလေပြီ။

"အမေက သိပ်အပင်ပန်းခံတာပဲ၊ ငါ့အပေါ်လည်း သိပ် အလိုက်သိပြီး၊ အနွံတာ ခံတာပဲ၊ မလုပ်ပါနဲ့ပြောလည်း မရဘူး၊ အမေနဲ့သမီး နှစ်ယောက်တည်းရှိတာ ငါက ဘာမှမလုပ်နိုင်တော့ အမေကချည်း နိုင်ခံကြိုးလုပ်နေတာပဲ၊ ငါတော့ ငရဲများကြီးမလား မသိဘူး"

သူမသည် စိတ်မကောင်းသလိုလေး ပြော၏။

"အိမ်ဖော်ထားမလားဟင် ချစ်၊ ငါ့အိမ်က ကောင်မလေး ပို့ပေးထားမယ်လေ၊ ချစ်အမေ ကြည့်ရတာ သိပ်ပင်ပန်း ရှာမယ်၊ အသက်က ကြီးလာပြီ၊ ဂရုစိုက်ပါ ချစ်ရယ်၊ ငါတို့ ဆေးကျောင်းသားတွေ ဘဝက အဲ့ဒါတစ်ခုတော့ မကောင်းဘူးနော်၊ ကိုယ့်မိဘတွေအပေါ် မသိတတ်ရာ၊



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မကျေရာ ရောက်တယ်၊ ငါဆိုလည်း မေမေ့ကို ဘာမှ ပြန်လုပ်မပေးနိုင်ဘူး၊ တော်သေးတာပေါ့ မေမေက လည်း ဘာမှမလုပ်ရပါဘူး၊ ကြော့ကြော့ကလေး နေရတာ ပါ၊ အိမ်က ကောင်မလေးတွေကတင် သုံးယောက်ရှိတယ်၊ သူတို့ပဲ လုပ်တာ"

"မောင်ရယ်၊ နင်က ဟာသက ပြောပြန်ပြီ၊ ငါတို့သားအမိ တောင် ဆင်းရဲရတဲ့အထဲ နင်က အိမ်ဖော်ရှာပေးမတဲ့၊ ဟားဟား ...

အခုဆိုရင် ငါ့ကျောင်းစရိတ်တွေအားလုံးလိုလို နင် ပဲ ထောက်ပံ့ဖြည့်ဆည်းပေးနေတာ မောင်ရဲ့၊ အမေကတော့ ပင်ပင်ပန်းပန်း ဈေးရောင်းပြီး ငွေရှာရှာပါတယ်ဟယ်၊ ဒါပေမဲ့ နင်ပေးတဲ့ စာအုပ်တွေလောက် တန်ဖိုးကြီးတဲ့ စာအုပ်တွေမျိုး ငါ ဘယ်လိုဝယ်နိုင်မှာလဲ၊ အိပ်မက်တောင် မမက်နိုင်ဘူး ...

ငါ့ကို ပညာပါရမီ ဖြည့်ပေးတဲ့အတွက် နင့်ကျေးဇူး ကို ငါ တစ်သက်မမေ့ဘူး သိလား"





"အေး ... တစ်သက်မမေ့ရင် ကျေနပ်တယ်ကွာ"

သူမတို့ စကားပြောနေဆဲ အမေ ချိုင့်ကလေးနှင့် ပြန်ရောက်လာလေသည်။ အမေ့ နားထင်စပ်မှာ ချွေးစီးကြောင်း နှစ်ကြောင်း အပြိုင်ကျနေတဲ့ကြားက အမေ အပြုံးမပျက်ပါ။

"နေပူထဲမှာ အဒေါ်ရယ်၊ ပင်ပန်းလိုက်တာ"

"မပင်ပန်းပါဘူး သားရယ်၊ အမေက သောက်စေချင်လို့ပါ"

ဤသို့ဖြင့် အမေနှင့် သမက်လောင်း တွေ့ဆုံခန်း သည် အမေကပင် သူတို့ရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးနေရတာနှင့် ပဲ အဆုံးသတ်သွားလေသည်။

အမေက ဘယ်လောက်များလဲဆိုလျှင် ခပ်လှမ်းလှမ်း မှထိုင်ကာ သမီးနှင့် သမက်လောင်းကို ယပ်တောင်တစ်ချောင်း ဖြင့် ယပ်ခပ်ပေးနေခဲ့လေသည်။

ဍ ဍ ဍ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ယောက္ခမလောင်းဖြစ်သော အန်တီက သူမကို သူ ငယ်ငယ်ကနှင့် တူသည်ဟုဆိုကာ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါဆိုသလို မကြာခဏ အိမ်ခေါ်ဖိတ်ကာ ထမင်းအတူ စားလေ့ရှိသဖြင့် သူမတို့သည် တဖြည်းဖြည်း ပို၍ ရင်းနှီးသက်ဝင်လာခဲ့ပါသည်။ အံ့သြစရာကောင်းလောက်အောင်ပင် အန်တီက သူမကို သမီးတစ်ယောက်လို ချစ်ခင်ဂရုစိုက်ကာ နွေးနွေးထွေးထွေး ဖက်လှဲတကင်း ဆက်ဆံတတ်လေသည်။

သူမ ကြားဖူးခဲ့သမျှ ပညာတတ်၊ လူကုံထံမိန်းမလည်းဖြစ်၊ သားကလည်း တစ်ဦးတည်းသောသားဆိုလျှင် ယောက္ခမ





ဖြစ်သူက ချွေးမလုပ်သူကို အမုန်းအငြိုးသိုလျက် ပညာသားပါပါ စော်ကားနှိမ်ချကာ အထက်စီးနင်း ဆက်ဆံယှေ့ ရှိတတ်သည်။ ထိုအသိဖြင့်ပင် သူမက ပထမတော့ ယောက္ခမလောင်းနှင့်ဆိုလျှင် အလိုလိုရှိန်နေကာ ရှိုးတိုးရှန့်တန့် ဖြစ်သေးသည်။

နောက်တော့ တဖြည်းဖြည်း သိလာရသည် ၊ ယောက္ခမလောင်းက သူမအပေါ် သမီးတစ်ယောက်လို ရင်းနှီးချစ်ခင်စွာ ဆက်ဆံလျက် တကယ့်ကို လိုလိုလားလား ဆက်ဆံနေခြင်းကို ဖြစ်သည်။

သူမကိုတွေ့လျှင် အန်တီက မျက်နှာကလေးပြုံးကာ ရွှန်းရွှန်းစားစား စိုက်ကြည့်တတ်သည်။

သူမအတွက် ကော်ဖီကိုပင် ကိုယ်တိုင်ဖျော်ပေးတာကို သူမ လက်ခံရဖူးသည်။

“မေမေက ကော်ဖီကိုတော့ ကိုယ်တိုင်ပဲ စိတ်တိုင်းကျ ဖျော်သောက်တတ်တယ် သမီး၊ သမီးကို မေမေ့လက်ရာ ဖျော်တိုက်မယ်၊ သမီးက အခါးကြိုက်သလား၊ အချိုကြိုက်သလား”



www.burmeseclassic.com

www.burmeseclassic.com



"အို၊ နေပါစေ အန်တီရယ၊ သမီးဘာသာ ဖျော်ပါမယ်၊ လူကြီးက ပြန်ဖျော်တိုက်ရမယ်လို့ မဟုတ်တာ"

"နောက်တော့ သမီးက ဖျော်တိုက်ပေါ့ သမီးရဲ့ ဒီတစ်ခါ အန်တီ ဖျော်ပြမယ်၊ အန်တီ့လက်ရာကို သမီးမိအောင်သာ ဖျော်ပေးတော့"

ဟုဆိုကာ အန်တီက ကော်ဖီအစပ်အဟပ် အချိုး အဆကိုပါပြရင်း ဖျော်ပြသွားခြင်း ဖြစ်သည်။

နောက်ကျတော့ သူမက ထိုအစပ်အဟပ်ကို မှတ် ထားကာ သူမကိုယ်ကိုင် ဖျော်ကြည့်လေသည်။ အန်တီက သောက်ပြီးချီးကျူးလို့မဆုံး။

"ကြည့်စမ်း ... သမီးက တကယ်တော်တယ်၊ အန်တီ့ အကြိုက်ကို ကွက်တိပဲ၊ ကဲ ... နောက်ကို သမီးပဲ ဖျော် တော့"

နောက်ဆို သူမ သူ့အိမ်သို့ရောက်တိုင်း သူမက သူမတို့သုံးယောက်သောက်ဖို့ ကော်ဖီကို စိတ်ပါလက်ပါပင် တာဝန် ယူဖျော်တတ်လာခဲ့၏။





အန်တီ့ဆီရောက်တိုင်း သူမအတွက် ပညာတစ်ခု မဟုတ် တစ်ခုတော့ တိုးမြဲဖြစ်သည်။ 2nd M.B စာများကို အန်တီ က အချိန်ရရင် ရသလို သင်ပေးတတ်သေးပြန်ရာ အန်တီသည် သူမ၏ ဆရာမပါ အလိုလို ဖြစ်လာခဲ့တော့သည်။ သူမသည် အန်တီ့ကို အထင်လည်းကြီးသည်။ လေးလည်း လေးစားသည်။ ပြီးတော့ ချစ်လည်း ချစ်လေသည်။

ရှိခဲ့ဖူးသမျှ ချွေးမလောင်းနှင့် ယောက္ခမလောင်းတို့ ဆက်ဆံရေးများတွင် သူမနှင့် အန်တီတို့ ဆက်ဆံရေးသည် ပြေပြစ်ဆုံးနှင့် အသိမ်မွေ့ဆုံး ဖြစ်လိမ့်မည်။ အန်တီသည် သူမကို သမီးတစ်ယောက်လို ဆင်တတ်သေး၏။

"သမီး ... ဒီပိတ်စတွေ သမီး ဝမ်းဆက်ကလေးတွေ ချုပ် ဝတ်လိုက်၊ သိပ်လှတာပဲ၊ အဆင်နုနုကလေးတွေ ဘိုဆန်က ဆန်နဲ့၊ အန်တီက သမီးမရှိတော့ သမီးကို ဆင်ချင်တာ အရမ်းပဲ၊ သားကိုကျတော့ ဆင်လို့မရ ...

ရော့ ... ဒီဖိနပ်လေးပါ စီးကြည့်၊ အန်တီ့ခြေထောက် နဲ့ သမီးခြေထောက်က အရွယ် မတိမ်းမယိမ်းပဲဆိုတော့ တော်ဖို့များတယ်၊ ယူလိုက်သမီး"



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ သူမကပင် အားနာယူလာရ၏။

"အန်တီရယ်၊ သမီးက အမြဲချည်း ယူနေရတော့ အား
လာပြီ၊ သမီးဘက်က ဘာမှ ပြန်ပေးနိုင်တာ မရှိ
အန်တီကချည်း အမြဲပေးနေတယ်"

ဟု သူမက ပြောမိတော့ အန်တီက ပြုံးကာ

"သမီးက မပေးဘူးလို့ ဘယ်သူ ပြောသလဲ၊ သမီး
ခဲ့တာပေါ့၊ သားကို ချစ်ခဲ့တာ၊ ရိုးသားဖြူစင်တာ၊ မေ
အပေါ် ရှိသေလေးစားတာ၊ ဒါတွေ သမီး ပေးခဲ့တာပဲ
သမီးမှာ အဆိပ်မဲ့တပ်၊ မေမေ သားအတွက် အမြဲ ပူ
စိုးရိမ်ခဲ့ဖူးတယ်၊ သားဟာ ဘယ်လိုမိန်းကလေးမျိုးနဲ့
တွေ့မလဲပေါ့၊ ဟော့ဟော့ရမ်းရမ်းနဲ့ ရိုင်းပျတဲ့ မိန်းက
ဆို သူ့ဘာသာသူ ဘယ်လောက်ကြီးပဲ ပညာတွေတတ်
စေ၊ မေမေ ဘယ်ချစ်နိုင်မလဲ ...

သမီးကျတော့ ငြိမ်းချမ်းပြီး အပြစ်ကင်းတယ်
သားကိုလည်း စိတ်ချမ်းသာ ပျော်ရွှင်မှု ပေးနိုင်တယ်
မေမေက သားကိုချစ်တဲ့နေရာမှာ တစ်ကိုယ်ကောင်း မဆ
ဘူး၊ အတ္တမကြီးဘူး သမီး ...





သားစိတ်ချမ်းသာရင် မေမေလည်း စိတ်ချမ်းသာ
တယ်၊ သားပျော်ရင် မေမေလည်း ပျော်တယ်၊ ဒါကြောင့်
သားချစ်တဲ့ သမီးကိုလည်း မေမေ ချစ်တယ်"

ဟု ပြန်ပြောစဉ် သူမမှာ ကြက်သီးမွေးညင်းဖြာလျက်
ကြည်နူးချမ်းမြေ့ရလေသည်။ အန်တီ့ကို ပို၍ နားလည်လာကာ
ပို၍လည်း ချစ်ခင်ရိုသေလာခဲ့သည်။ တဖြည်းဖြည်းနှင့် မိသားစု
ကလေးသဖွယ် တရင်းတနှီး ဖြစ်လာကြသည်။ သူမသည်
အန်တီ့ဆီမှ များစွာအတုခိုးတတ်၏။

အန်တီ့ရဲ့ ပြောပုံဆိုဟန်၊ စကားပြောရင် အင်္ဂလိပ်
လိုကလေးတွေ ကြားညှပ်သုံးစွဲတတ်တာအစ သူမ အတုယူသည်။
စားဟန်သောက်ဟန်၊ ဇွန်းခက်ရင်း ကိုင်တွယ်ပုံကိုကအစ သူမ
တိတ်တဆိတ်သင်ယူ၏။ ဝတ်ပုံစားပုံ ဆိုရင်လည်း အန်တီက
ရင်စေ့လက်ရှည်၊ လက်စကများကို အရောင်နုနု ဘီဆန်ဆန်ကလေး
တွေ ဝမ်းဆက်ဝတ်တတ်ကာ ဒေါက်မြင့်ဖိနပ်လှလှများ စီးလျက်
ကြော့ကြော့ကလေး လမ်းလျှောက်တတ်၏။ မိချောင်းသားရေအစစ်
လက်ကိုင်အိတ်ကို လက်ကောက်ဝတ်တွင် ကျကျနနချိတ်၍ ကိုင်



www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ အန်တီ့အခန်းထဲတွင် အန်တီကိုင်သော လက်ကိုင်အိတ်တွေကို သားရေအိတ်ဆိုင်တစ်ဆိုင် ဖွင့်လို့ရအောင်ပင် မှန်ဗီရိုနှင့် ကျကျနန ထည့်သွင်းထားသည်မှာ အလုံးပေါင်း ရာနီးပါးရှိမည်။ ဖိနပ်တွေ ဆိုရင်လည်း လေဒီရှူးမျိုးစုံ၊ ပဲန်ဆယ်လ်ဟီးလ်မျိုးစုံ၊ ဒေါက်ဖိနပ်ရောင်စုံတို့ကို မှန်ဗီရိုနှင့် စနစ်တကျ ထားလေသည်။ အဲ့ဒီလိုပဲ ရေမွှေးပုလင်း အမျိုးအစား အစုံအလင်၊ Skin care များ မိတ်ကပ်ပစ္စည်း၊ နှုတ်ခမ်းနီများ စုံလင်စွာ ရှိသလို၊ လက်ဝတ် ရတနာတွေ အမျိုးပေါင်းစုံလင်စွာ Set လိုက်စီ သူမကို ထုတ်ပြဖူးလေသည်။

"အဲဒါတွေအားလုံး တစ်နေ့တော့ သမီးကိုပဲ အမွေပေးပစ်မှာ ..."

ဟု ဆိုသေးသည်။

"သမီးက ပစ္စည်းတွေ မလိုချင်ပါဘူး အန်ပါ၊ အန်တီ့လို ဖြစ်ချင်တာ၊ ပညာတွေပဲ အရမ်းတတ်ချင်တာ၊ ဆရာဝန်တစ်ယောက်မှာတောင် ရိုးရိုးဆရာဝန် မဖြစ်ချင်ဘူး၊ အန်တီ့လိုပဲ ထက်မြက်ထင်ရှားတဲ့ O.G ဖြစ်ချင်တာ"





သူမက တလက်လက် စူးလက်လာသော မျက်လုံးများဖြင့် ထက်ထက်သန်သန် ပြောလေသည်။

"ဖြစ်ရမှာပေါ့ သမီးရဲ့၊ သမီးက အရမ်းတော်တာပဲ၊ မေမေလည်း သင်ပေးမှာပေါ့၊ ဒီမှာကြည့် မေမေ သမီးတို့အတွက် Plan ချပေးမယ် ...

3rd M.B ရောက်ရင် သမီးတို့ စေ့စပ်ထားလိုက်ကြတော့၊ ဘာဖြစ်လို့လဲဆိုတော့ သမီးနဲ့သားက အမြဲတတွဲတွဲ စာကျက်နေရတာ၊ နှစ်ယောက်အဖော်ရှိတော့ ပိုလည်းအင်အားရှိတယ်၊ ပြီးတော့ သမီးလည်း မေမေတို့အိမ်ကို ဝင်ရထွက်ရတာ ပိုပြီး ပိုင်နိုင်လွတ်လပ်လာမယ်၊ လူပြောစရာလည်း မလိုတော့ဘူး၊ သူတို့ စေ့စပ်ထားတာပဲလို့ လူတွေက ကြည့်ဖြူသဘောပေါက်ကြမယ်။

Final Part(I) ကျတော့ သမီးတို့ လက်ထပ်လိုက်ကြတော့၊ Part(I) ကျတော့ P.S.M အတွက် Field Trip ထွက်ရတယ် သမီးရဲ့၊ လက်ထပ်ထားပြီးသားဆိုတော့ ခရီးအတူထွက်လို့လည်း တင့်တယ်တယ်၊ လူပြောမခံရတော့ဘူးပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကလေးတော့ မယူနဲ့ဦး၊ Paart(II) ကျ
တော့ အခက်ခဲဆုံးတောင်ကို သမီးတို့ ကျော်လွှားရဦးမှာ
ကလေးသံယောဇဉ်နဲ့ဆို မလွယ်ဘူး၊ အချိန်လည်း ပေးနိုင်
မှာ မဟုတ်ဘူး၊ Part(II) အောင်ပြီးတော့ House surgeon
ဆင်းချိန်ကျတော့ ကလေးယူလိုက်တော့၊ အိုလေ ... ဘာ
ပြဿနာမှ မရှိဘူး၊ မေမေလည်း ရှိတယ်၊ မေမေ ကူထိန်း
ပေးလို့ ရတယ် ...

House ပြီးတာနဲ့ သမီးတို့နှစ်ယောက် I.E.L.T.S
ဖြေဖို့လုပ်တော့၊ ပြီးတာနဲ့ အင်္ဂလန်ထွက်၊ PLAB စာမေးပွဲ
ဖြေ၊ အလုပ်လုပ်ရင်းနဲ့ M.R.C.OG ဖြေ၊ သားကတော့
Surgeon ဝါသနာပါတယ်၊ သူကျတော့ F.R.C.S ဖြစ်အောင်
လုပ်ပစေ၊ မြေးကလေးကို မေမေပဲ တာဝန်ယူပြီး ပို့ထောင်
ပေးမယ်၊ ဒါမှ မဟုတ်လည်း မေမေတို့ပါ တစ်ခါတည်း
လိုက်ခဲ့မယ်၊ ဟိုမှာ သားဖေဖေက သားကို လာစေချင်လှ
ပြီ"





ဟု တစ်ထိုင်တည်းမှာပင် သူမတို့ တစ်ဘဝလုံးစာ
တွက် စနစ်တကျ အစီအစဉ် ဆွဲပေးသွားသောအခါ၊ သူမမှာ
န်တီ တော်လိုက်တာဟု တအံ့တသြ ရင်သပ်ရှုမော ဖြစ်ရလေ
သည်။

"ကျေးဇူးတင်ပါတယ် အန်တီ၊ အန်တီက သမီးတို့ဘဝ
အတွက် လမ်းပြကြယ်ပါပဲ"

"ကဲ ... သမီးက မေမေ့ကို ကျေးဇူးတင်ရင် မေမေလို့
ခေါ်တော့လေ၊ ဘယ့်နှယ်ကြောင့် အန်တီလို့ ခေါ်နေရတာ
လဲ၊ စိမ်းလိုက်တာ အရမ်းပဲ၊ မေမေလို့ ခေါ်တော့လေ၊
သားနဲ့ ပတ်သက်ပြီးမှ သမီးကို မေမေ ရင်းနှီးခဲ့ရပေမဲ့
မေမေတို့မှာ ရှေးရေးဘဝက ရေစက်ပါလာခဲ့ပုံ ရတယ်၊
သမီးကို သမီးရင်းလေး တစ်ယောက်လိုပဲ မေမေ ချစ်တယ်၊
သမီးက မေမေ့ရဲ့ မွေးစားသမီးလေးပေါ့ ..."

တစ်ဖက်က ဤမျှ မယုံနိုင်လောက်အောင် ကောင်း
မှု လွန်ကဲနေသောအခါ ... သူမသည် အလိုလိုပင် တိမ်းညွတ်
မိမ်းယိုင်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ သူမသည် အန်တီကို "မေမေ" ဟု

စ၍ ပြောင်းလဲခေါ်ဖြစ်ခဲ့လေသည်။

* * *





မေမေ ဈေးထဲမှာ မူးလဲသော သတင်းသည် တစ်ဈေးလုံး ပျံ့နှံ့သွားတော့သည်။

"ဆေးခန်း အမြန်ပို့၊ ဆေးခန်း အမြန်ပို့ …"

ဈေးသူဈေးသား အချင်းချင်း ယိုင်းပင်းကူညီလေ့ရှိသော ထုံးစံအတိုင်း အမေ့ကို နီးစပ်ရာ ဆေးခန်းတစ်ခုဆီသို့ အမြန်ဆုံး ပို့လိုက်ကြရလေသည်။ ဆရာဝန်က သွေးပေါင်ချိန်ကြည့်ပြီး …

"အဒေါ့်သွေးပေါင်ချိန်ဟာ ၁၅၀-၁၀၀ တောင်ရှိနေတယ်၊ သွေးတိုးနေတာ၊ အဒေါ့်မှာ သွေးတိုးရောဂါ ရှိနေတာ သိလား အဒေါ်၊ ဒီရောဂါဟာ စိုးရိမ်ရတယ်၊ သွေးတစ်ချက် ဆောင့်တိုးလာရင် ဦးနှောက်သွေးကြော ပြတ်တဲ့အထိ အန္တရာယ် ရှိနိုင်တယ်၊ လေဖြတ်နိုင်တယ် …



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အဒေါ် အစားအသောက် ဆင်ခြင်ရမယ်၊ အငန်တွေ၊ ငါးပိ ငံပြာရည်၊ ဝက်သားတို့၊ အုန်းနို့တို့ ရှောင်ရမယ်၊ ကျွန်တော် သွေးကျဆေး ပေးလိုက်မယ်၊ ဆေးတော့ မှန်မှန်သောက်ရမယ် အဒေါ်"

"ကျွန်မက နေ့တိုင်း ငါးပိကောင်နဲ့ ထမင်းနယ်ပြီး စားနေကျ ဆရာရယ်၊ အဲ့ဒါ စားလို့မရတော့ဘူးလား"

"ဟာ မစားနဲ့ ... မစားနဲ့၊ မရဘူး ....၊ ငါးပိကောင်ဆိုတာ ဆားတွေအများကြီး သိပ်နယ်ထားတာ၊ သွေးတိုးစေတာ အဓိက အဲ့ဒါပဲ၊ ဒီနေ့ကစပြီး ဖြတ်လိုက်တော့ အဒေါ်"

ဟု ဆရာဝန်ကပြောတော့ အလွယ်ကလေးပင်။ အမေသည် မျက်စိမျက်နှာပျက်စွာ ငြိမ်သက်တွေဝေသွားလေသည်။ ငါးပိကောင်နှင့် ထမင်းကို နယ်ပြီးစားလာခဲ့သည်မှာ နှစ်နဲ့ချီနေပြီမို့ အရိုးစွဲနေပြီ။ ငါးပိကောင်နှင့် မစားရတော့လျှင် ဘာနှင့်စားရမည်နည်း။

အမေ့ကို အိမ်သို့ ပြန်ခေါ်လာခဲ့ကြကာ နားနားနေနေ နေနိုင်ကြသည်။





"ဆိုင်ကို စိတ်မပူနဲ့ မမြမို၊ ကျွန်မ ရောင်းပေးထားမယ်၊ ညနေကျတော့ ပိုက်ဆံတွေ လာရှင်းပေးမယ်၊ ရှင့်သမီးကို ကျောင်းအထိလိုက်ပြီး အကြောင်းကြားပေးရမလား၊ မောင်ကျော့ကို လွှတ်လိုက်မယ်"

"အမယ်လေး... မလွှတ်နဲ့၊ မလွှတ်နဲ့၊ ကိစ္စမရှိဘူး၊ ကျွန်မ ဘာမှမဖြစ်ဘူး၊ သမီးက ခုရက်ပိုင်း စာမေးပွဲတွေရှိလို့ သူ့သူငယ်ချင်းအိမ်တောင် သွားအိပ်ပြီး စာကျက်နေရတာ၊ သမီးကို သွားမခေါ်နဲ့၊ ကျွန်မ သက်သာပြီ"

ဟု အမေက ပျာပျာသလဲ ပြောလေသည်။

"ဟင် ... ဒါဆို ရှင့်သမီးက ဒီည အိမ်ပြန်မလာဘူးလား"

"မနက်ကတည်းက သမီး ပြောသွားတယ်၊ သမီးတို့ စာမေးပွဲရက်အတွင်း ဒီအိမ်ကို ပြန်မလာတော့ဘူးတဲ့၊ သူ့သူငယ်ချင်းတွေနဲ့အတူ စာကျက်ပြီး ဟိုအိမ်ကနေပဲ စာမေးပွဲသွားဖြေမှာတဲ့ ..."

"ဒီည ရှင် တစ်ယောက်တည်း ဖြစ်နေတော့ အရေးဟယ် အကြောင်းဟယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ ကျွန်မ လာအိပ်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မအေးမိရယ်၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး၊ ကျွန်မ နေတတ်ပါတယ်။ သမီးမရှိတဲ့ ညတွေမှာ ကျွန်မ အားငယ်ပေမဲ့ နေတတ်အောင် ကြိုးစားပြီးနေပါတယ်၊ ဆေးသောက်ပြီးတော့ ကျွန်မ သက်သာနေပါပြီ"

ဟုဆိုကာ အမေက မအေးမိကို အားနာသောကြောင့် ခေါင်းမှာမှာနှင့် ဖွတ်ပေကပ်ကာ တစ်ယောက်တည်းပင် ကြိုးစား၍ အိပ်လေသည်။

ညကျတော့ သမီးကို သတိရ တမ်းတလွမ်းသောကြောင့် အမေသည် မျက်ရည်များကျကာ သမီးမအိပ်ဖြစ်သော အမေ့ဘေးက သမီးနေရာကလေးဆီ လှမ်းကြည့်ရင်း တစ်ယောက်တည်း စကားတွေ ပြောမိလေသည်။

"သမီးရယ် ... သမီးကို အမေ လွမ်းလိုက်တာ၊ အခုလို နေမကောင်းတော့ အမေ သိပ်အားငယ်တာပဲ၊ သမီးရှိရင် သိပ်ကောင်းမှာပဲ၊ သမီး မျက်နှာလေးကို မြင်ရရင် အမေ သက်သာမှာပါ၊ သမီးကိုလွမ်းပြီး အမေ သွေးတိုးတာပါ သမီးရဲ့၊ ပြန်လာခဲ့ပါတော့ သမီးရယ်၊ သမီးရဲ့ စကားသံတွေလည်း အမြန်ပြီးပါတော့ ...





အမေ သမီးနဲ့ အတူနေ၊ အတူစား၊ အတူအိပ်ချင်လှပါပြီ၊ စကားတွေလည်း အများကြီး ပြောချင်လှပါပြီ၊ သမီးရယ် ... ဆရာဝန်မကြီး မြန်မြန်ဖြစ်ပါတော့။ သမီးနဲ့လည်း အမေ ခွဲမနေနိုင်တော့ဘူး ...။ သမီးနဲ့ တစ်ရက်ခွဲရရင် အမေ အသက်တစ်ရက်တိုတယ် သမီးရဲ့"

ပြောရင်း ဝမ်းနည်းလာကာ အမေသည် တစ်ယောက်တည်း ရှိုက်ငင်လျက် ရှိလေသည်။

ညသည် အမေ့အတွက် မှောင်မိုက်ခြောက်သွေ့လွန်း...သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



2nd M.B အောင်လျှင် 3rd M.B တွင် ဆေးရုံ စဆင်းရကာ လူနာတွေနှင့် ထိတွေ့ရတော့မည်မို့ မေမေ(အန်တီ) History taking ယူနည်း၊ လူနာကို စမ်းသပ်နည်း၊ သွေးခုန်နှုန်း တိုင်းနည်း၊ ပရက်ရှာတိုင်းနည်း စသော နည်းများကို ကြိုတင်ပြီး သင်ပေးထားလေသည်။

မေမေ အသင်တော်သဖြင့် Anatomy သည် အတွက် ပို၍ စိတ်ဝင်စားဖွယ် ကောင်းလာကာ Embryo သည် မခက်ခဲတော့။ သူ့ဆေးရုံကတစ်ဖက်၊ ဆေးခန်းတစ်ဖက် လူနာတွေတစ်ဖက်နှင့် မအားလပ်သည့်ကြားမှ အချိန်ရှာ သူနှင့် သူမကို စာသင်ပေးတတ်သော မေမေ့ စေတနာကို အတော်လေးစားရလေသည်။





မေတ္တာဆိုသည်မှာ တစ်ဖက်က လှိုက်လှိုက်လှဲလှဲ ပံ့အောပေးလာသောအခါ သူမဘက်ကလည်း အလိုက်တသိ တုံ့ပြန်မိလာခဲ့သည်။

သူမတို့ စာမေးပွဲပြီးချိန် သူနှင့်အတူ မေမေ့ဆီသို့ သူမ အလည်လိုက်သွားခဲ့ချိန်တွင် ...

"သမီးရယ် ... မေမေ ပရက်ရှာတက်ချင်လား မသိဘူး၊ ခေါင်းတွေမူးပြီး နေလို့မကောင်းဘူး"

ဟု ပြောသောအခါ သူမက အလိုက်တသိပင် ...

"သမီး ပရက်ရှာ တိုင်းပေးမယ်လေ"

ဟု ဆိုကာ နားကြပ်နှင့် ပရက်ရှာတိုင်းသည့် ကိရိယာကို ယူလျက် ပရက်ရှာ တိုင်းပေးသည်။ သူက သူမ မေမေ့ကို ဂရုတစိုက် လုပ်ပေးနေတာကို မြတ်နိုးကြည်နူးဟန်ဖြင့် ငေးကြည့်နေလေသည် ...။

"ဟုတ်တာပေါ့ မေမေ ပရက်ရှာ နည်းနည်းတက်နေတာ ဝမ်းသာတိ နိုင်းတိ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ဆေးတိုက်ပါလား သမီးရယ်၊ ဟိုစင်လေးပေါ်မှာ မေမေ သောက်နေကျ ဆေးခြင်းလေး ရှိတယ်၊ ယူပေးနော်"

သူမက ဆေးခြင်းကလေးပါ ယူပေးပြီး ရေခဲသေတ္တာထဲမှ ရေအေးအေးကလေးပါ သွားယူလာပေးသည်။

"မေမေ့မှာ ပရက်ရှာရှိတယ် ဟုတ်လား"

"နည်းနည်းပါ သမီးရယ်၊ သိပ်ပင်ပန်းလာရင်၊ အိပ်ရေးပျက်တာ များလာရင် ပရက်ရှာက တက်ချင်လာတယ်၊ ခုတလောက ညပိုင်းတွေချည်းပဲ မွေးလူနာတွေ သွားသွားမွေးပေးနေရတာနဲ့ အိပ်ရေးတွေပျက်တယ် သမီး"

"မေမေ ဘာစားချင်လဲဟင်၊ သမီး တစ်ခုခု လုပ်ပေးမယ်လေ၊ သမီးတို့ စာမေးပွဲတွေ ဖြေပြီးသွားပြီ၊ သိပ်မကြာခင်တော့ Final ဖြေရတော့မယ်"

"မေမေ ကြက်သားသုပ်ကလေး စားချင်တယ် သမီးရယ်၊ စွပ်(ပ်)ကလေး အရင်လုပ်ပြီးမှ အသားကိုနွှင်ပြီး သုပ်တာလေ၊ မငံနံစေနဲ့သမီး ခပ်ပေါ့ပေါ့လေးပဲနော်"

"ဟုတ်ကဲ့၊ စိတ်ချပါ မေမေ"





သူမက သူ့ကိုပါ မျက်ရိပ်ပြ ခေါ်ခဲ့ပြီး မီးဖိုခန်းသို့ ဝင်လာခဲ့သည်။ သူက သူမ ခေါင်းကို ဖွဖွပုတ်ကာ ...

"အရမ်း လိမ္မာတာပဲ၊ သမီးအလိမ္မာလေးပေါ့လေ၊ အဲဒီလိုတွေ အလိုက်သိလို့ မေမေက သမီး သမီးနဲ့ စွဲနေတာ သိလား"

ဟု ရွှင်ပျပျ အသံဖြင့် ပြောလေသည်။

"အံမယ် ဒါ နည်းတဲ့ မေတ္တာ မဟုတ်ဘူးနော် မောင်၊ ကိုယ်က အိမ်မှာဆို ဘာမှလုပ်တာ မဟုတ်ဘူး၊ ဒီလို ကြက်သားကြီးကိုကိုင်ပြီး လှီးဖို့ ချွတ်ဖို့ ဆိုတာကို စိတ်တောင် မကူးဘူး၊ အားအားရှိ စာပဲကျက်နေတာ၊ အမေကပဲ ထမင်းပွဲရှေ့ရောက် ပြင်ဆင်ပေးတာ သိလား ..."

အမေကလေ ချစ် ကျောင်းက ပြန်လာပြီဆိုတာနဲ့ ဟင်းတွေပူအောင် ပြန်နွှေးပေးပြီး ထမင်းပွဲ ပြင်တော့တာပဲ၊ ချစ် ရေချိုးနေပြီဆို သနပ်ခါးသွေးပေးထားတာ၊ ဘယ် နှိမ့်ပြောလို့မရဘူး၊ ချစ်အဝတ်တွေဆို ဦးအောင်မိုးခိုးပြီး လျှော်ပေး၊ မီးပူတိုက်ပေးထားတာ၊ ဘာမှကို မလုပ်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဖရိုဇာထဲမှ ကြက်တစ်ကောင်ကို ခုတ်ထ ပိုင်းရင်း သူ့ကို အမေ့အကြောင်း ပြောပြနေသည်။ ချက်ပြုတ်ေ နေကျ ဒေါ်ဒေါ်အေးက သူမ တစ်ခါတလေ မီးဖိုချောင် ဝင်တာ လွှတ်လွှတ်လပ်လပ် ချက်ရအောင်ဆိုကာ ရှောင်ထွက်သွားေ သည်။

"ချစ်အမေက ချစ်ကို သိပ်ချစ်တာပဲနော်၊ အမေကော ေ ကောင်းရဲ့လား၊ သူ့ခမျာ တစ်ယောက်တည်း"

"ဟုတ်တယ် ... စာမေးပွဲရှိတဲ့ တစ်ပတ်လုံးလုံး အမေ့ဆီ မပြန်ဖြစ်သေးဘူး၊ ဒီနေ့ စာမေးပွဲပြီးတော့လည်း မောင်ေ အတင်းခေါ်လာတာကိုး၊ ဒီကနေ ပြန်မှပဲ အမေ့ဆီ ပြန်ေ တော့မှာ၊ အမေ နေကောင်းရဲ့လား မသိဘူး"

"စိတ်ချပါ ချစ်ရာ၊ ကိုယ် ပြန်လိုက်ပို့ပေးပါ့မယ်"

ကြက်သားကို ဂျင်း၊ ကြက်သွန်ဖြူတို့နှင့် စွပ်ပြု ဖြစ်အောင် အရင်ပြုတ်ထားလိုက်ပြီးမှ ကြက်သားနူးသွားလျှ အသားမျှင်တွေကိုနွှာပြီး ခရမ်းချဉ်သီးနှင့် အချိုသုပ်ကလေး သု ပေးလိုက်လေသည်။





အမေ့အိမ်မှာ ဘာမှ မလုပ်မကိုင်ဖူးပေမဲ့ အခု လုပ် တော့မယ် ဆိုခါနီးမှာ ဒေါ်ဒေါ်အေးကို နည်းနိသျတွေ မေးမြန်း အားပြီးသားမို့ သိပ်တော့ မခက်လှပါ။

ကြက်သားသုပ်နှင့် စွပ်ပြုတ်ရလျှင် ယွန်းဇန်းကလေး ထဲ လုလုပပ ထည့်ယူလာကာ မေမေ့ အခန်းဆီသို့ သူနှင့်အတူ င်လာခဲ့၏။ သူမကိုမြင်တော့ မေမေက မျက်နှာကလေး ပြုံးချို ဘောက်ပကာ ...

"လိမ္မာလိုက်တာ သမီးရယ်၊ သိပ်ကျေးဇူးတင်တာပဲ၊ မေမေ့ သမီးလေးသာ ဖြစ်လိုက်ပါတော့"

ဟု မြတ်နိုးသဒ္ဒါသံဖြင့် ဆိုလေသည်။ သူမရဲ့ ထေမဆုံး လက်ရာ ကြက်သားသုပ်နှင့် စွပ်ပြုတ်ရည်ကို မြည်း ရင်း ...

"အံမယ် ... တယ်ကောင်းပါလား၊ ကြည့်စမ်း၊ အရသာရှိ လိုက်တာ"

စသဖြင့် ချီးကျူးမဆုံးသဖြင့် သူမက ကျေကျေနပ်နပ် င် ပြုံးလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ သမီးလည်း ထမင်းစားကြလေ၊ သမီး အေးအေး ဆေးဆေးမှ ပြန်နော်၊ မေမေနဲ့ စကားပြောရအောင်"

ဟု မေမေက ဆွဲထားသဖြင့် သူမမှာ အိမ်သို့ပြန် ချင်သော်လည်း တော်တော်နှင့် မပြန်နိုင်ချေ။

ညနေစောင်းမှပင် သူက သူမကို အိမ်သို့ပြန်ပို့ပေး လေသည်။

"မောင် မတက်တော့ဘူးနော်၊ မနက်ဖြန်မှ လာတော့မယ်"

ဟု သူက နှုတ်ဆက်ပြီး ပြန်သွား၏။ မီးလုံးနီကျင် ကျင် မှိန်လဲ့လဲ့ အလင်းရောင်သာရှိသော ကိုယ့်အိမ်ကုပ်ကုပ်က လေးထဲသို့ သူမ ဝင်လာရသည်မှာ အနည်းငယ် စိမ်းကားခြောက် သွေ့နေသလို ထင်ရသည်။

တစ်ပတ်လုံးလုံး မပြန်ဖြစ်သော အမေ့အိမ်လေး တိတ်ဆိတ်လို့နေသည်။

"အမေ"

ဟု သူမ အသံပေးလိုက်မှ ...

"ဟင် သမီး ပြန်လာပြီ"





ဟူသော အမေ့အသံကို ကြားရကာ အမေသည် ခရိုပရဲ၊ ကပိုကရိုဖြင့် ထွက်လာခဲ့လေသည်။

"အမေ နေမကောင်းဘူးလား"

အမေ့ရုပ်သွင်ကို မြင်လိုက်ရသည့် ခဏတွင် သူမ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိ၏။ အမေ့ မျက်လုံးများမှာ ဖောင်းမို့ အစ်နေကာ မျက်ရည်ရောင် လက်နေလေသည်။ သို့သော် အမေ ပြုံးနေပါသည်။

"ကောင်းပါတယ် သမီးရယ်၊ ဆရာဝန်ကတော့ သွေးတိုးလို့ ဆိုလား ပြောတာပဲ၊ အမှန်က သမီးကိုလွမ်းလို့ အမေ နေ မကောင်း ဖြစ်တာပဲ၊ ခုတော့ ကောင်းသွားပြီ သမီးရဲ့ ... သမီး ရေအရင်ချိုးလိုက်လေ၊ အမေ ထမင်းပွဲ ပြင်ထား လိုက်မယ် ဟုတ်လား ...

သမီး ပြန်လာမယ်ထင်လို့ အမေ နေ့တိုင်းတော့ ကြက်သားဟင်း ချက်တာပဲ သမီးရယ်၊ သမီး မလာတော့ အမေပဲ စားပစ်ရတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ ပြီးသွားပြီလား သမီး၊ ဖြေနိုင်ရဲ့လား"

အမေသည် အသက်ရှူဖို့ပင် မရပ်မနားဘဲ တရစပ် ပြောလေတော့သည်။ သူမက အမေ့မျက်နှာကို စိတ်မကောင်းသလို ကြည့်ကာ ...

"သမီး ထမင်းစားခဲ့ပြီအမေ့၊ အမေ နေမကောင်းတာ သမီးတောင် မသိလိုက်ရဘူး၊ အမေ့မှာ သွေးတိုးရှိနေပြီ ဟုတ်လား"

ဟု စိုးရိမ်တကြီး ပြောမိသည်။

"အလကားပါ သမီးရယ်၊ ကောင်းသွားပါပြီ၊ အမေ ဘာမှ မဖြစ်တော့ဘူး၊ အမေ နေကောင်းပါတယ်၊ သမီးသာရှိရင် အမေ ဘာမှ မဖြစ်တော့ဘူး"

ဟု အမေက တက်တက်ကြွကြွ ပြန်ပြော၏။ သား အမိနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အကြာကြီး စိုက်ကြည့်မိကြလေသည်။ အမေ့ မျက်လုံးများကတော့ အငမ်းမရ မွတ်သိပ်စွာ။ သမီးရဲ့ မျက်လုံးများကတော့ စိတ်မကောင်းခြင်း ကြီးစွာ။





"အမေ နေမကောင်းဘဲ တစ်ယောက်တည်းကြီး နေနေရ တာပေါ့၊ အမေကလည်း သမီး နှင်းဆီတို့ ဖုန်းနံပါတ် အမေ့ကိုပေးထားသားပဲ၊ အရေးအကြောင်းဆို ဆက်လိုက် ပါလား၊ သမီး ပြန်လာမှာပေါ့"

သူမသည် စိတ်ထဲမှာ မလုံခြုံခြင်းကို ခံစားရလေ သည်။ အမေတစ်ယောက်တည်း ဖြစ်နေချိန်မှာ သူမကတော့ စာမေးပွဲတစ်ခုကို အကြောင်းပြုပြီး ချစ်သူနဲ့ သူငယ်ချင်းတွေနဲ့ ပျော်နေခဲ့သည်။

စာမေးပွဲပြီးတော့လည်း အမေ့အိမ် တန်းမပြန်ဘဲ ချစ်သူနဲ့ ချစ်သူအမေဆီမှာ မျက်နှာလို မျက်နှာရတွေ လုပ်ရသေး သည်။

အမေ့ကိုကျတော့ သွေးမတိုင်းပေးနိုင်ဘဲ ယောက္ခမ လောင်းကို သွေးတိုင်းပေးရ၊ ပြုစုကြင်နာပေးရနှင့် အလိုက်တသိ ရှိခဲ့ရသည်။ အမေ့အပေါ်ကျတော့ သူမ တာဝန်မကျေ။

ထိုအတွေး ဝင်လာတော့ သူမ မျက်ရည်တွေ ကျ လာခဲ့လေသည်။ အမေက သူမ မျက်ရည်တွေကို တယုတယ သုတ်ပေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သမီးရယ်၊ အမေ နေမကောင်းတာကို စိတ်
မကောင်းဖြစ်ပြီး ငိုရှာတယ်၊ ကြည့်ပါဦး၊ သမီးက စာမေး
တွေ ဖြေနေရတာ အမေ ဘယ်လိုလုပ် အကြောင်းကြား
ရက်ပါ့မလဲ သမီးရဲ့ ...

ပြီးတော့ အမေက ဒီလောက်ဖြစ်တာလည်း မဟုတ်
ဘူး၊ အမေ သက်သာနေပါပြီ သမီးရဲ့၊ စိတ်မကောင်း
မဖြစ်နဲ့တော့နော်၊ လာပါ သမီးရယ် ...

ကဲ ... ကဲ ... ထမင်းစားပြီးရင်လည်း လန်းသွား
အောင် ရေမိုးချိုးလိုက်နော်၊ ဒီညတော့ အမေ့ရင်ခွင်မှာ
သမီး အိပ်ပါဦးကွယ်"

အမေက ဝမ်းသာအားရ ပြောလေသည်။ သူမ
အမေ့ကို ဘာမှမပြောနိုင်။ ရင်ထဲမှာသာ ကြေကွဲနင့်နဲလျက်
ချိုးရင်လည်း မျက်ရည်ကျမိသေးသည်။

နောက်ဆို အမေ့ကို ဒီလောက်အကြာကြီး ပစ်မသွား
တော့ဘူးဟု စိတ်ထဲမှာ ဆုံးဖြတ်ချက်ချကာ ထိုညကတော့ အမေ
ရင်ခွင်ထဲတွင် ပုစွန်ကွေးသလို ကွေးကွေးကလေးအိပ်ကာ အမေ





မေတ္တာကို ပြန်လည်ခံစား အရသာခံမိလေ
လောက် နွေးမြလုံခြုံတာ မရှိတော့ပါ။

အမေကတော့ ပီတိတွေ နင့်သီးဖြာဝေကာ
သမီးရဲ့ ကျောပြင်ကလေးကို ငယ်ငယ်တုန်းလိုပင် ပွတ်သပ်ပေးနေ
ခဲ့လေသည်။

ထိုညသည် အမေ့အတွက် အပျော်ဆုံးညတစ်ည
ဖြစ်သည်။ ပျောက်ဆုံးသွားသော ရတနာကလေး ပြန်လည်ရရှိ
သော နေ့ကလေးအဖြစ် အမေ့ နှလုံးသားတွင် မှတ်တမ်းတင်
ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

2nd M.B စာမေးပွဲကို အောင်တော့ သူမက Anatomy နှင့် Physiology နှစ်ဘာသာ ဂုဏ်ထူးဖြင့် ထူးခြားစွာ အောင်ခဲ့ခြင်း ဖြစ်သည်။ သူကလည်း သူမလိုပင် နှစ်ဘာသာဂုဏ်ထူးနှင့်မို့ လူတိုင်းက ချီးကျူးလို့ မဆုံးကြပေ။ Anatomy ဆိုလျှင် ခက်ခဲ လွန်းလှသဖြင့် "D"ထွက်ဖို့ နေနေသာသာ အောင်ဖို့ပင် လူတိုင်းအ မျက်ကလဲဆန်ပြာ အရှုးအမူး ကြိုးစားနေကြရချိန် ဖြစ်သောကြောင့် သူမတို့နှစ်ယောက် တော်တာကို လူတိုင်းက ဂုဏ်ပြု ချီးကျူးကြ ရလေသည်။

မေမေကဆို ချီးကျူးရုံတင်မက ...





"သမီးကို တော်လွန်းလို့ ဂုဏ်ပြုရမယ်"

ဟုဆိုကာ ပုလဲလည်ဆွဲကလေးကို သူ့ ကိုယ်တိုင် သူမ လည်တိုင်ကလေးတွင် ဆင်မြန်းပေးလေသည်။

"ဒါ ပုလဲအစစ်တွေ သမီး၊ သိပ်တန်ဖိုးရှိတယ်၊ သမီးကို ချစ်လွန်းလို့ ပေးတာ"

"မေမေရယ်၊ အားနာစရာ ကောင်းလိုက်တာ"

"ဘာမှ အားနာစရာ မလိုဘူး သမီး၊ အခုဆို မေမေ Plan ချထားပေးတဲ့ အတိုင်းဆို သမီးနဲ့သား 3rd M.B ရောက်ပြီ၊ သမီးတို့ SEDONA မှာဖြစ်ဖြစ် စေ့စပ်ပွဲကလေး လုပ်ပေး ပြီး စေ့စပ်ပေးထားချင်တယ်၊ Part(I) ကျတော့ လက်ထပ် ကြပေါ့ ...

သမီးရဲ့အမေ သဘောကကော ဘယ်လိုလဲ၊ မေမေ တို့ လာပြီး နားဖောက်ကြမယ်လေ"

"အမေက သဘောတူပါတယ် မေမေ၊ မေမေ့သဘော အတိုင်းသာ လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ၊ အဲ့ဒါဆိုရင် ဒီတနင်္ဂနွေကျရင် မေမေတို့ သမီး အမေဆီမှာ လာပြီး နားဖောက်ကြတာပေါ့၊ SEDONA မှာ စေ့စပ်ဖို့ မေမေ အားလုံး စီစဉ်လိုက်မယ်၊ သမီးတို့အတွက် စေ့စပ်လက်စွပ်က အစပေါ့"

သူကတော့ သူ့အမေ စီစဉ်သမျှ အလိုက်သင့်ပင် သဘောတူ လိုက်လျောတတ်သော သားလိမ္မာကလေး ဖြစ်ခဲ့သည်။

တနင်္ဂနွေမှာ သူတို့သားအမိ လာကြမည်ဆိုတော့ စနေနေ့ကပင် အမေ့ကို ထိုအကြောင်း ဖွင့်ပြောပြရလေသည်။

"သူတို့ လာကြမယ် ဟုတ်လား သမီး၊ အမေက ဘာပြော ရမှာလဲ၊ ဘာမှ မပြောတတ်ဘူးနော် သမီး၊ ခမည်းခမက်ဆ ဆရာဝန်မကြီးဆိုတဲ့ အရှိန်အဝါနဲ့တင် အမေ့မှာ သိမ်ငယ် သလို ခံစားနေရပြီ၊ ဘာမှ ပြောလို့ထွက်မှာ မဟုတ်ဘူး"

"အမေ ပြောလို့မထွက်လည်း သူ ပြောသမျှကိုပဲ နားထောင် လိုက်ပေါ့ အမေ၊ စေ့စပ်ပွဲကို SEDONA HOTEL မှာ လုပ် ပေးမယ်တဲ့၊ အမေ လှလှပပကလေးတော့ ဝတ်ရမယ်နော်"





"အေးပါ သမီးရယ်၊ အမေ မဝတ်တတ်ပေမဲ့ ကြိုးစား ပြီး ဝတ်ပါ့မယ်၊ အိမ်ကလေးတော့ သပ်သပ်ရပ်ရပ်ကလေး ဖြစ်အောင် သန့်ရှင်းထားဦးမှနော်၊ ပြီးတော့ သူတို့ကို ဧည့်ခံဖို့ ကော်ဖီနဲ့ မုန့်တော့ ကြိုဝယ်ထားဦးမှ"

အမေသည် တပြုံးပြုံးနှင့် ပျော်ရွှင်တက်ကြွလျက် ရှိကာ ချွေးတလုံးလုံးဖြင့် တစ်အိမ်လုံးကို တိုက်ချွတ်ဆေးကြော သန့်ရှင်းရေး လုပ်တော့သည်။

သူမ ဝင်လုပ်၍လည်း ခွင့်မပြု။ သူ့ဘာသာသူ ဒိုင်ခံသိမ်းကျုံး၍ လုပ်သွားလေသည်။

"အမေကလည်း ဒီလောက် မလိုပါဘူး၊ အမေ ပင်ပန်း နေပါ့မယ်"

ဟု ပြောသော်လည်း မရ။ တစ်အိမ်လုံး ပြောင်လက် သန့်ရှင်း၍ ရွှရွှင်စဖွယ်ဖြစ်အောင် ဈေးမသွား၊ ဆိုင်မဖွင့်ဘဲ တစ် နေကုန် အိမ်သန့်ရှင်းလေသည်။

ညကျတော့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ကျင်ကိုက်ခဲလှသဖြင့် အိပ်ပျော်နေရင်းပင် တကျွတ်ကျွတ်စုတ်



www.burmeseclassic.com

www.burmeseclassic.com



သပ်ညည်းညျလျက် ရှိတာကို သူမက စိတ်မကောင်းကြီးစွာ ဖြစ်ရသေးသည်။

အမေက အဲဒီလိုပင်။

၅

☙ ☙ ☙





အမေနှင့် မေမေ တွေ့ဆုံမှုသည် မေမေရဲ့ လွှမ်းမိုးဦးဆောင်မှု အောက်တွင်သာ ရိုးရိုးစင်းစင်းကလေး ဖြစ်လေသည်။ အမေက ရိုးအ၊ သဘောကောင်းလွန်းသူ၊ မိမိကိုယ်ကို နှိမ်ချ ရိုကျိုးလွန်းစွာဖြင့် တစ်ဖက်သားကို တလေးတစား ဆက်ဆံလိုက်လျောလွန်းသူ ဖြစ်သောကြောင့် ဘာပြဿနာမှ ဖြစ်စရာမရှိ။

မေမေကတော့ ပညာရှိပီပီ အပြောအဆို ပါးနပ်သိမ်မွေ့ကာ သူလိုချင်တာတွေကို လုလုပပ၊ ပညာသားပါပါ ပြောသွားသမျှကို အမေက ခေါင်းတညိတ်ညိတ်နှင့် ဟုတ်ကဲ့ချင်းထပ်အောင် နာယူလေသည်။

သူနှင့် သူမကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်၊ အမေ နှစ်ယောက်ကို တစ်လှည့်စီ ကြည့်လိုက်နှင့် ဘာမှ သိပ်ဝင်မပြောဖြစ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကလေ သမီးလေးကို တကယ်ပဲ သမီးအရင်းက လေးလို သိပ်ချစ်တာ၊ သမီးက ကျွန်မ ငယ်ငယ်ကလိုပဲ ရုပ်ချင်းလည်း ဆင်ချင်တယ်၊ ပြီးတော့ ပညာတော်တာ၊ ထက်မြက်တာ၊ ကျွန်မလို ဖြစ်ချင်တာကို ကျွန်မက သိပ် သဘောကျတာ အစ်မရဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... သမီးက သိပ်တော်ပါတယ်"

အမေ့ မျက်နှာတစ်ပြင်လုံး အပြုံးတွေ ဖုံးနေလေသည်။ သူမကို ရှေ့မှာထားပြီး ချီးမွမ်းခန်း ဖွင့်နေသောကြောင့် သူမမှာ မျက်နှာပင် မထားတတ်အောင် ရှက်ကိုးရှက်ကန်းဖြင့် ပြုံးနေရလေသည်။

သူကတော့ သူမကို နောက်ချင်သော စိတ်ဖြင့် မျက်နှာကို အမျိုးမျိုး ပြောင်ပြက်ပြနေတာမို့ သူမက တသိမ့်သိမ့် ရယ်ရသေးသည်။

"တော်ရုံတင် မကသေးဘူး၊ လိမ္မာရေးခြားရှိတာ၊ အလိုက် သိတာ၊ ရိုးသားဖြူစင်တာ၊ ပရိယာယ်မာယာ မရှိတာကို ကျွန်မက သိပ်သဘောကျတာရှင် ..."





ရုပ်ကလေး လှသလောက် ဣန္ဒြေသိက္ခာလည်းရှိ၊ ကိုယ်ကျင့်တရားကလည်း ကောင်းတော့ ခုခေတ်မှာ သိပ် ရှားတဲ့ မိန်းကလေးပဲ၊ တကယ့် အဖိုးတန်မိန်းကလေး"

"ကျေးဇူးတင်ပါတယ်ရှင်"

အမေ့မှာ တစ်ဖက်က လိုက်လှဲလိုလားမှု ရှိလွန်း သူတာကို ဝမ်းသာကျေနပ်လွန်းသောကြောင့် တုန်တုန်ယင်ယင် င် ဖြစ်လာသည်။

"စေ့စပ်ပွဲရက်ကို ကျွန်မက ရှေ့အပတ် စနေနေ့ ရွေးထား ပါတယ်၊ SEDONA မှာ လုပ်ပါမယ်၊ နှစ်ဖက်မိဘတွေနဲ့ လူကြီးနည်းနည်းပဲပေါ့၊ အစ်မကြီးရဲ့ သဘောကရော"

"ကောင်းပါတယ်ရှင် လုပ်ပါ၊ လုပ်ပါ၊ ကျွန်မ ကျေနပ်ပါ တယ်၊ အဲဒီ ဆီဒိုးနား ဆိုတာကို ကြားသာ ကြားဖူးတာ၊ ကျွန်မဖြင့် တစ်ခါမှတောင် မရောက်ဖူးပါဘူး"

အမေက ရိုးသားပွင့်လင်းလွန်းစွာ ဝန်ခံလိုက်သဖြင့် မေက မျက်ခုံးကိုပင့်ကာ "သြော် ... ဖြစ်မှဖြစ်ရလေ"ဟု ဆို



www.burmeseclassic.com

www.burmeseclassic.com



လျက် ဟက်ဟက်ပက်ပက် ရယ်တော့လေသည်။ အမေ့စကာ ကြောင့် သူမ သိမ်ငယ်သွားသလို ခံစားရတာ အမှန်ဖြစ်သေ အမေ မပြောတတ်၊ မဆိုတတ် ဖြစ်တာကို သူမ အပြစ်မမြင်ရ ပါ။

"ကော်ဖီလေးတွေ သောက်ပါဦး ညီမရယ်၊ ဒီလမ်းထိ က လက်ဖက်ရည်ဆိုင်လေ၊ ကော်ဖီမှုန့် သိပ်ကောင်းတာ သောက်ပါ၊ သောက်ပါ"

"အားနာစရာတော့ ဖြစ်ကုန်ပြီ အစ်မရယ်၊ ကျွန်မ ဆရာဝန်ဆိုတော့ အသန့်သိပ်ကြိုက်တယ်၊ လမ်းဘေးဆို က အစာတွေ မစားတတ်လို့ပါ၊ စိတ်မရှိနဲ့နော်"

ဟု အပြုံးချိုချိုကလေးနှင့် ငြင်းကာ မေမေ ကော်ဖီကို မသောက်သောအခါ အမေသည် စိတ်မကောင်းသ မျက်နှာငယ်ငယ်ကလေးဖြင့် သူမဆီသို့ လှမ်းကြည့်ရှာသော သူမမှာ စိတ်မကောင်း ဖြစ်ရလေသည်။ သူကလည်း မသော ချေ။





"ကဲ ... စကားပြောလို့တော့ ကောင်းပါရဲ့၊ ကျွန်မတို့ကို ခွင့်ပြုဦးနော် အစ်မကြီး၊ နောက် တွေ့ကြဦးမယ်နော် ... သမီးရေ ... ဧည့်ခံပွဲနေ့ကျရင် သမီးအမေကို လှလှပပ ကလေး ပြင်ပေးပြီး ခေါ်လာနော် ...

မေမေတို့ ပြန်ဦးမယ်၊ မနက်ဖြန် သမီး အိမ်လာခဲ့ ဦးလေ၊ ဧည့်ခံပွဲဝတ်ဖို့ အဝတ်အစားတွေ မေမေပဲ စီစဉ် ပေးပါ့မယ်၊ သမီးအမေ အတွက်ရောပေါ့"

"ဟုတ်ကဲ့ပါ မေမေ"

ဟု သူမက မေမေဟု ခေါ်လိုက်ပြီးမှ အမေ့ကို အားနာရှက်ရွံ့စွာ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိပေမဲ့ အမေက တော့ မျက်ရည်ကလေး တလက်လက်နှင့် ပြုံးနေရှာလေသည်။ သူတို့ ပြန်သွားတော့မှ ...

"သမီး သိပ်ကံကောင်းတာပဲ သမီးရယ်၊ ယောက္ခမက ပညာတတ် ဆရာဝန်မကြီး၊ ချမ်းသာလိုက်တာ အရမ်းပဲ၊ မာနလည်း မကြီးဘူး၊ ပြည့်ဝလိုက်တာ၊ သမီးအပေါ်လည်း ကောင်းလိုက်တာ အရမ်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



သမီး မေမေလို့ ခေါ်တာ မမှားပါဘူး သမီးရဲ့။ ယောက္ခမဆိုတာလည်း ကိုယ့်ရဲ့မိဘပဲပေါ့၊ ခေါ်ပါ၊ မေမေ လို့၊ ကောင်းပါတယ် ...

ကော်ဖီလေး သောက်မသွားတာပဲ အမေက စိတ်ထဲ မကောင်းတာ”

ဟု ပြောလည်းပြောရင်း၊ စားပွဲပေါ်မှ ကော်ဖီနှင့် မုန့်တွေကို နှမြောတသဟန်ဖြင့် စားနေလေသည်။ သူမသည် အမေ ရိုးသားဖြောင့်စင်းလှတာကို ချစ်လည်းချစ်၊ သနားလည်း သနားမိသည်။ အမေသည် စိတ်သဘောထား ကောင်းလွန်းလှကာ အနစ်နာခံနိုင်စွမ်း ရှိလွန်းလှသည်။ သူများအတွက် ဘာလုပ်ပေးရ မလဲ ဆိုတာပဲ အမြဲတွေးတတ်သူ ဖြစ်သည်။

ക ക ക





စေ့စပ်ပွဲတစ်ခုလုံးကို အစအဆုံး စီစဉ်သွားသူမှာ မေမေသာ ဖြစ်လေသည်။ အဝတ်အစားကအစ လက်ဝတ်ရတနာ အဆုံး သူမကို မေမေ ကိုယ်တိုင် စိတ်တိုင်းကျ စီစဉ်ပေးခဲ့တာ ဖြစ်သည်။

“ဒီ တစ်ပါးသွား စိန်ကြိုးကလေးက မေမေ စေ့စပ်တုန်းက သားဖေဖေ ဆင်ပေးတာပေါ့ သမီးရဲ့၊ လက်ကောက်နှစ်ရံ၊ နားကပ်တစ်ရံ တစ်ဆင်စာလေ၊ လက်စွပ်ကတော့ သမီးနဲ့ သားအတွက် မေမေ စိတ်တိုင်းကျကို အပ်ထားတာ”

“ကျေးဇူးတင်ပါတယ် မေမေရယ်၊ မေမေက သမီးအပေါ် သမီးရင်းလိုပဲ အရမ်းကောင်းတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မမေက သားတစ်ယောက်တည်း မွေးထားရတော့ တီးတိုးဖော် သမီးကလေး လိုချင်တာ သမီးရဲ့၊ သားက ယောကျ်ားလေးဆိုတော့ အမေကို တွတ်တီးတွတ်တာ ချွဲနွဲ့ကပ်နေတာ မဟုတ်ဘူး၊ သူ့ဘာသာ ဘာသိဘာသာ နေတာလေ။ မမေက စကားပြောဖော်။ တိုင်ပင်ဖော် လိုချင်တာကလား ...

နောက်ဆုံး သမီးရယ်၊ မင်္ဂလာဆောင်တို့၊ ဟိုပွဲဒီပွဲ ဖိတ်တယ်ဆိုရင်တောင် မမေက အဖော်လေးနဲ့ သွားချင်တာ၊ သားက အဲ့ဒီလိုပွဲမျိုးတွေကျ မလိုက်ချင်ဘူး၊ မနည်း ချော့မော့ခေါ်လည်း မလိုက်ဘူး။ အခုမှပဲ မမေ့မှာ အဖော်ရတော့တယ်၊ နောက်ဆို မမေနဲ့အတူ သမီးပဲ လိုက်ခဲ့ပေတော့"

"လိုက်ခဲ့မှာပေါ့ မမေ"

"ကဲ ... ကဲ ... ဇာစပ်ဝတ်စုံကလေး ဝတ်ကြည့်ဦး သမီး၊ မမေက အဖြူရောင်ပိုးအိအိကလေးကို ကြိုးတစ်ချောင်းကလေးနဲ့ ရိုးရိုးရှင်းရှင်း ဒရက်(စ်)ကလေး ချုပ်ခိုင်းထားတာ၊ သမီးက ကိုယ်လုံးလှပြီး သွယ်ရှင်းကျစ်လျစ်နေတော့ ရိုးရိုးရှင်းရှင်းကလေးနဲ့ လိုက်တယ်၊ ပြီးတော့ အပေါ်ကနေ ပြီးတော့မှ ဟောဒီ ပိုးပဝါပါးပါးကလေး ခြုံလိုက်၊ ဒီပဝါ ကတင် မနည်းဘူး ပေးရတာ၊ သူက ပုလဲလုံးကလေးတွေ၊ စီးကွဲင့်(စ်)တွေ၊ ဘော်ကြယ်တွေ ထိုးရတာလေ၊ လက်ထိုးဆိုတော့ တန်ဖိုးကြီးတာပေါ့ ...

သမီးလှရင် မမေ ကျေနပ်ပြီ၊ သားကိုတော့ ...(တ်) မဝတ်ခိုင်းဘူး၊ ပိုးရှပ်နဲ့ တိုင်ဝတ်ခိုင်းမယ်၊ ဘောင်းဘီနဲ့ ...ပါ၊ ဒါက ဇာစပ်ပွဲလေ၊ လက်ထပ်တော့မှ မြန်မာဆန်ဆန် ...လျှားရစ်ပတ် လက်ထပ်ကြပေါ့"

ဟု စိတ်ပါလက်ပါ စီစဉ်ပေးလေသည်။ ဝတ်စုံလေး ...အ သူမကိုယ်နှင့် တစ်ထိုင်းတည်း ကွက်တိကျကာ လှပလွန်း၏။

"လှလိုက်တာ သမီးရယ်၊ မမေ ချစ်လိုက်တာ၊ မမေက အဲ့ဒီလို ဆင်ပေးရတာကို ဝါသနာပါတာ၊ သားရေ ... လာကြည့်ပါဦး"

"လာကြည့်မယ် မမေ"






www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ဖက်ခန်းမှ ပြေးဝင်လာပြီး သူမကို မြင်တော့ ရင်သပ်ရှုမောသွားသလို ဖြုန်းခနဲ ရုပ်တန့်သွားကာ –

"ဟာ လှလိုက်တာကွာ၊ ဒါ မေမေ့ လက်ရာပေါ့လေ မေမေ အရမ်းတော်တယ်ဗျ၊ ကျွန်တော့် ချစ်သူကို ဒီလောက် လှလိမ့်မယ်လို့တောင် မထင်ဘူး"

ဟု တောက်ပသော မျက်ဝန်းများဖြင့် အားပါးတရ ချီးကျူးသောအခါ သူမပင် မနေတတ်တော့ချေ။

စေ့စပ်ပွဲအချိန်ပင် နီးလာလေပြီ ...။

"မောင် ... အမေ့ကို ကြိုဖို့ရော"

"ကားလွှတ်လိုက်ပြီလေ သမီး"

ဒီနေ့ စေ့စပ်ပွဲနေ့ကို မနက်အစောကြီးကတည်းက မေမေက ကားအကြိုလွှတ်ကာ စိန်နှင့် အဝတ်အစားဆင်ဖို့ဟာ လာခေါ်သဖြင့် အမေ့ဝတ်ဖို့ အဝတ်အစားကအစ အသေအချာ ပြခဲ့ကာ နီးမှ လာကြိုပါမည် ပြောပြီး တစ်ယောက်တည်း ထား ခဲ့ရသည်။





သူမကတော့ မေမေ ပြင်ဆင်ခြယ်သပေးသမျှကို ခံယူရလေသည်။ မိတ်ကပ်ကိုပင် မေမေကိုယ်တိုင် ပြင်ပေးတာ သာ ကြည့်တော့။

အားလုံး အဆင်သင့် ပြင်ဆင်ပြီးသွားသောအခါ SEDONA သို့ ကားတစ်စီးဖြင့် ထွက်ခဲ့ကြသည်။ ကားနှစ်စီးရှိသော ကြောင့် တစ်စီးက အမေ့ကို လွှတ်ကြိုခေါ်ယူကာ Hotel သို့ လိုက်လာမည်ဖြစ်သည်။

စေ့စပ်ပွဲရဲ့ ထုံးစံအတိုင်း ယောက်ျားလေးဘက်နှင့် တခြားဆွေမျိုး မိတ်သင်္ဂဟများက ခန်းမထဲမှာ စောင့်ဆိုင်းရမည် ဖြစ်ကာ ပါမောက္ခဆရာဝန်ကြီးမှ စကားစတင်ပြောပြီး ခဏအကြာ မှာမှ သူမက အမေနှင့်အတူ ဝင်ရမှာဖြစ်သည်။

မေမေ ဖိတ်ထားသည်မှာ မေမေ့ဘက်မှ ဆရာဝန် အသိုင်းအဝိုင်းချည်းဟု သိရကာ၊ အမေ့ဘက်မှ ဆွေးသူဆွေးသား များ မပါဝင်ချေ။ သူမတို့ သူငယ်ချင်းများဖြစ်သည့် နှင်းဆီ၊ ယုန္တယ်နှင့် တခြားသူငယ်ချင်းအချို့ ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ရောက်ပြီး ခဏအကြာတွင် အမေ့ကို သွားကြိုသော ကားဒရိုင်ဘာက လိုက်ပို့သဖြင့် ဟိုတယ်ထဲသို့ အမေရောက်လာသည်။ အမေ့ကိုမြင်တော့ သူမ အံ့သြသွားကာ မျက်လုံးအစုံပင် ဝိုင်းစက်ပြူးကျယ်သွားမိ၏။

အမေ့ မျက်နှာတွင် သနပ်ခါး အဖွေးသားနှင့် ဖြူဖွေးကာ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်။ မျက်ခုံးမွေးနေရာတွေမှာ သွားပွတ်တံနှင့် ခြစ်မထားသောကြောင့် မျက်ခုံးမွေးမှာ သနပ်ခါးကပ်ကာ ထူလပျစ်မာခဲနေသည်။ နှုတ်ခမ်းနီကို ဆိုးတတ် ဆိုးတတ်နှင့် ဖြစ်သလို ဆိုးလာဟန်ရှိသောကြောင့် မညီမညာ။

စေ့စပ်ပွဲဝတ်ဖို့ မေမေက အမေ့အတွက် ဝယ်ပေးထားသော ပိုးပါတိတ်ဝမ်းဆက်နှင့် ပဝါကို သေချာထုတ်ပေးခဲ့လျက်နှင့် အမေဝတ်မလာဘဲ၊ ဝတ်နေကျ ပဒုမ္မာရှန်သားအကျႌအဖြူနှင့် အဘွားကြီးဆင် ပါတိတ်အညိုရင့်ရင့် ခပ်နွမ်းနွမ်းသာ ဝတ်လာလေသည်။ ဝတ်နေကျ ညှပ်ဖိနပ်မှာ ကြိုးပင် ဖွာနေလေပြီ။

သူမသည် အမေ့နား ကပ်ကာ ...





"အမေကလည်း ဘယ်လို ဝတ်လာတာလဲဟင်၊ ပိုးပါတိတ် မဝတ်ခဲ့ဘူးလား၊ လှလှပပ ဝတ်ခဲ့ပါဆို"

ဟု ရှက်သံကလေးစွက်လျက် အပြစ်တင်သလို လေသံကလေးနှင့် ပြောမိလျှင် အမေသည် မျက်နှာကလေးငယ်ငယ်နှင့် သမီးကို မော့ကြည့်ကာ ...

"သမီးရယ်၊ အမေ ဝတ်ကြည့်ပါသေးတယ်၊ မဝတ်တတ်လို့ပါကွယ်၊ နေကို မနေတတ်တာပါ၊ ယားကျိကျိ လျှောတောမိုးကြီးနဲ့ ကျွတ်ပဲကျတော့မဲ့ ရွဲတဲတဲကြီး ဖြစ်နေတာ ဘယ်လိုမှ မနေတတ်ဘူး၊ တော်ကြာ လူကြားထဲ ကျွတ်ကျမှ အရှက်ကွဲမယ်ဆိုပြီး ရှိတဲ့အထဲမှာ အသစ်ဆုံးကို ဝတ်လာတာပဲ သမီးရယ် ...

ငါ့သမီးလေးက လှလိုက်တာ အရမ်းပဲ၊ အမေလှဖို့ မလိုပါဘူး သမီးရယ်၊ ငါ့သမီးလှဖို့ပဲ လိုတာပါ၊ အံမယ် အသွေးအမွေးကို ပြောင်းလဲသွားတာပဲနော်၊ နတ်သမီးလေး ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းလည်းရှင်းပြ၊ သမီးကိုလည်း ဝမ်းသာအားရ ချီးကျူးကာ မျက်နှာချိုသွေးလေသည်။ သူမမှာ အမေ့ကို ဘာမှ ဆက်ပြီး မပြောရက်ပေမဲ့ ရှက်သလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်နေတာကိုတော့ ရိုးသားစွာ ဝန်ခံပါသည်။

မေမေကတော့ ပညာရှိရှိပီပီ ပြုံးမြဲပြုံးလျက် …

"အစ်မကြီးက သိပ်ရိုးတာပဲနော်၊ ကဲပါ သမီးရယ်၊ အဝတ်အစားက အဓိက မကျပါဘူး၊ မေမေတို့ အထဲဝင်နှင့်လိုက်တော့မယ်၊ ဧည့်သည်တွေလည်း စုံပြီ"

ဟု ပြောကာ သားတို့ လက်တွဲလျက် ခန့်ခန့်ညားညား၊ ကြွကြွရွရွကလေးပင် ဝင်သွားလေသည်။ မေမေ ဝတ်ထားသည်မှာများ ကြော့လို့မော့လို့၊ ဝတ်ထားသမျှအားလုံး ပထမတန်းစားတွေချည်းပင်။

"သမီး"

အမေက တိုးတိုးကလေးခေါ်လျှင် သူမက အမေ့ကို မျက်လုံးဖွေလျက် ကြည့်လိုက်၏။





"အမေ ဝတ်လာတာဟာ သမီးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေသလားဟင်၊ အမေ မဝတ်တတ်လို့ပါ သမီးရယ်"

"သမီးက ဘာပြောနေလို့လဲ အမေရယ် …"

သူမက သက်ပြင်းတစ်ချက် ခိုးကာချ၏။ ခဏနေတော့ အမေနှင့်သူမ အခန်းထဲသို့ ဝင်ရောက်ရလေသည်။ အမေ့ကို မြင်တော့ တချို့က တအံ့တဩဟန် ကြည့်ကြသည်။ ဘာမှ မပြောပေမဲ့ ပြောနေကြသလို သူမ စိတ်ထဲမှာ အလိုလို ခံစားရလေသည်။

အမေသည် ခပ်ရို့ရို့ကလေး ဝင်ထိုင်ကာ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ ခေါင်းကိုသာ တွင်တွင် ငုံ့ထားလေသည်။

လူကြီးတွေဘက်မှ စေ့စပ်စကားပြောကြပြီး စေ့စပ်လက်စွပ် ဝတ်ဆင်ပေးလေသည်။ ဖြူဖွေးကြည်လက်သော တစ်ပွင့်တည်း စိန်လက်စွပ်ကလေးကို သူမ ကြည့်ကာ မေမေ့ဆီသို့ ကျေးဇူးတင် အပြုံးကလေး ပြုံးပြလိုက်၏။ မေမေက အပြုံးချိုချိုဖြင့် ပြန်လည်ပြုံးပြနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးစပ်ပွဲ အောင်မြင်သော အထိမ်းအမှတ်ဖြင့် ဟိုတယ်မှ တည်ခင်းသော ဟင်းလျာများသည် တစ်မျိုးပြီးတစ်မျိုး Courseအလိုက် လာ၍ချပေးလျှင် အားလုံးက သက်သောင့်သက် သာပင် ပြောဆိုရယ်မောလျက် ဟင်းတွေကို စနစ်တကျ ခပ်ယူ ထည့်စားကြလေသည်။

အမေ့မှာတော့ နှိုက်မစားဝံ့သဖြင့် ကျောက်ရုပ်ကြီး တစ်ရုပ်လို တောင့်တောင့်ကြီး ထိုင်နေမိကာ၊ အိမ်မှာ ဇလုံနှင့် အားပါးတရ နယ်ဖတ်၍ စားရသော ငါးပိကောင်နှင့် ထမင်းကိုသာ အငမ်းမရ တောင့်တမွတ်သိပ်မိ၏။

"အမေ စားလေ ..."

သူမက အမေ့နားသို့ တိုးတိုးကလေး ကပ်လာပြော လျှင် အမေသည် သူမကို သနားစဖွယ်ကြည့်လျက် ...

"အမေ မစားတတ်လို့ပါ သမီးရယ်"

"သမီး ထည့်ပေးမယ်လေ ..."

သူမက စားပွဲပေါ်မှ ဟင်းလျာတချို့ကို အမေ့ပန်း ကန်ထဲသို့ ခပ်ထည့်ပေးလိုက်သည်။





"အမေမှ ဒီတူရှည်ရှည်ကြီးနဲ့ မစားတတ်တာ သမီးရယ်၊ ကိုင်လည်းမကိုင်တတ်ဘူး ... ချောချောကြီး"

အမေသည် ကလေးတစ်ယောက်လိုပင် မသိနားမလည်တာကို ဟန်မဆောင်စတမ်းပင် ပြောရှာလေသည်။အမေနှင့် သူမ တိုးတိုးကျိတ်ကျိတ် အလုပ်ရှုပ်နေကြဆဲ၊ မေမေက သူမနှင့် မောင့်ကို လက်တို့ခေါ်ကာ ...

"ဆရာဝန်ကြီးတွေကို လိုက်နှုတ်ဆက်ထားရအောင်၊ သားတို့သမီးတို့ ဆေးရုံဆင်းရင် ဒီဆရာဝန်ကြီးတွေနဲ့ပဲတွေ့မှာ"

ဟု ပြောပြီး ခေါ်သွားသဖြင့် သူမသည် အမေ့ကို တစ်ယောက်တည်း ထားခဲ့ရကာ ဆရာဝန်ကြီးတွေကို လိုက်နှုတ်ဆက်ရသည်။

အမေသည် သမီးကလေး လှလှပပ ပွဲလယ်တင့်တာကိုသာ ဝမ်းသာစုံမက်လှစွာ ငေးမောရင်း မျက်လုံးများ တလက်လက် တောက်ပနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စေ့စပ်ပွဲအခမ်းအနားမှာ အောင်မြင်ခမ်းနားစွာ ပြီးဆုံးခဲ့လေသည်။

အမေသည် ထိုအကြောင်းကို တစ်ချေးလုံးနဲ့အောင်ပင် ကြွားဝါဂုဏ်လုပ်၍ မဆုံးတော့ပေ။ အမေ့ရင်ထဲတွင် စကားလုံးများစွာ ပွတ်သိပ်ပြည့်ညပ် နေခဲ့လေသည်။

* * *





$3^{rd}$ M.B တစ်နှစ်သည် လျင်မြန်စွာပင် ကုန်ဆုံးခဲ့လေသည်။ $2^{nd}$ M.B လောက် စာမေးပွဲတွေ ပွတ်သိပ်စိမနေတော့ပေမဲ့၊ မနက်ပိုင်းဆို ဆေးရုံမှာသင်ရကာ ညနေပိုင်းကျတော့ လမ်းမတော်ဆေးကျောင်းမှာ Lectures တွေ သင်ရသည်။ သူမ စိတ်ဝင်စားဆုံးကတော့ Pathology နှင့် Pharmocology နှစ်ဘာသာကိုဖြစ်သည်။ ထိုနှစ်ဘာသာကို 'D' လည်း မှန်းထားပါသည်။

မောင်နှင့်သူမ အကြားရှိ သံယောဇဉ်ကြိုးမှာ ပို၍တင်းခိုင်မြဲမြံခဲ့သလို … ထို $3^{rd}$ M.B နှစ်အတွင်းမှာပင် မေမေနှင့်လည်း သားအမိရင်းချာပမာ ပို၍ သံယောဇဉ်နိုင်မြဲခဲ့လေသည်။

ဆေးရုံဆင်းလျှင်ကိုင်ဖို့ LITTMANN နားကြပ်ကို မေမေက လက်ဆောင်ပေးခဲ့သဖြင့် သူမ ဆေးရုံတွင် အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်ကလေး နားကြပ်လည်ပင်းချိတ်ကာ Abnormal hea
sounds (murmurs) ဟုခေါ်သော ပုံမှန်မဟုတ်သော နှလုံးခုန်သံ
များကို ပီပီသသ နားထောင်လေ့လာခွင့် ရခဲ့တာကို ကျေးဇူးတင်
၍မဆုံး။

တစ်ဖက်ကလည်း မေမေ သွားရသည့် ပွဲလမ်းသဘင်
မှန်သမျှကို သူမကပါ လှလှပပကလေး ဝတ်စားဆင်ယင်ကာ
ကြော့ကြော့ကလေး လိုက်ပါပေးရလေသည်။ မြင်သူတကာတို
က သူ့ကို ချီးကျူးချစ်ခင်ကြလေသည်။

"ကြည့်စမ်း ... မမနဲ့ သမီးက ရုပ်ချင်းဆင်လိုက်တာ
သားအမိ အရင်းလား အောက်မေ့ရတယ်"

ဟု ပြောကြလျှင် မေမေ ကျေနပ်မဆုံး။

"ကျွန်မ ချွေးမလောင်းကလေးပေမဲ့ ကျွန်မရဲ့ သမီး
လေးပါပဲရှင်"

ဟု ကြွားကြွားဝါဝါကလေး ပြောမြဲ။ သူမကလ
ထိုသို့ လူတွေကြားထဲ ဝင့်ဆန့်မျက်နှာပွင့်လန်းရသည်ကို ကျေ
သာယာလျက်ရှိသည်။





အိမ်တွင် အမေတစ်ယောက်တည်း ဘယ်လိုအထီး
ကျန်ဆန်စွာနေရှာသည်ကိုတော့ သူမ သတိမထားမိ။ သူမနှင့်
အမေ မျက်နှာချင်းဆိုင် တွေ့ဆုံရချိန်မှာ တစ်နေ့တစ်နေ့ အလွန်
ရှားပါးလာခဲ့သည်။

သူမ စာကျက်နေတုန်း အမေက စကားလာပြောဖို့
ကြိုးစားလျှင် သူမက အမှတ်တမဲ့ပင် ...

"သမီး စာကျက်နေလို့ပါ အမေ၊ မနက်ဖြန် စာမေးပွဲရှိ
တယ်၊ အမေ အိပ်တော့လေ"

ဟုသာ ပြောလိုက်လျှင် အမေသည် တိတ်တိတ်
ဆိတ်ဆိတ်ပင် နောက်ဆုတ်သွားကာ ခပ်လှမ်းလှမ်းမှ မျက်ရည်ဝိုင်း
သော မျက်လုံးအစုံဖြင့်သာ သမီးကို ငေးကြည့်ရလေသည်။

အမေ့မှာ စကားပြောဖော်မရှိတာ၊ အထီးကျန်ဆန်
ခြောက်သွေ့လွန်းတာ၊ အမေ့ရင်ထဲမှာ သမီးကို ပြောချင်သောစကား
တွေ တစ်နေ့စာပြီးတစ်နေ့စာ စုဆောင်းသိမ်းဆည်းထားပြီး
ထိုစကားတွေ ရင်နင့်မဆန့်အောင် ပြွတ်သိပ်နင့်သီးလှတာကို
သမီးတော့မသိ။



www.burmeseclassic.com

www.burmeseclassic.com



အမေသည် သမီးရဲ့ အဖိုးတန်အချိန်များကို မသုံး... ရက်။ စကားပြောချင်လွန်းလှတာကို ကြိတ်မှိတ်အောင့်အည်း မျို... သိပ်ထားပြီး အမေ့ရဲ့ တာဝန်ဝတ္တရားတွေကိုတော့ မချွတ်ယွင်း... စေရပေ။

ခုချိန်ထိ အမေသည် သမီးအတွက် သနပ်ခါးသွေး... ပေးတုန်း၊ အဝတ်အစားတွေကို သမီးတားမြစ်နေသည့်ကြားမှ... နိုး၍ လျှော်ဖွပ်မီးပူတိုက်ပေးတုန်း၊ အိမ်ရှေ့က သမီးရဲ့ခြေသံ... ကြားလျှင် ဟင်းပူပူနွေးကာ ထမင်းအဆင်သင့် ပြင်ပေးတုန်း...

ဤသို့ဖြင့်ပင် 3rd M.B တစ်နှစ် ပြီးဆုံးအောင်မြင်... ပြန်လေသည်။ အမေ့မှာ သမီးအတွက် ပျော်ရွှင်မဆုံးပေ။

3rd M.B အောင်စာရင်းတွေ ထွက်သောအခါ သူ... မောင်သည် အမြဲတမ်း စားအတူတူကျက်နေကျမို့ Pharmo... Patho နှစ်ဘာသာ 'D' အတူတူထွက်ကြလေသည်။

မေမေက ...

"သိပ်တော်ကြတာပဲ သားနဲ့သမီးရယ် ...၊ မေမေ အရမ်း... ယူတာပဲ၊ Part (1) မတက်ခင် လက်ထပ်ကြတော့...





ဟုတ်လား ... လက်ထပ်ပွဲကို မေမေပဲ အစအဆုံးစီစဉ်ပေးမယ်၊ ဒီတစ်ခါလည်း SEDONA မှာပဲပေါ့"

ဟု အနာဂတ်အတွက် စီစဉ်ပေးပြန်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၈)

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

ဆေးစပ်ပွဲတုန်းကလိုပင် လက်ထပ်ပွဲကျပြန်တော့လည်း အစအဆုံး မေမေ့စိတ်တိုင်းကျ အစီအမံများပင် ဖြစ်ခဲ့သည်။

သူမဝတ်မည့် သတို့သမီးဝတ်စုံကို မေမေက ချိတ်ကိုကအစ မန္တလေးရှိ မေမေ့မိတ်ဆွေ ပိုးချိတ်ထည်တိုက်မှာ စိတ်တိုင်းကျ အော်ဒေါ်မှာခဲ့တာဖြစ်သည်။

"ဆင်စွယ်ရောင် လွန်းရာကျော်ချိတ် မှာထားတယ် သမီး၊ သဖင်အခက်အခက်ကလေးတွေကို ပန်းရောင်နုနုနဲ့ ခဲရောင်နုနုဖောက်ရိုင်းထားတယ် ...

ထိုင်မသိမ်းပုံပဲချုပ်မယ် ... သတို့သမီးဝတ်စုံကိုတော့ ဓါလာမြင့်အောင်ဆီမှာပဲ အပ်မယ်၊ သူက ထိပ်သီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော်တာ၊ မေမေလည်း သူ့ဆီမှာပဲ အပ်မယ်၊ မေမေ ကတော့ ခဲရောင်ဖျော့ဖျော့ချိတ်ပဲဝတ်မယ်၊ သိပ်ဘိုဆန်တာပဲ၊ သမီးအမေနဲ့ ဆင်တူပဲဝတ်မယ် စိတ်ကူးတယ်၊ ဒါမှ သိုက်မြိုက်မှာ၊ ဒီတစ်ခါတော့ ချိတ်ဆိုတော့ သမီးအမေ ဝတ်ရဲရှာမှာပါ၊ သူ့ခများလည်း ရိုးလွန်းတော့ သနားစရာ"

ဟု မေမေက ဆိုသည်။

"သားအတွက်တော့ ပိုးတောင်ရှည် ပန်းရောင်ဖျော့ဖျော့က လေးနဲ့ ရင်ဖုံးတိုက်ပုံအဖြူကလေးပဲ ဝတ်ခိုင်းမယ်၊ ခေါင်းပေါင်း ပန်းနုရောင်ကလေးနဲ့ဆို သားက သိပ်ကျက်သရေရှိမှာပဲ ..."

"မေမေက သူတစ်ပါးကို ဆင်ပေးတတ်တာကို ဝါသနာပါတာ၊ ဖေဖေလည်း ပြန်လာမှာဆိုတော့ ဖေမေ့အတွက်ပါ စီစဉ်ပြီးပြီလား မေမေ"

"စီစဉ်ပြီးပါပြီ သားရယ်၊ သူ့အတွက်ပါ တစ်ခါတည်းမှာထားတာ၊ ပိုးပုဆိုးခဲရောင်ကလေးနဲ့ တိုက်ပုံအဖြူ ဝတ်လိမ့်မယ်"





အစစအရာရာတွင် အသေးစိတ် စနစ်တကျ စီစဉ်နိုင်စွမ်းသော မေမေ့ရဲ့ ဦးဆောင်စွမ်းရည်ကို သူမက အံ့ဩမဆုံးပါ။

ဖိတ်စာအပြင်အဆင်မှအစ စုလျားရစ်ပတ် ထိမ်းမြားသော မင်္ဂလာအခမ်းအနား အဆုံး အကုန်လုံး မေမေ့စိတ်ကူး၊ အစီအမံများ အောက်တွင်သာ ပြီးစီးရသည်။ ဘယ်နေရာမှာမှ မေမေ့အမိန့် မပါဝင်တာမရှိ။

ဖိတ်စာတွေ ရတော့လည်း ဖိတ်စာငါးရာတွင် လေးရာက မေမေ့အသိုင်းအဝိုင်း မိတ်သင်္ဂဟတွေချည်းသာ။ သူမနှင့် မောင့်သူငယ်ချင်းများက တစ်ရာနီးပါးခန့်။ အမေကတော့ သူ့ရဲ့ ဈေးသူဈေးသားတွေကို မဖိတ်တော့ပါဘူးဟု ဆိုရှာလေသည်။

တကယ်တော့ အမေ့စိတ်တွင်းမှာ တစ်ဈေးလုံးကို ဖိတ်ချင်လှပါသည်။ အမေ့သမီးကလေး ဘယ်လောက်ခမ်းနားထည်ဝါစွာ ပွဲလယ်တင့် ဂုဏ်ရှိလှသည် ဆိုတာကို တစ်ဈေးလုံးသိအောင် အမေ ကြွားဝါဂုဏ်ယူချင်ပါသေးသည်။ သို့သော် အမေကိုယ်တိုင်ကပင် သမီးရဲ့ မင်္ဂလာဆောင်အတွက် ဘာတစ်ခုမှ တာဝန်ယူ ဆောင်ရွက်ပေးရသည် မရှိ။ ယောက္ခမဘက်ကသာ



www.burmeseclassic.com

www.burmeseclassic.com



အစအဆုံး ခမ်းနားသိုက်မြိုက်စွာ စီစဉ်တာဝန်ယူသည် ဖြစ်ရာ အမေ အခွင့်အရေး မယူလိုပါ။ ကိုယ့်ကြောင့် တစ်ဖက်က ငြိုငြင်မှာ၊ စိတ်အနှောင့်အယှက် ဖြစ်မှာကို အမေ စိုးရိမ်လေသည်။ ထို့ကြောင့် ... ဘာမှမတောင်းဆိုတော့။ ဆန္ဒမှန်သမျှကို မျိုချကာ နှုတ်ဆိတ်၍သာ ငြိမ်ငြိမ်သက်သက် နေလေသည်။ သမီး ခမ်းနားတင့်တယ်စွာ မင်္ဂလာဆောင်တာမြင်ရလျှင် အမေ ပျော်ပြီ။

သမီးအတွက် အမေ့ဘက်က ဘာတစ်ခုမှ တာဝန်ယူပြီး လုပ်မပေးနိုင်တာကိုပင် အမေက စိတ်မချမ်းသာလှကာ မျက်နှာပင် ပူမိသည်။

လက်ထပ်ပွဲအတွက် သမီးနှင့် သမက်ကလေး တတွဲတွဲ စီစဉ်နေကြသမျှကို အမေသည် ပွဲကြည့်ပရိသတ်သာ လုပ်နေရသည်။

သမီးက ချိတ်ရယ်၊ ပိုးရင်ဖုံးရယ်၊ ပဝါရယ်ကို အမေ့လက်သို့အပ်စဉ်က ...

"အမေ ဒီတစ်ခါတော့ မင်္ဂလာပွဲနော် အမေ၊ စေ့စပ်ပွဲတုန်းကလို အမေ ဝတ်ချင်တာတွေ လျှောက်မဝတ်နဲ့နော်၊ ဒီမှာ





ဒါ မေမေက မန္တလေးက ရက်ကန်းတိုက်ကို အော်ဒါမှာပြီး အပ်ထားတာ ...

မေမေနဲ့အမေ ဆင်တူဝတ်ရမှာ သိလား၊ အဲဒီနေ့ကျရင် အမေ သနပ်ခါး မလိမ်းရဘူး၊ မိတ်ကပ်ဆရာက အမေ့ကို မိတ်ကပ်၊ နှုတ်ခမ်းနီ ကျကျနန လိမ်းပေးလိမ့်မယ်"

ဟုဆိုစဉ် အမေသည် ... ပါးစပ်ကိုအုပ်ကာ တသိမ့်သိမ့် ရယ်လေတော့သည်။

"အမေ မနေတတ်ပါဘူး သမီးရယ်"

"မနေတတ်လို့ မရဘူး အမေ၊ ဒီတစ်ခါတော့ သမီးကို ကူညီတဲ့အနေနဲ့ အမေ မနေတတ်လည်း နေတတ်အောင် နေရမယ်နော်၊ ပွဲထုတ်တဲ့အခါကျတော့ နှစ်ဖက်မိဘ အတူတူ ထွက်ရမှာ အမေရဲ့ ...

အမေ လှလှပပကလေး ဖြစ်နေမှ သမီးလည်း ဂုဏ်ရှိတာပေါ့"

"အေးပါ သမီးရယ်၊ အေးပါ၊ အမေ နေတတ်အောင် နေပါ့မယ်၊ ဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



အမေသည် ခေါင်းတညိတ်ညိတ် လိုက်လျော့ပြီး သက်ပြင်းကြီး ချလေသည်။

တောက်တောက်ပပ၊ သစ်သစ်လွှင်လွှင်တွေ အမေ မဝတ်တတ်ပေမဲ့ သမီးကိုချစ်သောအားဖြင့် ကြိုးစား၍ ဝတ်ရ ဦးမည်။

* * *





မင်္ဂလာပွဲနေ့သို့ ရောက်ခဲ့လေပြီ ...။ အမေသည် မိတ်ကပ်တွေ၊ ပိုးအင်္ကျီနှင့် ချိတ်ထမီတို့ကြောင့် စိတ်ထဲတင်းကျပ်ကာ လူက ကျောက်ရုပ်ကြီးလို ဖြစ်နေသည်။ မျက်နှာလည်း မထားတတ်တော့။

သမီး အလှပြင်နေသောအခန်းထဲရှိ ထောင့်တစ်ထောင့်တွင် အမေရှိတယ်လို့ပင် မထင်ရအောင် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေခဲ့လေသည်။ အမေနှင့် ဆင်တူဝတ်ထားပေမဲ့ အသွေးအမွေးချင်းတော့ လုံးဝမတူသော ဆရာဝန်မကြီးကတော့ တစ်ခန်းလုံးကို လွှမ်းမိုးထားလျက်ရှိသည်။ အမေသည် သူနှင့်ယှဉ်လျှင် အလိုလို သိမ်ငယ်နိမ့်ကျသလို ခံစားရကာ စကားပင် ဟဟမပြောမိချေ ...။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အဝတ်အစား အားလုံးပြီးရင် စိန်ဆင်မယ်၊ ဘာ
ရေ ဒီမှာ စိန်ဘူးနော်၊ အလုံးကြီးတန်းသွားတွေကို အပေါ်မှာ
ဆင်မယ်၊ ပြီးတော့ အောက်ဆုံးက လည်တိုကလေးနဲ့
ပိတ်မယ် ဟုတ်လား ...

တန်းသွားကြီးက ရှစ်ကြိုးနော်၊ လည်တိုက တစ်ခု
စုစုပေါင်း ကိုးကြိုးရှိမယ်၊ သေချာချည်နော်၊ မတော်တဆ
စိန်ပြုတ်ထွက်တာတို့ ဘာတို့ မရှိအောင် သမီးကလည်း
ဂရုစိုက်၊ ရင်ဘတ်တစ်ခုလုံး စိန်တွေ ပြည့်သီးနေပစေနော်
မာမီ ... ဟော့ဒီမှာ နားကပ်၊ လက်ကောက်က စုစုပေါင်း
ရှစ်ရံနော်၊ လက်စွပ်က အုတ်ပုံနှစ်ကွင်း၊ တန်းသွားလေး
ကွင်း၊ တစ်လုံးတည်းတစ်ကွင်း တော်ရောပေါ့ ...

သမီးရေ ... အဲ့ဒါ မေမေ ချမ်းသာသမျှ အကုန်ပဲ
မေမေတောင် စိန်ဘယက်တစ်ကုံးပဲ ဆွဲတော့တယ်၊ သမီး
ရင်ဘတ် မပြည့်မှာစိုးလို့ အကုန်ပေးထားတာ၊ စိန်ဆိုင်တွေ
မိတ်ဆွေတွေက စိန်ဆင်ပေးမယ် ပြောပါတယ်၊ သူ့ဟာ
ပစ္စည်းဆိုတော့ တာဝန်ကြီးလို့ မေမေ့မှာ ရှိတာတွေ
ထုတ်ဆင်ရတာ"





မေမေ့အသံက အခန်းထဲမှာ ဝေဆာနေလေသည်။
အားလုံးကလည်း မေမေ့အရှိန်အဝါကို ရှိန်ကြသူတွေချည်းပဲမို့
မေမေ ပြောသမျှကို တပြုံးပြုံး ခေါင်းတညိတ်ညိတ်သာ နားထောင်
ကြလေသည်။

"အခုတောင် သတို့သမီး ရင်ဘတ်မှာ တော်တော်ပြည့်နေပါ
ပြီ ဆရာမကြီးရဲ့၊ စိန်တွေကလည်း ကောင်းလိုက်တာနော်၊
ဖွေးလက်နေတာပဲ၊ ပထမတန်းစားပဲ"

မိတ်ကပ်ပြင်သူက စိန်ဆင်ပေးရင်း တခမ်းတနား
ချီးမွမ်းမိလေသည်။

"ကျွန်မက ဝါသနာကို ပါတာလေ မာမီရဲ့၊ စိန်ကိုစုတာ၊
တခြားဘာမှ မမက်ဘူး၊ စိန်ပဲ"

"ပွဲထုတ်ချိန်နီးပြီ မေမေ"

သတို့သားက အခန်းထဲသို့ ဝင်လာကာ ပြောရင်း
သူ့မကို ချစ်မြတ်နိုးစုံမက်စွာ ငေးကြည့်လေသည်။

"ဟာ ... ယုဂန်က လှလိုက်တာ၊ မြင်ဖူးသမျှ သတို့သမီး
တွေထဲမှာ အလှဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဆင်ပေးထားတာလေ သားရဲ့၊ မေမေ့ကို ကျေးဇူး
တင်ဦး"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မေမေ"

အခန်းထဲမှာ ရယ်သံတွေ လွှင့်စီဝေနေလေသည်။ ငြိမ်သက်နေသူဆိုလို့ အမေတစ်ယောက်တည်းသာ ရှိသည်။

"ပွဲထုတ်ဖို့ အချိန်တန်ပြီ၊ သတို့သမီးပြီးရင် ထွက်လို့ရပြီ"

မင်္ဂလာအခမ်းအနားမှူးက ပွဲထွက်မည့် အစီအစဉ်ကို ကြိုတင်ပြောပြထားသည် ...။

ရှေ့ဆုံးက သတို့သား၊ ပြီးတော့ သတို့သားဖခင်နှင့်မိခင်၊ ပြီးတော့မှ သတို့သမီး၊ သတို့သမီးနောက်က အမေ ...။ ဟိုးရှေ့ဆုံးမှာ မင်္ဂလာပန်းကြဲပေးသော မိန်းကလေးတစ်ယောက်၊ မင်္ဂလာအောင် စံပယ်ကုံးကိုင်ဆောင်ပေးသူ မိန်းကလေး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသူ မိန်းကလေး ... စသဖြင့် စီတန်း၍ ပွဲထွက်ကြလေသည်။

အမေသည် ဤမျှ ခမ်းနားသိုက်မြိုက်လှသော မင်္ဂလာလက်ထပ်ပွဲမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်နေရတာကို အိပ်မက်





တစ်ခုပမာ မှတ်ထင်နေမိလေသည်။ လူကလည်း အိပ်မက်ထဲတွင် မျောလွင့်နေသလို ခံစားရသည်။

မင်္ဂလာစင်မြင့်ပေါ်တွင် သတို့သားနှင့် သတို့သမီး စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်သော အစီအစဉ်များကို စီစဉ်တကျ ခမ်းနားထည်ဝါစွာ ကျင်းပသွားလေသည်။ အမေပင် တစ်သက်နှင့်တစ်ကိုယ် ဤသို့ ထိမ်းမြားလက်ထပ်ပွဲကို မမြင်ဘူးခဲ့ချေ။ သမီးကလေး ကံကောင်းလှသည်ဟု ကြည်နူးပီတိဖြစ်မဆုံးပေ။

သမီးကို ငေးကာ အမေ ဝမ်းသာလှိုက်လှဲလွန်းစွာ မျက်ရည်ပင် ကျရလေသည်။ ကျက်သရေရှိလှသော သမီးကလေး၊ ဘုန်းကံမြင့်မားရှာသော သမီးကလေး၊ ထိုက်ထိုက်တန်တန် တင့်တင့်တယ်တယ် ဂုဏ်ရှိလှစွာ အထက်တန်းလွှာဆီသို့ ဝင်ဆန့်သွားသော သမီးကလေး။

မင်္ဂလာခန်းမတစ်ခုလုံးတွင် သမီးကလေး ပြစ်မျိုးမှဲ့မထင်အောင် လှပချောမောလွန်းတာ၊ ကျက်သရေရှိလွန်းတာ၊ သတို့သားနှင့် သတို့သမီး လိုက်ဖက်တင့်တယ်လွန်းတာကို ချီးမွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုနေသော အသံများ ,လှိုင်စီနေလေသည်။ အမေသည် ထိုအသံများကို နားစွင့်ရင်း ရင်တလှပ်လှပ်ခါနေသည်။ အမေ့ကို တော့ ဘယ်သူကမှ မသိကြသဖြင့် အရေးတယူ မရှိကြပေမဲ့ သမီးကိုကျတော့ အံ့မခန်းပင် ချီးကျူးဂုဏ်ပြုကြလေသည်။

အမေသည် မျက်ရည်တလည်လည်ဖြင့် ဝမ်းသာမျော် ရွှင်၍မဆုံး ...။ သမီးကို နတ်သမီးကလေးတစ်ပါးသဖွယ် စိတ် ထဲ မှန်းဆမြင်ယောင်နေသည်။ သမီးလောက် ကံကောင်းတာမရှိ တော့။

လူတိုင်းသည် အမေ့ကို နှုတ်မဆက်ကြပေမဲ့ သမီး ကိုတော့ ချီးကျူးဂုဏ်ပြုခြင်းများစွာဖြင့် နှုတ်ဆက်အရေးယူကြသည်။ အမေ့ကို နေရာမပေးကြပေမဲ့ သမီးကိုတော့ အထူးတလည် လိုလိုလားလားပင် အသိအမှတ်ပြုကြပါသည်။

ထိုမင်္ဂလာပွဲတွင် အမေ့ကို ဘယ်သူမှ မသိလိုက်ပေမဲ့ သမီးကိုတော့ လူတိုင်းက သိခဲ့ကြလေသည်။ သမီးသည် ရှင်ဘုရင် နဲ့ညားတော့ မိဖုရားဆိုသလိုပင် ချက်ချင်း ဂုဏ်ရှိန်ဝါ တလက်လက် တောက်ပလင်းလက်ခဲ့တော့သည်။





မင်္ဂလာပွဲပြီးဆုံးသွားသည်။ အမေသည် ဘယ်သူ့ကိုမှ စကားတစ်ခွန်းမှပင် မပြောလိုက်ရ။ ခပ်ကွယ်ကွယ် တစ်နေရာတွင် သာ ကုပ်ကုပ်ကလေး ထိုင်နေခဲ့ရင်း ခပ်ဝေးဝေးကသာ သမီးကို ကျေနပ်လှိုက်လှဲချစ်ခင်သော အကြည့်တို့ဖြင့် ငေးမောကြည့်နေခဲ့ရလေ သည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



ဒင်နာပါတီကိုတော့ မေမေက ခြံထဲမှာပင် တခမ်းတနား စီစဉ်ပေးသေးလေသည်။ ဒင်နာအတွက် ဒရက်(စ်)ကိုတော့ ဇာဖြူလွလွကလေးကို လက်ပြတ်ကလေးနှင့် တစ်တိုင်းတည်း တိတိရိရိ ရှိစေလျက် ပုလဲပုတီးကလေးဆင်လေသည်။ ကြိုးတစ်ချောင်းသာပါသော ဒေါက်ဖိနပ်လှလှကလေးမှာ Vinceiတံဆိပ် အီတလီဖြစ် ဖိနပ်ကလေးဖြစ်၏။

ဟိုတယ်မှ အစားအသောက်များရော၊ ဝိတ်တာများပါ ခေါ်ထားပြီး ဘူဖေးအစီအစဉ် ခင်းကျင်းထားသဖြင့် လူတိုင်းက ကြိုက်ရာခပ်ယူစားသုံးကြရင်း ကိုယ့်အုပ်စုနှင့်ကိုယ် စကားတပြောပြော ရှိကြသည်။ အမေတစ်ယောက်တည်းသာလျှင် စားပွဲတစ်ခုတွင် ငြိမ်ငြိမ်ကလေးထိုင်လျက် ခြံကျယ်ကျယ် ရေကူးကန်နံဘေး





တွင် ခင်းကျင်းထားသော အစားအသောက်တွေကို သွား၍မယူရဲသောကြောင့် လိပ်ပြာဖြူဖြူကလေးတစ်ကောင်သဖွယ် စားပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ကူးယှက်နုတ်ဆက်ရင်း ပျော်ရွှင်ရယ်မောလျက်ရှိသော သမီးလှပ်ရှားပုံကလေးတွေကိုသာ တမေ့တမော ငေးကြည့်မိလျက်ရှိလေသည်။

သမီးရဲ့ယောက္ခမ ဆရာဝန်မကြီးမှာ ခမည်းခမက်တစ်ယောက်အဖြစ် အမေ့ကို သိသိသာသာ နေရာပေးခြင်း၊ ပွဲထုတ်ခြင်း၊ ဂရုစိုက်ခြင်းမရှိဘဲ ဘာသိဘာသာ နေတတ်ပေမဲ့ သမီးကိုတော့ သည်းသည်းလှုပ် ဂရုစိုက်ချစ်ခင်တာ မြင်ရတော့ အမေ့မှာ ကျိတ်၍ စိတ်ချမ်းသာရသည်။

သမီးရဲ့ ကောင်လေးကလည်း သွားလေရာဆီ သမီးကို လက်ကလေးတွဲချိတ်လျက် ခေါ်ခေါ်သွားတတ်ကာ အရိပ်တကြည့်ကြည့် ရှိတာကို အမေက သဘောကျလေသည်။

ယောကျ်ားဆိုတာ ဒီလိုပဲဖြစ်ရမယ်လေ။ မိန်းမကို သိုယကြင်နာမှု၊ အဇရုးပေးရှေ့တန်းတင်မှု၊ ဂရုစိုက်ဖေးမမှု ရှိမှ ယောကျ်ားမြတ် ပီသတာကလား ... ဟု တွေးမိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးသွားကာ ညှော်ခံပွဲပြီးဆုံးချိန်သို့ ရောက်လာသည်။ ဧည့်သည်တွေ နှုတ်ဆက်ပြန်ကြသည်မှာ ကုန်လောက်ရှိလာပြီး ဝိတ်တာတွေကလည်း ခုံတွေ၊ စားပွဲတွေ၊ ပန်းကန်ခွက်ယောက်တွေ သိမ်းဆည်းကုန်ကြပြီ။

"မိဘတွေကို ကန်တော့ကြမယ်လေ ..."

ဟု ကောင်လေးက စပြောလိုက်တော့ သမီးက ခုမှပင် အမေ့ကို သတိရဟန်တူကာ ...

"ဟုတ်သားပဲ၊ တစ်ချိန်လုံး အမေ ဘယ်ပျောက်နေလဲ မသိဘူး၊ အမေက ခုလို လူအများကြီးနဲ့ပွဲမျိုး တက်လေ့မရှိတော့ ဘယ်သွားရှောင်နေလဲ မသိဘူး၊ အမေကကြဲဖန်ပြီးတော့ကို ရှက်တတ်တာ"

ဟူသော အသံကလေးနှင့် အမေ့ကို လိုက်ရှာသည်။ အမေသည် သမီးထံသို့ ခပ်သုတ်သုတ်သွားကာ ...

"အမေရှိပါတယ် သမီးရယ်၊ တစ်ချိန်လုံး သမီးကို ငေးပြီး ရှုမငြီး ဖြစ်နေတာပါ"

ဟု ပြုံးပြုံးကလေး ပြောလိုက်သည်။





"ဟုတ်ပါရဲ့ .... အစ်မကြီးက အေးလိုက်၊ ရိုးလိုက်တာ"

သမီးရဲ့ ယောက္ခမက အပြုံးချိုချိုဖြင့် ဝင်ကျေတန်းကျေ ပြောပါသည်။

"လာ အမေ ... အမေ့ကို သမီးတို့ ကန်တော့ကြမလို့"

နိုင်ငံခြားမှ ရောက်လာသော သတို့သားရဲ့အဖေမှာ အေးဆေးတည်ငြိမ်ကာ ပြုံးပြုံး ပြုံးပြုံးနှင့် စကားပြောသ သိပ်မကြားရ။ သူ့ဘာသာသူ အေးအေးဆေးဆေးပင် နေတတ်သူဖြစ်သည်။ သမီးကိုတော့ ဂရုတစိုက်၊ အရေးတယူ ရှိရှာပါသည်။

သမီးရဲ့ ယောက္ခမများနှင့်အတူ ဆိုဖာပေါ်တွင် ရှိရှိကလေးထိုင်ကာ သမီးနဲ့သားက ကန်တော့တာကို ခံယူရတော့ အမေ့မျက်ဝန်းထဲ မျက်ရည်တွေ ပြည့်လျှံလာခဲ့ကာ ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းပန်းတနည်း ဖြစ်လာလေသည်။

"မေမေ့သားနဲ့ သမီးတို့ ရာသက်ပန်၊ ရိုးမြေကျ လက်တွဲချစ်ခင်ကြပါစေကွယ်၊ ရတနာစိန်ကျောက်တွေကို ဖယ်တောက်တမ်း ကစားနိုင်ကြပါစေ ..."



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ ယောက္ခမက ခပ်ကွန့်ကွန့်ကလေး ဆုပေး နေစဉ် အမေကတော့ ဆုပေးချင်တာတွေ ရင်ထဲ ဆို့ပြည့်သိပ်နေပြီး ရှိုက်သံတိုးတိုးကလေးသာ ထွက်လာလေသည်။ ဘာဆုမှ ထွက်မလာချေ။

သမီးက အမေ ဝမ်းနည်းဆို့နင့်နေတာကို ငေးကြည့်ရင်း ...

"အမေ သမီးနဲ့ လိုက်နေနော်"

ဟု လွှတ်ခနဲထွက်ရင်း ပြီးမှ ယောက္ခမမျက်နှာဆီ တစ်ချက် လှမ်းကြည့်လေသည်။ သမီးရဲ့စကားက အမေဟို့ ခွဲနေကြရတော့မယ်ဆိုတာကို ပြောပြလိုက်သလိုဖြစ်သည်။

"ဟုတ်သားပဲ အစ်မကြီးရဲ့ ... အိမ်မှာ အခန်းတွေပိုပါတယ်၊ သမီးနဲ့နေချင်ရင် လာနေလေ ..."

"ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ဒါပေမဲ့ ကျွန်မအိမ်ကလေးမှာပဲ ကျွန်မ ပြန်နေပါ့မယ်၊ ကိုယ့်အိမ်ကလေးကို သံယောဇဉ်ရှိလွန်းတော့ ထားမပစ်ခဲ့နိုင်လို့ပါ၊ နော် ...သမီးရယ်၊ အမေ ဟိုအမေ့အိမ်ကလေးမှာပဲ ပြန်နေပါရစေ ...





အမေ ဒီမှာ နေတတ်မှာ မဟုတ်ဘူး၊ အမေ့ဘဝကလေးက ဟိုအိမ်ကလေးမို့ပါ၊ သမီးသာ လိမ်လိမ်မာမာနေခဲ့နော် သမီး၊ ယောက္ခမကို ကိုယ့်မိဘရင်းလိုပဲ ရိုသေလေးစားပါ၊ မပြစ်မှားပါနဲ့၊ ပြုစုသိတတ်ပါ၊ စကားလည်းနားထောင်ပါ သမီး၊ အမေမှာပေမဲ့ သမီးက လိမ္မာပြီးသားပါ၊ အမေထက်တောင် သမီးက ပညာတတ် သေးတာပဲ၊ ကဲ ... မိုးလည်းချုပ်ပြီ သမီး၊ အမေပြန်တော့မယ်၊ အမေ့ကို သတိရတဲ့အခါတော့ အိမ်ကို ဝင်လည်ပါ သမီးရယ် နော်၊ အမေ မျှော်နေမယ်"

ပြောရင်း ပြောရင်း အမေ့ရင်ထဲတွင် တလှပ်လှပ်ဘာလာကာ ဆို့နစ်နာကျင်လာလေသည်။

"အမေကလည်း၊ အမေတစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ တစ်ခုခုဆို သမီးက ဘယ်လိုလုပ် သိနိုင်မလဲ ...

ဒီမှာပဲ သမီးတို့နဲ့အတူ နေလိုက်ပါ အမေရယ်၊ အမေ့ကို တစ်ယောက်တည်း သမီး စိတ်မချဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် အမေ့ပခုံးကလေးကို ဖက်ကာ စိတ်ထိခိုက်ကြေကွဲစွာ ပြောမိသည်။ အမေ့ကို တကယ်ပင် စိတ်မချပါ။ သူမက ပြောနေတော့ သူကလည်း မနေနိုင်။

"ဟုတ်သားပဲ အမေကလည်း၊ ဒီမှာပဲ နေလိုက်ပေါ့၊ အခန်းပိုတွေ အများကြီးပဲ ရှိတာပဲ"

သို့သော် အမေက ခေါင်းခါမြဲ။ အမေ့ရဲ့ အလိုလိုသိနေသော အာရုံတစ်မျိုးက မနေသင့်ကြောင်းသာ တွင်တွင်အချက်ပေးနေသည်။

"အမေ့အိမ်ကလေးကို မခွဲနိုင်လို့ပါ သားရယ်၊ တစ်ခါတစ်ရံ အမေ လာလည်ပါ့မယ်၊ အမေ့ဘဝမှာ ဒီလောက်ခမ်းခမ်းနားနားကြီး တစ်ခါမှ မနေတတ်တော့ နေကိုမနေတတ်လို့ပါ၊ စိတ်ထဲမှာ ဘာလိုမှန်းမသိဘူး၊ စိုးရွံ့နေတာ၊ အလိုလိုရှိန်နေပြီး စိတ်ကျဉ်းကျပ်လာတော့ အသက်ရှူလို့တောင် မဝချင်ဘူး"

"အမေကလည်း ပြောလို့လည်း မရဘူး၊ ခေါင်းမာလိုက်တာနော်"





သမီးက စိတ်ပျက်လက်ပျက် ညည်းညူလေသည်။

"ကဲပါ သမီးရယ်၊ သူ မနေတတ်ရှာတာပါ၊ သူ စိတ်ချမ်းသာတဲ့နေရာမှာပဲ နေပါစေ၊ အမြဲခွဲရမှာမှ မဟုတ်ဘဲ၊ သွားတွေ့ရင်လည်း ရတာပဲ၊ စိတ်မကောင်းဖြစ်မနေပါနဲ့၊ တချို့က ဟုတ်တယ်၊ အဲ့ဒီလိုမျိုးရှိတယ်၊ သိပ်ခမ်းခမ်းနားနားကြီး မနေတတ်ဘူး၊ သိပ်ကောင်းကောင်းကြီး မစားတတ်ဘူး သမီးရဲ့ ...

ဘာခေါ်မလဲ ဆိုက်ကိုတစ်မျိုးပေါ့ သမီးရယ်၊ သူများအိမ်မှာစားရတဲ့ ရွှေထမင်း၊ ငွေထမင်းထက် ကိုယ့်အိမ်မှာစားရတဲ့ ငါးပိရည်နဲ့ထမင်းကို ပိုမက်မောခုံပင်တာမျိုးလေ၊ သားနဲ့သမီးက ပြန်လိုက်ပို့ပေးလိုက်ကြနော်၊ နေတတ်သလို နေပါစေ"

မေမေ ဆုံးဖြတ်ပေးလိုက်ပြီမို့ သူမ ဘာမှ မတတ်နိုင်ဘဲ အမေ့ကို အိမ်ပြန်ပို့ပေးဖို့ မောင်နှင့်အတူ ကားပေါ်သို့ တက်ခဲ့ရသည်။ တစ်နေကုန် ပင်ပန်းထားသဖြင့် လူက မလှုပ်ရှား၊ မတက်ကြွချင်တော့လောက်အောင် ခြေကုန်လက်ပန်းကျနေသည်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်ရာ သူမသည် အမေ့ကို ဒွတ်အတင်းအကျပ်လည်း မတိုက်တွန်းဖြစ်တော့။ မေမေ ငြိုငြင်မှာ၊ စိတ်ခုမှာကိုလည်း စိုးရိမ်သောကြောင့် ဒီ့ထက်ပို၍လည်း မတောင်းဆိုသင့်ကြောင်း သဘောပေါက်နားလည်လေသည်။

အမေသည် ကားနောက်ခန်းထဲတွင် ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။ ဒီနေ့ကစပြီး အမေ့ဘဝမှာ တစ်ဦးတည်းသော မြတ်နိုးတွယ်တာစရာ သမီးကလေးကို ရင်ထဲမှ ဆွဲထုတ်ပေးလိုက်ရပြီ။ သူတစ်ပါးရဲ့ ရင်ခွင်မှာ၊ အရိပ်အာဝါသမှာ သမီး အဆင့်အတန်းမြင့်မြင့် ကျေနပ်ပျော်ရွှင်စွာ နေပေလိမ့်မည်။

အမေသည် ဘဝကို တစ်ယောက်တည်း အထီးကျန်ခြောက်သွေ့ဆိတ်သုဉ်းစွာ ဖြတ်သန်းရမှာကို တွေးပင်မတွေးရဲအောင် ဆွေးမြည့်နာကျင်လျက်ရှိသည်။

သမက်ကလေးကတော့ စကားတစ်ခွန်းမှ မပြောရှာပါ။ သူကလေးက နေတတ်သူဖြစ်သည်။ သိပ်ရောရောနှောနှော နေတတ်ပုံမဟုတ်။ ဟန်ကြီးတစ်ခွဲသားနှင့် နေတာမျိုးလည်းမဟုတ်။





သူ့ပုံစံကိုက ခပ်အေးအေး နေတတ်တာမျိုးဖြစ်သည်။ အပေတူလို့ လားမသိ။

အမေသည် အတွေးတွေထဲ လှုပ်ရှားကူးခတ်ရင်း အိမ်သို့ရောက်လာသည်။

မီးမထွန်းထားသောကြောင့် မှောင်အတိ ကျနေသော အိမ်ကလေးသည် အမေ့ကို နွေးထွေးလင်းမြစွာ ဆီးကြိုလျက်ရှိသည်။

"အမေ ..."

သမီးက ငိုသံပါဖြင့်အော်ကာ အမေ့ကို ဆွဲဖက်ရင်း အမေ့ပခုံးပေါ် မှီနွဲ့တိုးခွေ့ဝင်ကာ ငိုရှာတော့ အမေပါ ရောငိုမိသည်ပေါ့။

"အမေ တစ်ယောက်တည်း ဖြစ်ပါ့မလား အမေ၊ သမီး စိတ်မချဘူး"

"စိတ်ချပါ သမီးရယ်၊ အမေ နေတတ်ပါတယ်၊ ခါတိုင်း သမီး စာမေးပွဲရှိလို့ သူငယ်ချင်းနဲ့ စာသွားကျက်လည်း အမေ တစ်ယောက်တည်း နေတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ခပ်တင်းတင်း ပွေ့ဖက်ရင်း ကျောပြင်က လေးကို ပုတ်ကာပုတ်ကာ ချော့မော့နေရပေမဲ့ အမေ့ရင်သည် တအက်အက် ကွဲနေပြီ။ ရင်ဖွင့်ကာ တအားငိုရှိုက်ချင်လှပြီ။ သို့ပေမဲ့ အမေ မျိုသိပ် သိမ်းဆည်းတတ်တာကို ကျင့်သားရခဲ့ လေပြီ။

ဒါဟာ ဘာမှ မဆန်း။ တစ်နေ့တော့ ချစ်ခင်သူတွေ ဟာ တစ်နည်းနည်းတော့ ကွဲကွာကြရပြီး တစ်ယောက်တည်း သွားကြရမှာပဲ ... ဟု ဖွတ်မိုက်ဖြေသိမ့်ပါသည်။

"ကဲပါ သမီးရယ်၊ မိုးချုပ်လှပြီ၊ ပြန်တော့နော်"

ဟု ကားထဲသို့ အတင်းတွန်းပို့ရသည်။

"အမေ ... ကျွန်တော်တို့ ပြန်တော့မယ်၊ ကျွန်တော်တို့ အမြဲ လာလည်ပါ့မယ်၊ အမေ ကျန်းမာအောင်လည်းနေဦး ယုဂန်က အမေ့ကို သိပ်ချစ်တာ"

ဟု သားက နှုတ်ဆက်၏။ ပြီးတော့ ကားကို စတင် မောင်းထွက်သွားသည်။ သမီးက ငိုရှိုက်ရင်း၊ လက်ပြရင်း ပါသွားသည်။





အမေသည် ထွက်ခွာသွားသောကားဆီ သို့ မမိုတ် မသုန် မျက်လုံးများဖြင့် တစူးနင့်နင့် စိုက်ကြည့်ရင်း ရင်ကွဲသံကိုပင် ပြန်ကြားလိုက်ရသလို ခံစားလိုက်ရသည်။

ထိုအချိန်မှစ၍ အမေသည် ထိန်းချုပ်မျိုသိပ်ထား သမျှကို လွှတ်ပေးလိုက်ကာ ရှိုက်ကြီးတငင်ပင် ငိုကြွေးမိတော့ လေသည်။

လူတိုင်းပင် အိပ်မောကျလျက်ရှိပြီ။ အမေသည် အိမ်ကလေးထဲသို့ တစ်ယောက်တည်း ငိုယိုရင်းဝင်လာကာ သမီး စာထိုင်ကျက်သော စားပွဲကလေးသို့ ကြည့်လိုက်၊ သမီးအိပ်ခဲ့သော အမေ့ဆောင်က နေရာကလေးကိုကြည့်လိုက်၊ သမီးရဲ့ အငွေ့အသက် ကလေးတွေ ကျန်မြဲဖြစ်သော သမီးရဲ့အကျႌအဝတ်အစားကလေး တွေကို ပွေ့ဖက်မွှေးရှိုက်လိုက်နှင့် တစ်ယောက်တည်း ရှုးကျန်ခဲ့ လေသည်။

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

သူမ၏ဘဝသည် လုံးဝ အသစ်ပြောင်းလဲပစ်လိုက်သလို အသ
ဖြစ်ခဲ့လေသည်။ ကိုယ်ကချစ်ရသူ ကိုယ့်ကို ချစ်ရသူနှင့် လက်
ပြီး အတူနေရတာလောက် ပျော်ရွှင်ဖွယ်ကောင်းတာ မရှိတော့

အမေ့ကို တစ်ခါတစ်ရံ သတိရလွမ်းဆွတ်တာ
စိတ်မချ နောက်ဆံတင်းရတာ၊ အမေ ဘယ်လိုများနေရှာမလဲ
စိတ်မကောင်း ဖြစ်ရတာကလွဲလျှင် သူမ ဘဝသည် ပြီးပြည့်စုံ
သည်။ ဘဝအဓိပ္ပာယ် ပို၍ ပြည့်ဝခမ်းနားလာသလို ခံစား
သည်။

မေမေသည် သူမအပေါ် သမီးတစ်ယောက်လို ပြို
ချစ်ခင်လာဆဲ။ ဘယ်သွားသွား ဘာလုပ်လုပ် ...





"သမီးရေ ... မေမေနဲ့ လိုက်ခဲ့ပါဦး၊ မေမေ့ကို ကူပေးပါဦး။"

စသဖြင့် တတွတ်တွတ်၊ မရွဲမရွာ ရှိတတ်သည်။ ယုတ်စွအဆုံး သူမ အမေအိမ်သို့ သွားလည်လျှင်ပင် မေမေ သို့မဟုတ် မောင်က လိုက်ပါမြဲ။

အမေသည် သမီး အိမ်ကိုလာလည်တိုင်း ယုယုယယ ထွေးပိုက်ကာ အားပါးတရ နှုတ်ဆက်ပွေ့ဖက်ထားချင်ပေမဲ့ သမီး တစ်ယောက်တည်း မဟုတ်သောကြောင့် မျိုသိပ်ကာ ဣန္ဒြေရရ ပင် နေရသည်ကို စိတ်ညစ်လှသည်။ သမီးက ဧည့်သည်တစ်ယောက် လိုပင် လှလှပပ ကြော့ကြော့မော့မော့ ဝတ်စားဆင်ယင်ကာ ခဏသာလာတတ်တာမို့ အမေ့မှာ သမီးနဲ့ တွေ့ရတာ မဝချေ။

အမေတစ်ယောက်တည်း တစ်ကိုယ်တည်း ဖြတ်သန်း နေရသော ဘဝမှာ အထီးကျန်မှုတွေ၊ ခြောက်သွေ့ငြိုငွေ့မှုတွေ၊ သမီးကို အောက်မေ့တမ်းတလွမ်းရသဖြင့် ရင်နာရခြင်းတွေ၊ လူ့ဘဝမှာ နေချင်စိတ်ကုန်ခန်းနေလောက်အောင်ပင် ပြိုလဲယိုင် ကွဲမှုတွေ ပြည့်သိပ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ P.R.Mဆိုတဲ့ ကာကွယ်လူမှုဆေးပညာဘာသာအတွက် ကော့မှူးကို Field Tripထွက်ရတော့မယ် အမေ၊ အဲ့ဒါ အမေ့ဆီ တစ်လလောက် သမီး လာတွေ့ဖြစ်မှာ မဟုတ်ဘူး၊ အမေ မျှော်မနေနဲ့ဦးနော်"

ဟု သမီးက ပြောခဲ့ပေမဲ့ ထိုတစ်လသည် အမေ့အတွက် အဓိပ္ပာယ်ကင်းမဲ့လှကာ ရှည်လျားခြောက်သွေ့လွန်းလှသည်။

အသံဖုတ်ခနဲ ကြားတိုင်း အမေ အပြေးထွက်ကြည့်မြဲ။

သမီး မရှိပေမဲ့ သမီး ရှိနေသည့်ဟန် စကားတပြောပြောရှိမြဲ။ တစ်ခါတစ်ရံ သိပ်လွမ်းလာလျှင် ငိုမြဲ။ သမီးအကြောင်း ဈေးထဲက မိတ်ဆွေတွေကို ဂုဏ်ယူဝင့်ကြွားစွာ ပြောပြရတာလည်း မမောမြဲ။ လူတွေက ပြောကြသည်။

"သမီးက ဒီလောက် အထက်တန်းကျကျနေနိုင်၊ ချမ်းသာသွားပြီဥစ္စာ၊ မမြမိုက ဘာလို့ ဈေးရောင်းနေရတာတုန်း သမီးနဲ့ လိုက်နေတော့ပေါ့"





"ခေါ်ပါ့ ... ခေါ်ပါ့ ... သမီးက သူနဲ့အတူ လာနေဖို့ ခေါ်ပါရှင်၊ ဒါပေမဲ့ ကျွန်မကိုက ချမ်းချမ်းသာသာနဲ့ လိုက်မနေနိုင်တာပါ၊ ဒီဘဝကလေးမှာပဲ ကျွန်မ ပျော်တယ်၊ ကျွန်မ အိမ်ကလေးကိုပဲ ကျွန်မ စုံမက်တယ်၊ သံယောဇဉ်ကြီးတယ်၊ မခွဲနိုင်ဘူးရှင်၊ ဒါကြောင့် ကျွန်မ အိမ်ကလေးမှာပဲ ကျွန်မ နေမယ်"

"သမီးက ဆရာဝန် ဖြစ်တော့မယ်နော်"

"ဖြစ်တော့မှာရှင့် ... ဒီတစ်တန်းအောင်ပြီး ရှေ့တစ်တန်းအောင်ပြီးရင် ဆရာဝန်ဖြစ်ပြီလေ"

အမေ့ အသံမှာ ကျေနပ်ဝင့်ကြွားမှုဖြင့် စူးရှချိုမြိန်လွန်းနေသည်။

သမီးအကြောင်း ပြောပြသည့်အထဲတွင် အမေ့မှာ တစ်နေ့တစ်နေ့ သမီးအလာကို လည်ပင်းရှည်ထွက်မတတ် မျှော်ရတာမပါ။ သမီး ရောက်လာသောနေ့များတွင် ကလေးတစ်ယောက်လို ဝမ်းနည်းကြေကွဲစွာ ငိုကြွေးရတာမပါ။ အမေ တစ်ယောက်တည်း အထီးကျန်ခြောက်သွေ့ရတာ မပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အများအမြင်မှာတော့ အမေသည် သမီးအတွက် ဂုဏ်ယူကျေနပ်နေသူ၊ အမေ့ဘ၀ကို ပျော်ရွှင်စုံမက်နေသူ၊ ဘယ်သောအခါမှ မငြိုးငွေ့တတ်သူဖြစ်သည်။

သို့သော် အမေတစ်ယောက်တည်း အားငယ်ရကာ၊ နာကျင်ကြေကွဲရတာ၊ ရင်ထဲ မွန်းနှစ်နင့်သီးရတာတွေကိုတော့ ဘယ်သူမှ မသိစေခဲ့ပါ။

* * *





သူမ၏ ဘ၀တွင် ဘယ်အချိန်မှာ ဘာလုပ်ရမည်ဟု စနစ်တကျ စီမံကိန်းချ၍ ဦးဆောင်လမ်းပြခဲ့သည့် မေမေ့အစီအစဉ်အတိုင်းပင် သူမ Final Part (II) အောင်ပြီးချိန်မှာ ကိုယ်ဝန်စယူခဲ့ရလေသည်။

"သမီး ကိုယ်ဝန်ယူတော့"

ဟု မေမေက အပြုံးကလေးနှင့် ချိုချိုသာသာ အမိန့်ပေးခဲ့သည်။ သူမကလည်း တစ်ခွန်းမှ စောဒကမတက်ဘဲ ကျေကျေနပ်နပ်ပင် နာခံခဲ့ခြင်းဖြစ်သည်။ သူမ စဉ်းစားကြည့်တော့လည်း ကိုယ်ဝန်ကြီးရှိချိန်တွင် House Surgeon ဘ၀ကို ဖြတ်သန်းမည်။ စာကျက်စရာမလိုသောကြောင့် စိတ်ဖိစီးမှုဝေဒနာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



HouseSurgeon ဆင်းရမည်မှာ တစ်နှစ်တိတိမို့ House အပြီး ဘွဲ့ယူချိန်တွင် သူမက ကလေးမွေးပြီးပြီမို့ Convocation ကို လှလှပပကလေး တက်ရုံပင်။ ဗိုက်ပူကြီးနှင့် မဟုတ်တော့။

ပြီးတော့ IELTS ဖြေဖို့ ကျူရှင်တက်ရန် မေမေက ဆရာမပင် ရှာဖွေမိတ်ဆက်ပြီးထားပြီ။ ထို့နောက် စာမေးပွဲဖြေ ဖေဖေက အင်္ဂလန်မှနေ၍ စပွန်ဆာလှမ်းပို့၊ လိုအပ်သည့်ကိစ္စတွေ စီစဉ်လျက် မောင်နှင့် သူမက အင်္ဂလန်သို့သွားဖို့ စီစဉ်ကြရမည်။ မေမေ စီစဉ်သမျှတွင် ဘာမှ လှစ်ဟာကွက်မရှိပါ။

သူမ ကိုယ်ဝန်စရှိကြောင်း အမေ စသိရချိန်တွင် အမေ့မှာ ပျာယာခတ်ကာ ပျော်ရွှင်လွန်းသဖြင့် နေမိထိုင်မသာ ဖြစ်ရလေသည်။ သမီးမျက်နှာကလေးကို တမက်တမော ကြည့်ရကာ ...

"သမီးကြည့်ရတာ သမီးကလေး မွေးမယ်ထင်တယ် သမီးရဲ့ မျက်နှာကလေးက နုဖတ်ပြီး ပိုလှလာတယ်"

ဟု အမေကပြောရာ သူမက ...





"အဲ့ဒါက နည်းနည်းလရင့်မှ Ultrasound ရိုက်ကြည့်ရမယ် အမေရဲ့၊ မေမေ့ဆီမှာပဲ ဗိုက်အပ်ထားတယ်၊ မေမေ မွေးပေးလိမ့်မယ် အမေ"

ဟု မေမေ့အပေါ် အားကိုးတကြီး ပုံအပ်ထား‌သော အသံမျိုးဖြင့် ပြောလိုက်လေသည်။

"သမီး ဘာစားချင်တဲ့ အာသီသဖြစ်လဲ၊ အမေ ချက် ပြီး လာပို့ပေးမယ်လေ၊ ဒီအချိန်က ခံတွင်းတောင်းတတ်တဲ့ဘာ လေးတွေ ရှိတတ်တယ်"

"သမီးကတော့ အသီးအနှံတွေချည်းပဲ စားချင်တာပဲ အမေ မေမေ့ကို ပြောပြတော့ မေမေက အသီးအနှံအစုံ ရေခဲသေတ္တာ ထဲ ထည့်ပေးထားပါတယ် ... မောင်ကလည်း အရမ်းဂရုစိုက် တယ် အမေ၊ သမီးမှာ ဘာမှ မလိုဘူး၊ အမေသာ အမေ့ ကိုယ်အမေ ဂရုစိုက်နော်၊ တစ်ယောက်တည်း နေတာကို သမီး တစ်စက်ကလေးမှ စိတ်မချဘူး၊ သမီးနဲ့ လာနေ ဆိုလည်း မနေဘူး"

"အမေ့အတွက် မပူပါနဲ့ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုသာ အမေက ပြောလေသည်။ သမီး ခုလို ကိုယ်ဝန်ဆောင်ချိန်မျိုးမှာ အမေက သမီးကို ပို၍ စိတ်မချ၊ နောက်ဆံတင်းရလေသည်။ သမီးအတွက်လည်း ဘာမှ လုပ်ပေးနိုင်စွမ်းမရှိ။ သမီးကို မပြုစု၊ မယုယရတာကို အမေ့မှာ စိတ်မကောင်းဖြစ်ရသည်။

ယောက္ခမဖြစ်သူက သမီးအတွက် အစအဆုံး တာဝန်ယူအုပ်စိုးထားကာ သမီးကလည်း အမေ့ထက်စာလျှင် ယောက္ခမကိုသာ ပို၍ အထင်ကြီးကိုးစားလျက် ရှိတာကိုတော့ အမေ့ရင်မှာ မချိအောင် ခံစားရလေသည်။ အမေသည် သမီးအတွက် သူစိမ်းတစ်ယောက်၊ အပြင်လူတစ်ယောက် ဖြစ်ခဲ့ပြီလား ... ဟု နာကျင်စွာ တွေးမိလေသည်။

အမေသည် သမီးအတွက် ဗိုက်ဖုံးအင်္ကျီပွပွကလေးများကို သမီးဝတ်လို့ရအောင် အရိပ်ပန်းစ ပါးပါးကလေးများဖြင့် ကိုယ်တိုင် လက်ချုပ်ဖြင့် သီရက်ကာ သမီးရှိရာဆီသို့ သွားပို့ရသည်။

သမီးက ပန်းနုရောင် ဝတ်စုံကလေးကို ဝတ်ထားခဲ့ကာ အမေ ချုပ်ပေးသော ဗိုက်ဖုံးအင်္ကျီ ကလေးတွေကို ကြည့်ရင်း ...





"ဘာလို့ အပင်ပန်းခံပြီး ချုပ်ရတာလဲ အမေရယ်၊ ဒီမှာမောင်က သမီးအတွက် အကုန်ဝယ်ပေးထားပါတယ်၊ ဗိုက်ဖုံးဝတ်စုံတွေလေ အမေ၊ သိပ်လှတာပဲ၊ ဝတ်ရတာလည်း ပေါ့ပေါ့ပါးပါးရှိတယ် ...

အမေ့ဘာသာ အေးအေးဆေးဆေးနေပါ အမေရယ်၊ သမီးအတွက် အပင်ပန်းမခံပါနဲ့၊ သမီးမှာ အားလုံးလိုလေသေးမရှိ ပြည့်စုံပါတယ်"

ဟု သမီးက ပြောတော့ အမေ့မှာ စိတ်မကောင်းဖြစ်ရလေသည်။ ကိုယ်ဝန်တစ်ဖက်နှင့် ဆရာဝန်ပီပီ ဆေးရုံဆင်းနေရသော သမီးကို အမေ့မှာ ပီတိလည်းဖြစ်၊ သနားလည်းသနားလို့ မဆုံးပေ။

ကိုယ်ဝန်သက် တဖြည်းဖြည်း ရလာသည်နှင့်အမျှ အမေသည် သူမကို အရိပ်ကြည့်လျက်ရှိသည်။ လေ့ကျင့်ခန်းများကို မေမေကိုယ်တိုင် အတူလိုက်လုပ်ကာ သူမကို ကိုယ်ဝန်ဆောင်ခြင်းလေ့ကျင့်ခန်းတွေ မှန်မှန်လုပ်စေသည်။ ဆေးမှန်မှန်သောက်ဖို့၊ အစားအအိပ်မှန်ဖို့ကို မောင်က တာဝန်ယူရသည်။ သူတို့သား



www.burmeseclassic.com

www.burmeseclassic.com



အမိ ဂရုစိုက်လွန်းတာနှင့်ပင် သူမမှာ မနေတတ်၊ မထိုင်တတ် ဖြစ်ရသေးသည်။

ဗိုက်ကြီးတကားကားနှင့် House ဆင်းရတာမို့ တခြားသူငယ်ချင်းများက သူမကို အလွန်ညှာကြပါသည်။ Night ဂျူတီတို့၊ 24 hour duty တို့ဆိုလျှင် သူတို့ကပဲ ဝိုင်းဝန်းဆင်းပေးတတ်ကြသဖြင့် သူမမှာ House Surgeon ဘဝကို ခက်ခဲပင်ပန်းခြင်းမရှိလှဘဲ ဆင်းနိုင်ခဲ့လေသည်။

Medicine, Sargery, child နှင့် O.G Posting လေးခု ဆင်းရသည်ဖြစ်ရာ သူမမှာ ကံကောင်းချင်တော့ နောက်ဆုံး Posting ကို O.G ကျပြီး ဆင်းရတော့လည်း မေမေ့ဆေးရုံမှာ ဆင်းရလေသည်။ သူမအတွက် အစစအရာရာသည် စနစ်တကျ စီစဉ်အကွက်ချထားခဲ့သလိုပင် အလွယ်တကူ ဖြစ်ခဲ့လေသည်။ ဗိုက်တစ်ဖက်နှင့်မို့ အမေ့ဆီ သိပ်မသွားနိုင်တော့ပေမဲ့ အမေက နေ့တိုင်း လာတွေ့ရှာပါသည်။

* * *





သူမက ကလေးမွေးဖို့အတွက် မေမေ့ဆေးရုံမှာပင် မွေးဖွားဖို့ မေမေက အထူးခန်း စီစဉ်ထားခဲ့သည်။

သူမ ဗိုက်နာလာချိန်တွင် ပထမဆုံး တမ်းတမိသည်မှာ အမေ့ကို ဖြစ်လေသည်။

"အမေ ... အမေ့ကို ခေါ်ပေးပါ မောင်ရယ်"

ဟု သူမက တမ်းတမ်းတတ ယူဆာလျှင် မောင်က အမေ့ကို သွားကြို ဟာသည်။ မေမေကတော့ သူမကို စမ်းကြည့်ပြီး ...

"သမီးရေ ... ဆေးရုံကြိုတင်ရအောင်၊ သမီး ဒီနေ့ည မွေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် သူတို့အားလုံး ဆေးရုံသို့ ချီတက်ခဲ့ကြသည်။ သူမသည် မေမေ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားပြီး အမေ့လက်ကိုလည်း သတိတရ ဆုပ်ကိုင်ထားသေးသည်။

အမေသည် အင်္ဂလိမာလသုတ်တွေ အထပ်ထပ်ရွတ်။ မေတ္တာသုတ်တွေ ရွတ်နှင့် သမီးကိုသာ ပူပင်စိုးရိမ်နေသည်။ သမီးမျက်နှာရှုံ့မဲ့တွန့်လိမ်နေကာ နာကျင်မှုဝေဒနာကို ခံစားနေရတာ မြင်တိုင်း အမေ့ရင်ထဲ ပူလောင်နာကျင်ကာ သမီးရဲ့ ဝေဒနာတွေ အားလုံးကို အမေတစ်ယောက်တည်း သိမ်းကျုံးယူငင်ချင်လောက် အောင်ပင် ကိုယ်ချင်းစာလျက်ရှိသည်။

သမီးယောက်ျားလေးခမျာလည်း သမီးကို ဂရုတစိုက် ရှိလှပါသည်။ ဆေးရုံတက်ပြီဆိုတာနှင့် သမီးအတွက်၊ ကလေး အတွက်ပါ လိုအပ်သမျှပစ္စည်းတွေ ဘာမှ မကျန်စေရ။

"ကဲ ... သမီးရေ ... မွေးခန်းထဲ ဝင်ရအောင်"

ဟု သမီးရဲ့ ယောက္ခမက ပြောပြီး သမီးကို မွေး ခန်းထဲသို့ သွင်းသွားလျှင် သမီးယောက်ျားက ...

"မေမေ ကျွန်တော်လည်း လိုက်ဝင်မယ်"





ဟု ဆိုသည်။ ဆရာဝန်မို့ မွေးခန်းထဲ ဝင်ခွင့်ရလေသည်။ အမေမှာသာ တစ်ယောက်တည်း ယောင်ချာချာဖြစ်ကာ မွေးခန်းဝမှာ မျက်စိသူငယ်နှင့် ကျန်ရစ်ခဲ့ရသည်။

အမေ့ မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းလာခဲ့သည်။ သမီးအထင်ကြီးလေးစားသော၊ အားကိုးရလောက်သော မိခင်တစ်ယောက် အမေ ဘာလို့ မဖြစ်ခဲ့ပါလိမ့်။ သမီးရဲ့ ယောက်ျားနှင့် ယောက္ခမက သမီးကို ကိုယ်တိုင်ကိုယ်ကျ မွေးဖွား ပေးခွင့်ရကြချိန် သမီးနဲ့ တစ်စည်းထဲမှာ ရှိကြချိန်မှာ အမေက သမီးအတွက် ဘာမှ လုပ်ပေးခွင့်မရ။

အခန်းပြင်မှနေ၍သာ လူစိမ်းတစ်ယောက်ပမာ ဂါထာတွေ နာနာဖိရွတ်ကာ ပူပန်သောက ရောက်နေရသည်။

မကြာပါ။ မွေးခွန်းထဲမှ ကလေးငိုသံကလေး စူးရှစွာ ထွက်ပေါ်လာသောအခါ အမေသည် မွေးခန်းဝနားအထိ ပြေးဝင်မိ မတတ် စိတ်လှုပ်ရှားသွားလေသည်။ အခန်းဝမှ သူနာပြုဆရာမ က ...



www.burmeseclassic.com

www.burmeseclassic.com



"အပြင်လူ မဝင်ရဘူးလေ-အမေကြီး၊ ဆရာမကြီး စိတ်ဆိုးလိမ့်မယ်၊ ခုမွေးနေတဲ့ လူနာနဲ့ ဘာတော်လဲ၊ ကျွန်မ သွားကြည့်ပေးမယ်"

ဟု တားမြစ်မှပင် အမေမှာ ကိုယ်ရှိန်သတ်ရသည်။

"အမေ့ရဲ့ သမီးပါကွယ်၊ သမီးလေး ကျန်းကျန်းမာမာ ရှိရဲ့လား၊ အမေ့ကိုများ လိုအပ်နေမလား၊ သိချင်လွန်းလို့ပါ၊ ပြီးတော့ မြေးမကလေးကိုလည်း တွေ့ချင်လွန်းလို့ပါ ဆရာမရယ်"

"ဒါဆို ခဏစောင့်ဦး၊ ကျွန်မ သွားကြည့်ပေးမယ်"

မမွေးခင်ကတည်းက မိန်းကလေးဆိုတာကို ကြိုသိထားခွင့်ရပြီးသားမို့ အမေသည် မြေးမကလေးဟု ပိုင်ပိုင်နိုင်နိုင် ခေါ်နိုင်ခြင်း ဖြစ်ပါသည်။ ဝမ်းသာလွန်းသဖြင့် အမေ့တစ်ကိုယ်လုံးမှာ တုန်ယင်နေလေသည်။ ခဏကြာတော့ သူနာပြုဆရာမလေး ပြန်ထွက်လာကာ ...

"သမီးကလေးက ဖြူဖြူဖွေးဖွေး တစ်တစ်ရစ်ရစ်ကလေး ဆံပင်နက်နက်ထူထူတွေနဲ့ အရမ်းလှတာပဲ၊ သမီးလေး





အမေပါ ကျန်းမာကြပါတယ်၊ ဆရာမကြီးကိုယ်တိုင် ဂရုတစိုက် ပြန်ချုပ်ပေးနေပါတယ်၊ စိတ်ချတော့နော် အမေကြီး"

ဟု လာပြောသွားလေသည်။ အဲ့ဒီတော့မှပင် အမေ့မှာ စိတ်အေးလက်အေး ရှိရတော့သည်။

သမီးကို ထရော်လီပေါ်တင်ကာ သီးသန့်ခန်းဆီသို့ ပို့ချိန်တွင် မြေးကလေးကို ယောက္ခမကိုယ်တိုင်က တယုတယ ထွေးပွေ့လျက် လိုက်ပါလာသည်။ အမေမှာ မြေးကလေးကို ဦးဦးဖျားဖျား ချီပွေ့ပိုက်ထွေးချင်လှပေမဲ့ သမီးရဲ့ ယောက္ခမက မြေးဦးကလေးကို လက်ပေါ်မှ မချ။ တပြုံးပြုံးနှင့် မြေးကလေးကို အပိုင်စီးထားတော့လေသည်။

အမေသည် သမီးရဲ့ ဆံပင်ကလေးတွေ သပ်ပေးလိုက်၊ သမီးရဲ့ လက်ကလေးကို ဖွဖွဆုပ်ကာ အားပေးလိုက်ဖြင့် ထိုတစ်ညတာကို တစ်ရေးမှ မအိပ်လိုက်ဘဲ ဖြတ်သန်းခဲ့ရလေသည်။

"သမီးရယ် ... ကလေးမွေးပြီးရင် နနွင်းသောက်ရတယ်၊ ပြီးတော့ တစ်ကိုယ်လုံး နနွင်းလိမ်းရကယ်၊ အမေ ခဏပြန်ပြီး နနွင်းသွားပြန်ယူမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အမေကပြောတော့ သမီးရဲ့ ယောက္ခမက ဟက်ဟက်ပက်ပက် ရယ်မောကာ ...

"မလိုပါဘူး အစ်မကြီးရယ်၊ ရှေးဆန်လိုက်တာ၊ သမီး အတွက် ကျွန်မ အားလုံးတာဝန်ယူထားပြီးသား၊ အဲ့ဒီ အယူအဆ တောမှာသာကြီးစိုးတာ၊ ခုခေတ်မှာ မရှိတော့ဘူး၊ ကလေးရဲ့ချက်ကို ဆေးတို့ဖတ်ကြီး အုပ်တာတို့ ဘာတို့က တကယ် ဒုက္ခပေးတာ ...

Umbilical Sepsis ဝင်တာရဲ့ အဓိက,က အဲ့ဒါပဲ သမီးရဲ့ သိလား ... အဲ့ဒီကလေးက Jaundice(အသားဝါ) ဝင်ရော"

ဟု ပယ်ချလိုက်သောအခါ အမေသည် ငြိမ်ဝပ်သွားကာ ဘာမှ မပြောဖြစ်တော့ပေ။ မြေးကလေးကိုပင် အမေမှာ လွတ်လွတ်လပ်လပ် ချီခွင့်မရချေ။ သမီးယောက္ခမ ချီလိုက် သားက ချီလိုက်၊ ကလေးက အိပ်လိုက်နှင့် အမေ့အတွက် အချိန် မရ။





အမေလုပ်ပေးနိုင်တာဆိုလို့ ကလေးအနှီးလျှော်ဖွပ် ပေးရတာလောက်သာရှိသည်။ သမီးအတွက် ဝေယျာဝစ္စတွေကို သူနာပြုဆရာမလေးက လုပ်ပေးလေသည်။ ဆေးရုံက ပြန်လာ ပြီး အိမ်ပြန်ရောက်သည့်တိုင် သူနာပြုဆရာမကို နေ့ညပါ ငှားထား လေသည်။ အမေ့အတွက် နေရာမရှိ။ သမီးအတွက် အမေ ဘာမှ လုပ်ပေးနိုင်ခြင်းမရှိ။

သူမသည် သမီးကလေးကို ထွေးပွေ့ထားပြီး နို့ချိုတိုက်ကျွေးစဉ် မိခင်တစ်ယောက်မေတ္တာကို အလိုလို ခံစားနား လည်လာခဲ့သည်။ ထိုအခါ ဆံပင်ဖြူများ ဖွေးဖွေးလှုပ်အောင် ဖြူ နေသော အမေ့ကို ဂရုတစိုက် သတိထား၍ ကြည့်မိလာသည်။ ခုရက်ပိုင်းအတွင်းမှာပင် အမေ အတော် အိုစာသွားခဲ့လေပြီ။

"အမေရယ် ... သမီးတို့နဲ့အတူ လာနေပါလားဟင်၊ အမေ့မြေးကိုလည်း အမေ အမြဲဂရုစိုက်ရတာပေါ့"

ဟု သူမက အမေ့ကို ပြောလေသည်။ အမေသည် ခေါင်းခါမည်ပြင်ပြီးမှ မြေးကလေးကို လှမ်းကြည့်မိတော့ မငြင်းရက် တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မြေးကလေးကိုတော့ အမေ သိပ်ချစ်တာပဲ သမီးရယ်၊ ကိုယ့်သမီးကလေးရဲ့ အသွေးအသားကလေးဆိုတဲ့ အသိကြောင့် အမေ့ကို ပိုပြီး နွေးထွေးစေတယ်၊ မြေးကလေးကို ပြုစုဖို့ဆိုရင် အမေ လာနေပေးပါ့မယ်"

"လာနေပါ အမေရယ်၊ သမီးတို့က အိမ်မှာ အမြဲရှိချင်မှ ရှိမှာ ကျူရှင်တက်၊ ဘာတက်နဲ့ အပြင်ထွက်နေရမှာဆိုတော့ အမေရှိရင် သမီးစိတ်ချတာပေါ့"

ဟု သူမက ဖွင့်အတင်းခေါ်လေသည်။ အမေတော် ယောက်တည်းနေတာကို သူမ ဘယ်တုန်းကမှ စိတ်ချကျေနပ်ခြင်း မရှိခဲ့။ သူမအနားမှာ အမေ့ကို သိုင်းသိုင်းဝန်းဝန်း ပြည့်ပြည့်စုံစုံ နေစေချင်လေသည်။

ဆင်းရဲစဉ်က အမေနှင့်သူမ အတူရင်ဆိုင်ခံစားခဲ့သော သူမ ခုလို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ နေခွင့်ရချိန်တွင် အမေ့ကိုလည်း သူမနှင့်အတူတကွ စံစားစေချင်သော ဆန္ဒ အပြည့်ရှိလေသည်။





အမေသည် မြေးကလေးမျက်နှာတစ်ခုတည်းဖြင့် သူများအိမ်မှာ လိုက်နေဖို့ စွန့်စွန့်စားစား ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။

အမေသည် မြေးကလေးကို အချိန်တိုင်းမှာ အနီးကပ်စောင့်ရှောက်ထိန်းသိမ်းဖို့ ကြံစည်ကာ အမေ့အိမ်ကလေးကို သော့ခတ် မျက်နှာလွှဲလိုက်လျက် ဆိုင်ကလေးကိုတော့ ရောင်းမပစ်ရက်သဖြင့် အငှားတင်လိုက်လေသည်။

ထို့နောက်တော့ အမေသည် ခမည်းခမက်အိမ်သို့ စွန့်စားခြင်းတစ်မျိုးဖြင့် ရောက်ရှိလာခဲ့တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

အမေရောက်လာခြင်းကို ခမည်းခမက်က လှိုက်လှိုက်လှဲလှဲ ကြိုဆိုခြင်း မရှိသလို မလိုလားဟန် ငြူစူစောင်းမြောင်းခြင်းလည်း မရှိ။ ပညာတတ်အမျိုးသမီးကြီးပီပီ သူ့ရင်တွင်းမှာ ဘယ်လိုရှိသည်ကို အမေ မသိရ။ သို့သော် အမေကတော့ စိတ်ထဲမှာ အလိုလိုသိမ်ငယ်အားငယ်လျက်ရှိသည်။

ခမည်းခမက်သည် သမီးနှင့် မြေးကိုတော့ ဖူးဖူးမှုတ် အလိုလိုက်ထားတတ်ပေမဲ့ အမေနှင့်တော့ တရင်းတနှီး စကားလက်ဆုံကျလှေ့ မရှိပါ။ တစ်နေ့လုံး စကားအနည်းအကျဉ်းပြောရုံကလွဲပြီး သူ့ဘာသာသူနေ၊ ကိုယ့်ဘာသာကိုယ်နေ ပုံစံမျိုးနေတတ်သည်။





သမက်ကလေးကျတော့လည်း သမီးနှင့် ဇနီးနားမှာ အမြဲတပူးပူး တကပ်ကပ် နေတတ်ကာ အမေ့ကို နှုတ်ဆက်စကားကိုဆိုရုံ၊ နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ မေးမြန်းရုံလောက်သာ ခင်မင်ဖော်ရပါသည်။ အမေသည် ခိုးကိုးစရာဆိုလို့ သမီးနှင့် မြေးကလေးသာရှိ၏။ အချိန်ရှိတိုင်း မြေးကလေးနားသာ ကပ်နေလေသည်။

သို့သော် သိပ်မကြာခင်မှာပင် အမေနှင့်မြေးကလေးကို တစ်စုံတစ်ရာက ကျကျနန လှလှပပပင် ခွဲထုတ်ပစ်လိုက်တော့၏။ ထိုတစ်စုံတစ်ရာမှာ ဘိုဆန်မှုလား၊ ခေတ်ဆန်မှုလား၊ လူသားမဆန်မှုလား၊ အထက်တန်းကျမှုလားဆိုတာအမေ မဝေခွဲတတ်။

ရုပ်ရည်အလွန်သန့်ပြန့်သပ်ရပ်သော အသက်လေးဆယ်အရွယ် 'နာနီ' ဆိုသော ကလေးထိန်းကရင်အမျိုးသမီးတစ်ယောက်ကို သမီးရဲ့ ယောက္ခမက ငှားလိုက်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမိုးက နာနီ လုပ်စားလာတာ အသက်ဆယ်ခုနစ်သမီး အရွယ်ကတည်းကပဲ သမီးရဲ့၊ ဒါ သူ့ရဲ့ ပရော်ဖက်ရှင် နယ်လ်ပဲ၊ အရမ်း စည်းစနစ်ကျနပြီး သန့်ရှင်းတယ်၊ စည်းကမ်းကြီးတယ်၊ သူလိုလူမျိုးရတာ ကံကောင်းတယ် မှတ် သမီးရေ၊ မေမေ့လူနာတစ်ယောက်က ဆက်သွယ်ပြီး ရှာပေးတာ ...

ကလေးတာဝန်အားလုံး သူကပဲ အစအဆုံး တာဝန် ယူလိမ့်မယ်၊ သမီးလည်း ညဘက် အိပ်ရေးမပျက်တော့ဘူး ပေါ့၊ သမီး နို့တိုက်ရမဲ့အချိန် သူ လာပို့ပေးလိမ့်မယ်၊ ကလေးခန်းထဲမှာ သီးသန့်ထားမယ်၊ သူ့ဘာသာသူ အချိန်ဇယားနဲ့ စနစ်တကျ ထိန်းသိမ်းသွားလိမ့်မယ်၊ အိပ် ချိန်၊ စားချိန်၊ ဆေးသောက်ချိန်၊ ကစားချိန် အားလုံး သူ လုပ်သွားမယ် ...

မေမေတို့ကလည်း ကိုယ့်တာဝန်တွေနဲ့ဆိုတော့ မြေး လေးကို နာနီထားမှကို ဖြစ်မှာ၊ ဒါမှ သူငယ်ငယ်ကလေး ကတည်းက စနစ်တကျ ကြီးပြင်းတတ်မယ်၊ သားလည်း နာနီနဲ့ပဲ ကြီးရတာပဲ"





"ဒါပေမဲ့ ကလေးက ငယ်လွန်းသေးတယ် မေမေ၊ သမီးပဲ ရင်အုပ်မကွာ ပြုစုချင်တယ်"

အမေသည် မျက်နှာငယ်ကလေးဖြင့် သမီးနှင့် ယောက္ခမ၊ အပြန်အလှန် ပြောဆိုဆွေးနွေးနေတာကို နားထောင် နေရသည်။ ယောက္ခမက အပြီးမပျက်ပါ။

"ထိန်းလေ သမီးရဲ့၊ သမီး ကြိုက်သလောက်ထိန်း၊ နာနီ က သူ့တာဝန်သူ ယူလိမ့်မယ်၊ သမီးမှာက Plan တွေ အများကြီး ရှိသေးတယ်၊ Convocation တက်ဖို့ရှိတယ်၊ ကျူရှင်တွေတက်ဖို့ရှိတယ်၊ TELITS ဖြေဖို့ရှိတယ်၊ အင်္ဂလန် သွားဖို့ကိစ္စတွေ လိုက်လုပ်စရာတွေ ရှိသေးတယ်၊ သမီး အားရင်တော့ ကံကောင်း၊ အမှုယ်လေး သမီးရယ်၊ မေမေက ကိုယ့်မြေးကလေးကို အမေကပဲ ပြုစုယုယစေချင် တာပေါ့ ...

ဒါပေမဲ့ သမီးက သာမန်မိန်းမတစ်ယောက် မဟုတ် ဘူးလေ၊ ထက်မြက်တဲ့ ပညာတတ်မိန်းမလေ၊ ရည်မှန်း ချက်ကြီးတဲ့သူ၊ ပညာတွေ အများကြီး ထပ်ရှာချင်တဲ့သူ၊



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဆုံးရောက်အောင် အောင်မြင်ချင်တဲ့သူလေ၊ သမီးရဲ့ အချိန်တွေကို ကလေးဆီမှာ မြှုပ်နှံနိုင်လို့လား၊ သမီးက ရိုးရိုးသာမန် ကလေးအမေမျိုးမှ မဟုတ်တာ၊ မဟုတ်ဘူးလား သားရယ်"

ယောက္ခမက ချက်ကျလက်ကျ ပြောပြီးသျှင် သားဆီသို့ပါ အဖော်စပ်လိုက်လျှင် သမီးသည် ရုတ်တရက် ငြိမ်ကျသွားလေသည်။

"ဟုတ်သားပဲ ချစ်ရဲ့၊ မေမေက ချစ်အတွက် စီစဉ်ပေးတာပါ၊ သမီးကိုလည်း အချိန်မရွေး ထိန်းလို့ရတာပဲ၊ မထိန်းရဘူးလို့ ပြောတာမှမဟုတ်တာ"

"ဟုတ်ပါတယ် ... ခုအချိန်က သားဆိပ်တက်နေသလိုမျိုး ဖြစ်နေလို့ပါ မောင်ရယ်၊ ကိုယ့်သားသမီးကို ကိုယ့်ရင်ခွင်ထဲမှာ လုံခြုံအောင် အုပ်မိုးထွေးပိုက်ထားပြီး တစ်ချိန်လုံး အရိပ်တကြည့်ကြည့်ပဲ ကြည့်နေချင်တာ၊ မျက်တောင်တောင်ခတ်ချင်တာ မဟုတ်ဘူး၊ သမီးလေးကို အဲဒီယောက်ချစ်တာ၊ မခွဲနိုင်တာ၊ သူများနဲ့ မထားရက်တာ"





ဟု သမီးက မျက်ရည်ကလေးရစ်ဝဲကာ နွဲ့နွဲ့ညည်းညည်းကလေးဆိုလျှင် အမေ့ရင်မှာ ဆွဲခါလှုပ်ယမ်းခံလိုက်ရသလို လှုပ်ခါသွားလေသည်။ ဒါဟာ မိခင်စိတ်ပဲ သမီးရဲ့ ဟု အမေ့စိတ်ထဲက တိုးတိုးကလေး ညည်းဆိုမိလေသည်။ ရင်ထဲမှာ ကြည်ကြည်နူးနူးသိပ်မွေ့လွန်းသဖြင့် မျက်ရည်ပင် စို့လာခဲ့သည်။

"မေမေ ခံစားပေးနိုင်ပါတယ် သမီးရဲ့၊ အဲဒါ မိခင်တိုင်း ခံစားရတဲ့ ခံစားချက်ပါပဲ၊ ဒါကို နားလည်တယ်၊ ဒါပေမဲ့ မေမေ့တုန်းကလည်း သားကို မွေးပြီးတာနဲ့ နောက်တစ်ဘွဲ့အတွက် ပြင်ဆင်ကြိုးစားရတော့တာပဲ သမီး၊ သားကိုရှိုချိန်၊ ချော့မြူချိန်တောင် မရှိခဲ့ဘူး၊ တစာစာနဲ့ လုံးပန်းခဲ့ရတာ၊ သား ငယ်ငယ်ကလေးမှာ ကလေးကို နာနီနဲ့ မိဘလက်ထဲအပ်ခဲ့ပြီး လင်မယားနှစ်ယောက် အင်္ဂလန်ကို ထွက်ခဲ့တာ၊ မေမေ့မှာ လွမ်းလို့ငိုရတာတစ်ဖက်၊ စာကတစ်ဖက်နဲ့ ခုပြန်တွေးရင် ခုရင်မောတယ်"

အမေသည် သူတို့ပြောနေတာတွေကို တိတ်တိတ်ကလေးနှင့် ငုံ့စုံပစ်နားထောင်နေမိသည်မဟုတ်။ ရင်တွင်းကနေ အပြန်အလှန် ပြန်ပြောနေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့များ ပညာလောဘတွေတက်အောင် သမီးကို လှုံ့ဆော်စည်းရုံးနေရသလဲ ဆရာမကြီးရယ်၊ သမီးလေးသူ့သမီးသူ ချစ်ရှာပါစေ၊ ပညာတွေနင့်နေအောင်တတ်တော့ ရော သားတကွဲ မိဘတကွဲနဲ့ ဘာများအဓိပ္ပာယ်ရှိလို့လဲ ...

သမီးလည်း ဆရာဝန်ဖြစ်ပြီပဲ၊ နောက်ထပ်ဘွဲ့တွေအတွက် သမီးကလေး ပင်ပန်းရရှာဦးမယ်၊ တော်ပြီပေါ့ ...

သမီးရယ် ... သမီးကရော အင်္ဂလန်အထိ ပညာတွေ ထပ်သင်ဦးမလို့လား၊ ကိုယ့်သမီးကလေးကို ပစ်မသွားပါနဲ့ သမီးရယ်၊ ပြီးတော့ အမေ့ကိုလည်း ..."

"မေမေ ခုလို စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ် မေမေ၊ ဟုတ်ပါတယ်၊ သမီးက မေမေ့လို ဖြစ်ချင်တာပါ၊ သမီး ကြိုးစားမှာပါ"

သမီးရဲ့ တက်တက်ကြွကြွကလေး အဖြေပေးသံသည် အမေ့ကို ရင်တွင်းစကားတွေဆီမှ ပြန်လည်ဆွဲခေါ်လှုပ်နှိုးလိုက်တော့၏။ သမီးရဲ့ဆုံးဖြတ်ချက်ကို အမေ ဘာမှ ဝင်၍ မပြောနိုင်။ ဤအိမ်တွင် အမေ ဤမျှ အနေရးမပါ၊ အရာမရောက်တာ နေရာမရှိတာကို အမေ့ဘာသာ အလိုလို သိမြင်လေသည်။





မြေးကလေးဆီသို့ နာနီ ရောက်ချိန်မှစပြီး အမေ့ဘဝသည် ရုတ်ခြည်းပြောင်းလဲသွားတော့သည်။ မြေးကလေးနားကပ်တာ၊ မြေးကလေးကို ချိုပိုးချော့မြူတာကို နာနီက မကြိုက်မနှစ်မြို့သလို မျက်နှာထား ခပ်တည်တည်ဖြင့်ကြည့်ကာ မြေးကို မသိမသာရော၊ သိသိသာသာပါ ဖွတ်အတင်းပြန်ခေါ်ယူလေ့ရှိသည်။

ကလေးခန်းတစ်ဝိုက်တွင် အမေ ရစ်သီရစ်ဝဲ လုပ်နေတာကိုမြင်လျှင် နာနီက အခန်းတံခါးကို အတွင်းမှနေ၍ အသေပိတ်ထားတတ်သည်။ ဘယ်ဘဝရေစက်မှန်းမသိဘဲ နာနီသည် အမေ့ကို အလိုလိုနေရင်း ကြည့်မရဖြစ်ကာ မျက်မုန်းကျိုးနေပုံရလေသည်။ အမေက မျက်နှာချိုသွေးကာ ရောနှောတာကိုလည်း အရေးတဝင်မရှိ။ ဘာသိဘာသာကြီးနှင့် ခပ်တည်တည်ကြီး နေတတ်သည်။

မြေးကလေး၏ အခန်းကလေးမှာ ကလေးခန်းနှင့်ပင် မတူ ထူးဆန်းသောအခန်းကလေးတစ်ခုထဲသို့ ရောက်ရှိသွားသလို အရုပ်မျိုးစုံ၊ အဆန်းတကြယ်ပစ္စည်း အသုံးအဆောင်မျိုးစုံကို သူ့ဘိုးအေက အင်္ဂလန်မှနေ၍ အစုံအလင် လှမ်းပို့ပေးထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြေးကလေးအိပ်လျှင် Dim Light ကလေး မှိန်လဲ့လဲ့ပေးထားပြီး စန္ဒရားတီးလုံးသံ တိုးတိုးသိမ့်သိမ့်ကလေး ဖွင့်ပေးထားသည်မှာ ကလေး ဉာဏ်ရည်ဖွံ့ဖြိုးမြင့်မားအောင်ဆိုလား ...။

ကလေးခန်းဆီသို့ သမီး၊ သားနဲ့၊ ခမည်းခမက်သုံးယောက်သာ အချိန်မရွေး၊ အခွင့်အရေးအပြည့်အဝဖြင့် တံခါးမရှိဓားမရှိ ဝင်ထွက်ခွင့်ရသော်လည်း အမေဝင်ချင်လျှင်မူ နာနီက အမျိုးမျိုး ဂျစ်ကန်ကန်လုပ်ကာ ညစ်ပြီးပေးမဝင်ချေ။ ကလေးအိပ်နေတယ်ဆိုသော ဆင်ခြေမျိုးက ရိုးအီနေပြီ။ အမေ့စိတ်ထဲတွင် မခံချိမခံသာ ဖြစ်ရသော်လည်း အမေ့ကြောင့် ပြဿနာမဖြစ်စေချင်သဖြင့် ညည်းခံမျိုသိပ်ပါသည်။ သမီးကိုလည်း အမေ ဖြန့်ပြောမပြပါ။

နောက်ဆုံးတော့ အမေနှင့် အသင့်တော်ဆုံးနေရာမှာ မီးဖိုချောင်ဖြစ်လာခဲ့လေသည်။ စားဖိုမှူးဒေါ်အေးကတော့ အမေနှင့် သင့်မြတ်လှသည်။ အမေလည်း ပျင်းပျင်းရှိသည်နှင့် ဒေါ်အေးရှိရာမီးဖိုချောင်ထဲဝင်၍ စကားတပြောပြော လက်ဆုံကျရင်း ဝိုင်းဝန်းကူညီချက်ပြုတ်ပေးရင်း စားဖိုမှူးတစ်ပိုင်း ဖြစ်လာသည်။





"အံမယ် ... အစ်မမြလက်ရာ တယ်ကောင်းပါလား"

ဒေါ်အေးက ချီးကျူးသလို ဆရာမကလည်း ...

"ဟင် ... ဒီနေ့လက်ရာက ကောင်းလှချည်လားဟော့၊ ဒေါ်အေး ဘယ်လိုချက်သလဲကွယ်၊ လက်တက်လာပါလား"

"မဟုတ်ဘူး ဆရာမရေ၊ ဒီနေ့ ဟင်းတွေက အစ်မမြမှိုချက်တာ"

"အို ... ဟုတ်လား၊ သိပ်ကောင်းတာပဲ အစ်မကြီးရယ်၊ ဒီလောက် ဟင်းချက်ကောင်းမှန်း မသိပါလား၊ စားလို့ကောင်းလိုက်တာ၊ ဘယ်လိုစားကောင်းမှန်း မသိဘူး၊ ကျွန်မ ဒီနေ့ ထူးထူးကဲကဲ နစ်ပန်းကန်တောင်ကုန်တာသာ ကြည့်တော့"

ဟု အပြုံးတချိုချိုဖြင့် ချီးမွမ်းတတ်လေသည်။

သမီးကတော့ အမေ့ကို စိုက်ကြည့်ကာ မျက်လုံးဖြင့် စကားပြောသည်။ သမီးရဲ့ မျက်ဝန်းစကားအဓိပ္ပာယ်ကို အမေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ဘာသာပြန်တတ်ပါသည်။ အမေ ဘာလို့ မီးဖိုချောင် ဝင်ရတာလဲ ... ဟု စိတ်မကောင်းစွာမေးသော မေးခွန်းမျက်ဝန်း၊ အမေ ဒီမှာလာနေတာ မီးဖိုချောင်ဝင်ဖို့မှ မဟုတ်တာ ဟု ကရုဏာဒေါသောကလေး ရန်တွေ့နေသောမျက်ဝန်း ...။

အမေက မဖြေပါ။ ဒီလိုလုပ်ရတာကို အောက်ကျ နောက်ကျနိုင်လှသည် ... ဟုလည်း မထင်မြင်၊ မခံစားမိ။ ကိုယ်က သူများအိမ်ပေါ်တက်ပြီး အလကား အခန့်သားထိုင်ပြီး စားနေတာမျိုးကို အမေ မျိုမကျပါ။

ထမင်းကိုတောင် အမေက သူတို့တတွေနှင့် တစ်ဝိုင်းတည်း မစားလိုပါ။ ပထမပိုင်းတော့ သမီးတို့က ဇွတ်အတင်း ခေါ်ကြတာမို့ တစ်ဝိုင်းတည်း ဝင်စားရပေမဲ့ စားရတာ ဟက်ဟက်ပက်ပက် မရှိလှ။ အမေက နောက်ဖေးရှိ ဒေါ်အေးတို့ ထမင်းစားပွဲဝိုင်း ပုပုကလေးတွင် ဇလုံထဲနယ်ဖတ်ကာ အားပါး တရ လွေးရတာကို အရသာပိုတွေ့လေသည်။

ဒါကြောင့် နောက်ဆို သမီးခေါ်လျှင် ...





"အမေ စားပြီးပြီ သမီး၊ ဆာလို့ ခုနကပဲ ချူးခပ်စားလိုက်တယ်"

ဟု ပြောလိုက် ...

"မဆာသေးလို့ပါ သမီးရယ်၊ အမေ ရင်ပြည့်နေလို့ပါ၊ နောက် ဆာမှပဲ စားပါရစေ"

ဟု ချန်ရစ်လိုက်နှင့် ဒေါ်အေးတို့နှင့်ပင် အတူတူ စားတတ်လေသည်။ အမေသည် ကိုယ့်အဆင့်ကို ကိုယ့်ဘာသာ နှိမ်ချနေသည်ဟု မထင်ပါ။ အမေ့ ဗီဇကိုက ဒီလိုပဲ နှိမ်နှိမ်ချချ နေတတ်တာဖြစ်သည်။ ဒါကြောင့် အမေ့ကို နာနီက လူရာမသွင်း၊ အဖက်မလုပ်၊ ပမာမခန့် လုပ်တာကိုလည်း မမြင်ပါ။

မြေးကလေးကို ကိုယ့်ဘာသာ ဆုံတွေ့ခွင့်မရတိုင်း သမီးကိုသာ စောင့်ရကာ သမီးက ကလေးခန်းသို့ ဝင်မှပင် အမေပါ သမီးနှင့်ကပ်၍ လှစ်ခနဲ ဝင်ခြင်းဖြင့်သာ မြေးကလေး ကို တွေ့ဖို့ ကြိုးစားရလေသည်။

အမေသည် အရာရာကို သီးခံလိုက်လျောတတ်သူ၊ စိတ်မဆိုး၊ မနာကြည်းတတ်သူမို့လားမသိ။ နာနီ့အပြုအမူ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်တိုင်းသည် အမေ့ကို ဖော်ကားနိမ်ချသော အပြုအမူ ဖြစ်သော်ငြား နာနီ့ကို အပြစ်လည်းမမြင်၊ ရန်လည်းမလုပ်ချေ။

အမေသည် ဘယ်သူတွေ ခေါင်းပေါ် နင်းသွား နင်းသွား ငြိမ်ငြိမ်သက်သက် ခေါင်းစဉ်းပေးဖို့ ဝန်မလေးပေ။

* * *





သမီးတို့ ဆရာဝန်ဘွဲ့ယူသောနေ့ကတော့ အမေ့မှာ အပျော်ဆုံး၊ မမေ့နိုင်ဆုံး၊ ဂုဏ်အယူဆုံး ဖြစ်ခဲ့ရလေသည်။ ဘွဲ့ဝတ်ရုံတကားကားနှင့် သမီးနှင့်သားမှာ ကျက်သရေအပြည့်နှင့် ခန့်ညားသိုက်မြိုက်လျက်ရှိကာ အမေ့မှာ သမီးကို ငေး၍မဝ ...။ ဘွဲ့ဦးထုပ်ပြားကလေး ဘေးတံစ်ဖက်တွင် သဇင်ပန်းတွေ ဖွေးခက် ဆင့်ချိုကာ ပန်ထားသော သမီးသည် တစ်သားမွေး တစ်သွေးလှကာ ရှုမငြီးစရာ ဖြစ်နေတော့လေသည်။

ဆရာမကြီးကလည်း သဇင်တွေ တဖွေးဖွေးလှုပ်လျက် လှုပကြော့မော့နေသည်။ အမေ့မှာတော့ သဇင်ပန်ဖို့နေနေသာသာ၊ မိတ်ကပ်ပင် မလိမ်း သနပ်ခါးဖွေးဖွေးသာ လိမ်းလျက်



www.burmeseclassic.com

www.burmeseclassic.com



သမီးမင်္ဂလာဆောင်တုန်းကဝတ်သော ချိတ်ကိုသာ ပြန်ဝတ်လေသည်။ သမီးနှင့် ယောက္ခမကတော့ ချိတ်ဆင်တူနှင့် အရောင်သာကွဲ၏။

သမီးသည် အမေ့မျက်စိအောက်မှာပင် ယောက္ခမ၏ အချစ်တော် အလှမွေး ကြောင်ကလေးတစ်ကောင်ဘဝ ရောက်မှန်းမသိ ရောက်နေခဲ့ကာ ဘာပဲလုပ်လုပ် ယောက္ခမ စီစဉ်အမိန့်ပေးသမျှ တစ်သဝေမတိမ်း လိုက်နာတတ်ခြင်းဖြင့် ယောက္ခမ၏ အချစ်ကို သဲ့ယူတတ်လေသည်။ ခင်ပွန်းသည်ကတော့ ခပ်အေးအေးသမား၊ ဘာပြဿနာမှရှိ။ ယောက္ခမကို သမီးကိုယ်တိုင်ကပင် ဘုရားတစ်ဆူ၊ ဂူတစ်လုံးလို ကိုးကွယ်လေးစားကာ သူ့ရဲ့ကောင်းသဖွယ် ချစ်ကိုးစားတာကို အမေက မနာလိုစရာမရှိ။ တားမြစ်ဖို့ဆိုတာ ဝေလာဝေးပင်။

အခုလို ယောက္ခမနှင့်ချွေးမ သားအမိအရင်းထက်တောင် သင့်မြတ်ချစ်ခင် စည်းလုံးလျက် ရှိတာကို အမေကပင် ဝမ်းမြောက်မိသေးသည်။





သမီးတို့ ဘွဲ့မယူခင် ပြင်ဆင်သမျှရော၊ ဘွဲ့ယူချိန်ရော၊ ဘွဲ့ယူပြီးချိန်ရော၊ မှတ်တမ်းတင်ဖို့ ဗီဒီယိုနှင့် ဓာတ်ပုံဆရာကို အစအဆုံး ငှားထားတာမို့ တစ်ချိန်လုံး ရိုက်လို့မဆုံးတော့ချေ။ အမေ့မှာ မနေတတ်။ ဓာတ်ပုံသိပ်ရိုက်လေ့မရှိသောကြောင့် အမေ့မျက်နှာမှာ ပြုံးရတော့မလို၊ မဲ့ရတော့မလိုဖြစ်ကာ ဗီဒီယိုထဲမှာရော၊ ဓာတ်ပုံတွေထဲမှာပါ အမေသည် ကုပ်ချောင်းချောင်းဖြစ်၍နေလေသည်။

"ဟယ် ... အမေက ဘယ်လိုကြီး ဖြစ်နေတာလဲ၊ ရှက်နေတာထင်တယ်"

ဟု ပုံတွေပြန်ကြည့်ပြီး သမီးက အော်ပြောကာ သဘောကျစွာ ရယ်မောတော့၏။

"သမီး အမေက သိပ်ရိုးတာ သမီးရဲ့"

ဟု ဆရာမကြီးက မှတ်ချက်ချသည်။ အမေက ဘာမှ ပြန်မပြောခဲ့။ စိတ်အတွေးတွေဖြင့် စကားပြောတတ်ခြင်းကိုသာ အမေ ကျင့်သားရခဲ့ပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



... သိပ်ဟုတ်တာပေါ့ရှင်၊ ကျွန်မ သိပ်ရိုးရုံတင်မကဘူး၊ သိပ်လည်း ညံ့ဖျင်းတုံးအပါတယ်၊ ဒါကြောင့် သမီးက ကျွန်မကို အထင်မကြီးတာပေါ့၊ သမီး လေးစားကိုးကွယ်ရတဲ့ အမေတစ်ယောက် ကျွန်မ ဖြစ်ခွင့်မရခဲ့တာပေါ့ ...

ကျွန်မ ရိုးအညံ့ဖျင်းလွန်းလှလို့ပဲ သမီးကို ကျွန်မ ရင်ခွင်ထဲကနေ ရှင် အလွယ်တကူပဲ ဆွဲထုတ်အပိုင်စီးသွားနိုင်ခဲ့တာပေါ့ ဆရာမကြီးရယ် ...

ကျွန်မ ညံ့ဖျင်းထုံပေလွန်းလို့သာ ကျွန်မရင်ထဲက ဘာတွေရှိနေ၊ ခံစားမျိုသိပ်နေရတယ်ဆိုတာ သမီး မသိနိုင်ခဲ့တာပေါ့ ...။

အမေသည် ထိုစကားလုံးတွေကို ဆုံးတွေလိုပင် မျိုချပစ်လိုက်ရလေသည်။

✤ ✤ ✤





## အခန်း(၁၁)

အချိန်တွေသာ တရွေ့ရွေ့ ပြောင်းလဲလာခဲ့သည်။ အမေကတော့ ဘာမှ မပြောင်းလဲခဲ့ပေ။ သမီးနှင့်သားကတော့ သူတို့ကျူရှင်တွေနှင့် သူတို့ ရှုပ်နေလျက်ရှိကာ မြေးကလေးကိုပင် သိပ်လှည့်မကြည့်နိုင်။ မြေးကလေးက နာနီနှင့် နေရတာများသလို စည်းကမ်းတကျလည်း နေတတ်သည်။ ပူဆာခြင်း၊ ဂျီကျခြင်း၊ ငိုကြွေးခြင်း အလျဉ်းမရှိ။ အလွန်သဘောကောင်းလှသည်။

လူဆိုသည်မှာ ဖိနှိပ် နှိပ်ကွပ်ထားလျှင် ရုန်းကြွပေါက်ကွဲတော့တာ ဓမ္မတာပဲ မို့ အမေသည် မိမိကို လူမထင်သလို၊



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေတစ်ခွဲသားကြီးနှင့် အမြဲဆက်ဆံတတ်သော၊ မြေးကလေးနှင့် အမေ့ကို ပညာသားပါပါ ခွဲခွာထားသော နာနီ့ကို တစ်နေ့တော့ ပွန်ကန်ချင်လာလေသည်။ သူက ဘာမို့လို့လဲ ...၊ ငါက ဘွားအေပါဟဲ့ ... ဟု မခံချင်စိတ်က ရန်ကြွလာသည်။

ထိုစိတ်သည် အခုရက်ပိုင်းအတွင်း အမေ့ရင်ထဲပိုးတစ်ကောင်လို ကလိလျက်ရှိကာ အခါအခွင့်ကောင်းကို အလစ်ချောင်းမြောင်းလျက်ရှိလေသည်။

တစ်ရက်တော့ ကံကြမ္မာက အမေ့ကို သနားညှာဟာစွာ အခွင့်အရေးတစ်ခု ပေးလိုက်လေသည်။ နာနီ ရေချိုးခန်းခဏဝင်နေချိန်တွင် အမေသည် အခန်းထဲသို့ ဖြန်းခနဲ ဝင်ပြီး မြေးကလေးကို ချီပွေ့နိုးယူကာ အားပါးတရ နမ်းရှုံ့ကိုက်တွေးရင်း နာနီချက်ချင်းပြန်မလုယူနိုင်အောင် ခြံထဲသို့ ပြေးဆင်းခဲ့လေသည်။ ကိုယ့်မြေးကလေးတောင် လွတ်လွတ်လပ်လပ် ချီပိုးချစ်ခွင့် မရပါလားဟု နာကြည်းစိတ်တောင် မဝင်အားဘဲ မြေးကလေးကို နာနီ့လက်မှ ခိုးချီလုပြေးရသည်ကို အရသာတစ်မျိုးတွေ့ကာ ရင်တလှပ်လှပ် ခုန်လျက်ရှိသည်။





"ဟော့ ... အဘွားကြီး ... ဒါ ဘာလုပ်တာလဲ၊ ကလေးကို ဘယ်ခေါ်သွားတာလဲ"

နာနီ့အော်သံကို အိမ်ဝဆီမှ ကြားရလျှင် အမေသည် နာနီရှိရာဆီသို့ တစ်ချက် လှည့်ကြည့်လိုက်မိသည်။ နာနီသည် အိမ်ထဲမှနေ၍ အမောတကော ပြေးထွက်လာတာကို တွေ့ရသည်။

အမေသည် အဲဒီအချိန်မှာ အုတ်ခဲတစ်လုံးကို မမြင်မိဘဲ ခလုတ်တိုက်မိကာ ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့သည်။ အမေ့မျက်လုံးထဲတွင် အပြာရောင်ဖုံးလွှမ်းသွားကာ ကလေးကို မထိမိအောင် ကိုယ်ကို တစောင်းဖြင့် ကလေးကို မြှောက်ထားလိုက်မိသေးသည်။ သို့သော် ပြေးနေရာမှ အရှိန်ဖြင့် လဲပြိုကျသည်ဖြစ်ရာ ဘယ်လောက်ပဲ သတိရှိရှိ ကလေးရော အမေပါ လုံးထွေးလဲပြိုကျသွားတော့သည်။

မြေးကလေး၏ နာကျင်လန့်ဖျပ်စွာ ငိုကြွေးလိုက်သောအသံသည် အမေ့အသည်းနှလုံးကို ထုတ်ချင်းဖောက် စိုက်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မြေးကလေး ဘာဖြစ်သွားပြီလဲ၊ အဘွား တောင်းပန်ပါတယ် မြေးရယ်၊ အိုး အိုး ... မငိုပါနဲ့ မြေးရယ်၊ ဘယ်နာသွားပြီလဲဟင်၊ ဘယ်နာသွားပြီလဲ"

အမေသည် လဲနေရာမှ လူးလှိမ့်ထကာ မြေးကလေးကို ပွေ့ချီပြီး တစ်ကိုယ်လုံးကို ပွတ်သပ်စမ်းသပ်လေသည်။

မြေးကလေးရဲ့ ချိုစောင်းနေရာကလေးမှာ ပေါက်သွားကာ သွေးအနည်းငယ် စိမ့်၍ထွက်နေတာကို တွေ့ရတော့ အမေ့ရင်ထဲ ပျာသွား၏။

"ကြည့်စမ်း ... ကလေးနဲ့လဲပြီ တွေ့လား၊ ဘာစိတ်ရှုးထပေါက်မှန်းမသိဘူး၊ ကလေးကို အတင်းချီပြေးတာ၊ အမယ့်လေး ... ကလေး ခေါင်းပေါက်သွားတာကိုး ... ပေးပေး၊ ကလေး ကျွန်မကိုပေး"

နာနီက ကဲကဲဆတ်အော်မြည်ပြီး မြေးကလေးကို အတင်းဆွဲချီသွားလေသည်။ ကလေးမှာ လန့်သွားပုံရကာ အငိုမတိတ်နိုင်အောင် ဖြစ်နေသည်။ အမေသည် မျက်နှာငယ်ငယ်ဖြင့် နာနီ့နောက်က လိုက်ကာ မြေးကလေးကို မျက်ရည်တရွှဲရွှဲဖြင့် လိုက်ကြည့်ရှာသာ တတ်နိုင်သည်။ ထပ်ပြီး မယူရဲတော့။





နာနီသည် ကလေးကို ပိုးမွေးသလို မွေးမြူသူမို့ ကလေးဒဏ်ရာရတာကို ရောမပြစ်မှုကြီးသဖွယ် ချဲ့ထွင်ကာ ဆရာမကြီးဆီ ချက်ချင်း ဖုန်းဆက်၍ တိုင်တန်းလေသည်။ သူ့အပြစ်မပါအောင် အမေ့ကို အပြစ်ပုံချသံကို အမေမှာ အတိုင်းသား ကြားနေရ၏။

"ကျွန်မ ရေချိုးခန်းဝင်စာန်း ကလေးကို သူ အတင်းချီပြီး ခြံထဲ ဆင်းပြေးတာ ဒေါက်တာ၊ ဘာစိတ်ရှုးပေါက်မှန်းလဲ မသိဘူး၊ ကလေးကို လုသွားတာ၊ ပြီးတော့ ခြံထဲမှာ သူ ခလုတ်တိုက်ပြီး ချော်လဲတယ်၊ အဲ့ဒါ သမီးလေးချိုစောင်း ပေါက်သွားတယ်၊ ဒေါက်တာ အမြန်ပြန်လာခဲ့ပါ၊ ကျွန်မ လည်း စိုးရိမ်လွန်းလို့ ထူပူပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေပြီ၊ ခေါင်းက သွေးနည်းနည်းတော့ ထွက်နေတယ်၊ ကျွန်မ ဘာလုပ်ထားရမလဲ ...၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကလေးက လန့်သွားပြီ တအားငိုနေတာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



နာနီသည် ဖုန်းချပြီး မြေးကလေးကို ဂွမ်းလိပ်ကလေးဖြင့် ဒဏ်ရာနေရာမှာ ပိတ်ထားပေးသည်။ အမေသည် ဒီအတိုင်းကြည့်မနေနိုင် ...။ ဒဏ်ရာကို နနွင်းသိပ်လျှင် သွေးတိတ်တယ်လို့ အမေကြားဖူးထားတာ ရှိသဖြင့် မီးဖိုချောင်ထဲဝင်လာကာ နနွင်းမှုန့်အနည်းငယ် ယူခဲ့သည်။

နာနီက ကလေးကိုသာ အာရုံစိုက်လျက်ရှိတာမို့ အမေ ဝင်လို့မရအောင် တံခါးပိတ်ဖို့ မေ့သွားပုံရသည်။ အမေ ဝင်လာမှပင် မျက်မှောင်ကြီးကြုတ်၍ လှမ်းကြည့်၏။ အမေသည် နာနီချော့ထားသောကြောင့် အငိုတိတ်စပြုနေသော မြေးကလေးထံသို့ ချဉ်းကပ်ကာ ဂွမ်းစကလေးကို ဖျတ်ခနဲဖယ်ပြီး နနွင်းအမြန်သိပ်လိုက်သည်။ ကလေးက ချက်ချင်းငိုပြန်ပါတော့သည်။ နာနီသည် မျက်လုံးပြူးကာ ...

"အမေကြီး ရှင် ဘာလုပ်ပြန်ပြီလဲ ...၊ သွား ... သွား ... ကလေးနားမလာနဲ့ဦး၊ ရှင် တော်တော်ဒုက္ခပေးတယ်၊ ဘာမှလဲ အလိုက်ကန်းဆိုး မသိတတ်ဘူး"

ဟု ထအော်လေသည်။





"ကလေးက အမေ့မြေးပါအေ"

အမေသည် မခံချင်လွန်းသဖြင့် အသံတုန်တုန်နှင့် ပြောမိသည်အထိ စိတ်လွတ်သွားသည်။ နာနီကိုလည်း စူးစူးဝါးဝါး ကြည့်လေသည်။

"ကျွန်မကလည်း နာနီပဲ၊ ကျွန်မမှာ တာဝန်အပြည့်ရှိတယ်၊ အခု ရှင်လုပ်လို့ ကလေး ဒုက္ခဖြစ်တာ၊ ကျွန်မ လက်ထဲမှာဆို ခြင်ကိုက်ဖုတစ်ဖုတောင် မရှိစေခဲ့ဘူး၊ အဲဒီလောက် ကျွန်မ ဂရုစိုက်တာ"

နာနီက အမေ့ကို ရန်တွေ့မြီ။

"ညည်းချည်းပဲ ချီနေတာကိုး၊ ကျုပ်လည်း ချီချင်တာပေါ့၊ ဘယ့်နှယ် ... ကိုယ့်မြေးကိုယ်တောင် မချီရဘူး၊ နေရာတကာ စည်းကမ်းချက်တွေနဲ့ ..."

အမေတို့ အချေအတင်ဖြစ်ဆဲ ... ဆရာမကြီး ကမန်းကတန်းပုံစံဖြင့် ပြန်ရောက်လာသည်။

"ဘယ်မှာလဲ ငါ့မြေးလေး၊ ဘာဖြစ်သွားသလဲ ...၊ နာနီ အနာဆေးဖို့ ရေနွေး၊ ဂွမ်းလိပ် ယူပေးစမ်း ...၊ ဖြစ်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့မြေး အဲ့ဒီလို ပြုတ်ကျတာတို့ ဘာတို့ ငါ လုံးဝ ခွင့်မလွှတ်နိုင်ဘူးနော် ...”

အမေသည် အသံတစ်ခွန်းမှ မထွက်ဝံ့တော့ဘဲ ခပ်လှမ်းလှမ်းမှ အသာငြိမ်ကာ ရပ်ကြည့်နေမိသည်။

“ကြည့်စမ်း ... ဒီဝါဝါတွေက ဘာတွေလဲ ...၊ ဘာတွေ သိပ်ထားတာလဲ နာနီ၊ ကျွန်မ ပြောထားတယ်မှလား၊ ဖွမ်းလိပ်သန့်သန့်နဲ့ပဲ ဖိပေးထား၊ ကျွန်မလာခဲ့မယ် ပြောထားရက်နဲ့”

“သူ့ပဲ ... သူ့ပဲ ... ခုနက နနွင်းတွေ လာသိပ်တယ်”

“တောက် ... စိတ်ပျက်ဖို့ကောင်းလိုက်တာ၊ အမိပွာယ် မရှိတာတွေ ဘယ်တော့မှ ဒါမျိုးမလုပ်နဲ့၊ အနာကို နနွင်း သိပ်တော့ ပိုးဝင်တော့မှာပေါ့၊ ကျစ် ... မသိနားမလည်ဘဲ လျှောက်မလုပ်ကြပါနဲ့၊ ဒီအိမ်တစ်အိမ်လုံး ဆရာဝန်တွေ ချည်းပါ၊ ပညာမတတ်တဲ့လူ တစ်ယောက်မှ မရှိပါဘူး ...

အေး ... အေး ... မြေးကလေးရယ် ... နာရှာလို့လား မငိုပါနဲ့ကွယ် ...”





ဆရာမကြီးမှာ ကလေးကို အနာဆေးကြော ဆေးထည့်လုပ်ရင်း ပါးစပ်ကလည်း ဒေါသတကြီး တဖျစ်တောက်တောက်လုပ်နေလေသည်။ အမေသည် ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘာမှ ထပ်မပြောဝံ့ ...။ ငြိမ်ငြိမ်ကုပ်ကုပ်ကလေးသာ နေရသည်။

ခမည်းခမက်၏ မျက်နှာပေါ်တွင် အမေ့အပေါ် အထင်သေး အပြစ်တင်ခြင်းများကို အထင်းသားတွေ့နေရသည်။

“နာနီ ... ကလေးကို နို့တိုက်စမ်း၊ လန့်ပြီး ဖျားမှာ တောင်စိုးရတယ်”

မကြာမီတွင် သမီးနှင့်သမက် ကျူရှင်မှ ပြန်ရောက်လာကြသည် ...။

“သမီးလေး ဘာဖြစ်လို့လဲ မေမေ ...၊ ခေါင်းမှာ ဘာဖြစ်လို့လဲ ...”

“နာနီ ပြောပြလိုက်”

“မယ့အမေကြီးလေ ... ကလေးကို လုချီပြီး ခြံထဲဆင်းပြေးတာ၊ ခြံထဲမှာ မှောက်ရက်လဲကျတယ်၊ ကလေး ခေါင်းပေါက်သွားတာ၊ အဲ့ဒါကို နနွင်းတွေ ထပ်သိပ်သေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မေမေ့သမီးလေးရယ် ...၊ ဖြစ်မှဖြစ်ရလေ"

သမီးအသံမှ ချက်ချင်းပင် ပျာတက်ဆို့နစ်သွားလျက် ကလေးကို ဖွတ်အတင်းပွေ့ချီကာ ချက်ချင်းမျက်ရည်တွေ ပြည့်ဝိုင်းလာလေသည်။ သမက်က ဘယ်သူ့ကိုမှန်းမသိ တောက်ကစ်ချက်ခတ်ကာ မိန်းမနှင့်သမီးကို ရောချ၍ ထွေးပွေ့သိုင်းဖက်ထားလေသည်။

သမီးသည် မျက်ရည်ပြည့်လျှံ စူးလက်နေသော မျက်လုံးများဖြင့် အမေ့ဆီသို့ စူးခနဲ လှမ်းကြည့်သဖြင့် အမေ့ရဲ့ တောင်းပန်တိုးလျှိုးလျက်ရှိသော မျက်လုံးတို့နှင့် ဆုံမိသည်။ သမီးရဲ့နှုတ်မှ အပြစ်တင်စကား တစ်ခွန်းမှ ကျမလာပေမဲ့ အဲဒီ မျက်ဝန်းအကြည့်တို့ကပင် အခွန်းပေါင်းထောင်ချီ၍ ပြစ်တင်ရှုတ်ချ လိုက်သလို ခံစားရလေသည်။

သားဆိပ်တက်နေသော၊ သားအောကပ်နေသော မျက်ဝန်းများ ...။ မြေးကလေးကို ကျစ်ကျစ်ပွေ့ပိုက်ထားရင်း သမီးက ရှိုက်ကြီးတငင် ငိုပါလေတော့သည်။ သမီးငိုသဖြင့် အမေ့ရင်မှာ





မချိချေ။ သမီးကို ကိုယ်ချင်း ပူးကပ်ပွေ့ပိုက်ကာ ရင်းရင်းနှီးနှီး ချော့မော့ထွေးပွေ့ချင်လှပေမဲ့ ရင်ထဲမှာ တစ်ခါမှ မဖြစ်ပေါ်ဘူးသော မဝံ့မရဲ သိမ်ငယ်စိတ်တွေဖြင့် နင့်သီး၍နေလေသည်။

သမီးရယ် ... အမေ့ကို ဒီလို မကြည့်ပါနဲ့ကွယ် ...

အမေ့မြေးကလေးကို အမေချစ်လွန်းလို့ပါ ...

"အမေ ... နောက်ကို ကလေးချီပြေးတာတို့ ဘာတို့ မလုပ်ပါနဲ့၊ နာနီ ခွင့်ပြုမှ ချီပါ၊ ကျွန်တော့်သမီးကို ဘာဒဏ်ရာ အနာတရမှ မရစေချင်ဘူး"

သမက်ထံမှ လေသံခပ်တင်းတင်းကို အမေ လက်ခံရသည်။ သမီးထံမှတော့ ဘာစကားသံမှ ထွက်မလာပေမဲ့ သမီး အမေ့ကို စိတ်ဆိုးနေတယ်ဆိုတာကို အမေ ခံစားလို့ရပါသည်။

အမေသည် ကလေးခန်းထဲမှ တိုးတိတ်ညင်သာစွာ ထွက်လာခဲ့မိသည်။ အမေ့ရင်ထဲမှာ အကြီးမားဆုံးသော ဆုံးရှုံးခြင်းကို ခံစားနေရသည်။ ရင်တစ်ခုလုံး ဘာမှ မရှိသော လေဟာပြင်တစ်ခုပမာ ဟာလာဟင်းလင်းပွင့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ မထွက်တတ်တော့သလို အမေ့မျက်လုံးများ ခန်းခြောက်လျက် ရှိလေသည်။

* * *





## အခန်း(၁၂)

အမေ အတန်တန်စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တာဖြစ်ပါသည်။ အမေသည် ဤအိမ်တွင် အဓိကကျသောနေရာတွင် မရှိ။ အမေသည် အရေးမပါ။ အမေ့ကို ဘယ်သူကမှ မလိုအပ် ...။

မြေးကလေးနှင့် ပူးပူးကပ်ကပ် နေချင်သော်လည်း ခွင့်မရဘဲ ဘာမဟုတ်တဲ့နာနီက နှိမ်သလိုဆက်ဆံတာကိုလည်း ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့ ...။

နောက်တစ်နေ့မနက်ကျတော့ အမေသည် သမီးခန်းဆီသို့သွားကာ သမီးနှင့် တွေ့ဆုံပြီး ...

"အမေ ဟိုအိမ်ကလေးမှာ ခဏပြန်နေဦးမယ်နော် သမီး၊ အမေ့အိမ်ကလေးကို အမေ လွမ်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်မိသည်။ သမီးမျက်နှာက အနည်းငယ် ခမ်းစိမ်းစိမ်း ဖြစ်နေတာကို အလိုလို ခံစားလို့ရနေသည်။

"မနေ့က ကိစ္စကြောင့်လား အမေ ..."

သမီးမေးသံက ရိုးသားပွင့်လင်းခြင်းမရှိ။ သမီးသည် လိမ္မာသောကြောင့်သာ အမေ့ကို အပြစ်မတင်မိအောင် သူ့မဘာသာ ထိန်းချုပ်မျိုသိပ်ထားဟန်ရှိသည်။

"မဟုတ်ရပါဘူး သမီးရယ်၊ အမေ့ဘာသာ တစ်ယောက် တည်း လွတ်လွတ်လပ်လပ် အမေ့အိမ်ကလေးမှာ ပြန်နေ ချင်လို့ပါ၊ သမီးတို့ကိုလည်း ဒုက္ခမပေးချင်ဘူးလေ၊ အမေ ဘာသာ နေတတ်ပါတယ်"

"သမီးလေးက မနေ့က လန့်တဲ့အရှိန်ရော၊ ဒဏ်ရာကြောင့် ရော ဖျားနေတယ် အမေ"

"အဲဒီကိစ္စအတွက် အမေ တောင်းပန်ပါတယ် သမီး အမေ သတိလက်လွတ် ဖြစ်သွားမိတယ်၊ အမေ စိတ်မ ထိခိုက်ရပါတယ်"





"အမေက ဘာကို စိတ်ဆိုးလို့ အိမ်ပြန်ချင်ရတာလဲ၊ အမေ့ကို ဘယ်သူက ဘာတွေပြောလို့လဲ"

သမီးက အမေ့ကို ပြန်စေချင်ပုံတော့ မရ။ သို့သော် စိတ်ဆိုးစိတ်ခုနေချိန် ဖြစ်သောကြောင့် မပြန်ပါနဲ့လို့လည်း တိုက်တိုက် မတားချေ။

"မပြောပါဘူး သမီးရယ်၊ အမေ့ဘာသာ ပြန်ချင်တာ ပါ"

"အမေ စိတ်ချမ်းသာမယ် ထင်တာကိုပဲ လုပ်ပါအမေ၊ သမီး စိတ်မချမ်းမသာ ဖြစ်ရမှာကို အမေ ထည့်မတွက် ပါနဲ့"

သမီးမျက်လုံးမှာ မျက်ရည်ရောင် လက်လာသည်။ သမီးရဲ့ နှုတ်ခမ်းထောင့်စွန်းကလေးတွေ မသိမသာ တုန်ယင်နေ၏။ အမေသည် သမီးကို စိတ်မချမ်းမသာ မဖြစ်စေချင်။ သမီး စကားနာထိုးတာကိုလည်း မခံချင်။

"အမေကလည်း သမီးနဲ့ မြေးနဲ့ ဘယ်ခွဲချင်ပါ့မလဲ သမီး ရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



အမေရဲ့ ဆုံးဖြတ်ချက်သည် သမီးရဲ့စကားနာထိုး[illegible]

အောက်တွင် အငွေ့ပျံသလို လွင့်ပြယ်သွားလေသည်။

"အမေ မပြန်တော့ပါဘူး သမီးရယ်"

အမေ စိတ်ကို ပြန်လျှော့လိုက်၏။ သမီးကို [illegible]

သွားစေချင်ပေမဲ့ သမီးက မပြုံးပါ။

အမေသည် စောင့်စည်းမျိုသိပ်ရခြင်းတွေ၊ သည်း[illegible]

နှိမ်ချရခြင်းတွေကို တရင်းတနှီး ပြန်လည်ပေါင်းဖော်ရဦးမည်[illegible]

အမေ့အိမ်ကလေးမှာ အမေ ဘယ်လောက်ပျော်ပေမဲ့ သမီး[illegible]

ဒီမှာပဲ နေစေချင်သည်ဆိုတော့ မျက်နှာအောက်ချကာ ဖွဲ့နှပဲ[illegible]

ဆက်နေရုံပေါ့ ...။

ခမည်းခမက်ရဲ့ လျစ်လျူရှုသော ဆက်ဆံ[illegible]

သမက်ရဲ့ မနွေးထွေးလှသော သူစိမ်းဆန်မှု၊ သမီးရဲ့ ပညာ[illegible]

တွင် စိတ်ဓာတ်ထက်သန်မှုဖြင့် အမေ့အတွက် အချိန်မပေးနိုင်[illegible]

ဘာမဟုတ်တဲ့ နာနီရဲ့ ရန်လိုငြိုးစူမှု စသော နံရံလေးဘက်ကြ[illegible]

တွင် အမေ အသက်ရှုကျပ်လှပေမဲ့ နေတတ်အောင် ကြိုးစား[illegible]

မည်ပေါ့။





ထိုအချိန်ကစပြီး အမေသည် ဘာမှထပ်ပြီး စောဒက

မတက်တော့ချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်း ကာလများသည် အမေ့အတွက် ထူးထူးခြားခြား မရှိလှ။ ထူးခြားသည်ကတော့ ...

"IELTS ကို အမှတ်ကောင်း ရတယ်ဆိုတော့ နှစ်ယောက်လုံး သိပ်တော်တာပဲ သားနဲ့ သမီးရယ်၊ မေမေ ဝမ်းသာတယ်၊ သားမေမေ့ဆီက Sponsor ရောက်ပြီဆိုတော့ ပါ့(စ်)ပို့(ထ်)၊ ဗီဇာ လျှောက်ဖို့ စီစဉ်ကြတော့"

ဟူသော အသံတွေကိုသာ ကြားရ၏။ အမေ ခန့်မှန်းကြည့်သလောက်တော့ သမီးတို့ အင်္ဂလန်နိုင်ငံသို့ သွားကြတော့မယ်ထင်သည်။ အစီအစဉ်အားလုံးကို ဆရာမကြီးကပင် အစအဆုံး စီစဉ်လျက်ရှိသည်။ သမီးသာ အင်္ဂလန်သွားရင် ဘယ်အချိန်ကျမှ သမီးကို အမေ ပြန်တွေ့ရပါ့မလဲဟု တွေးမိ





တိုင်း၊ အမေ့နှလုံးသားကို ဆုပ်ချေပစ်သလို ခံစားရလေသည်။ သမီးနဲ့ မခွဲချင်သောစိတ်သည် အမေ့နှလုံးသားမှာ စူးနစ်နေသော ဆူးတစ်ချောင်းလို နုတ်ဖယ်၍မရ။

သို့သော် ... သမီးတို့ လင်မယားကတော့ နိုင်ငံခြားထွက်ဖို့ ကိစ္စတွေကို တစ်နေ့ တစ်နေ့ တက်တက်ကြွကြွ၊ ထက်ထက်သန်သန်ပင် စီစဉ်လျက် ရှိကြတာကို အမေ တွေ့မြင်ကြားသိနေရသည်။

"မေမေရယ် ... အင်္ဂလန်ကို သွားလည်းသွားချင်တယ်၊ တကယ်လည်း သွားရတော့မယ် ဆိုတော့ သမီးလေးကို မခွဲနိုင်ဘူး၊ သူ့ကို ထားခဲ့ရမှာ နောက်ဆံတင်းနေတယ်"

ဟု သမီးရဲ့ အသံကလေးကို ကြားရတော့ အမေ အလွန်ကိုယ်ချင်းစာမိလေသည်။ အမေတောင် သမီးနဲ့ မခွဲနိုင်တာ။ သမီးကလည်း သူ့သမီးကလေးကို မခွဲနိုင်တာ သဘာဝကျပါသည်။

"နောက်ဆံမတင်းပါနဲ့ သမီးရယ်၊ ဒါ သမီးတို့ဘဝ အနာဂတ်အတွက် အပြောင်းအလဲ လုပ်ရတာပဲ၊ ဒါ အရေးအကြီးဆုံးပဲ၊ တခြား ဘာကမှ အရေးမကြီးဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့သမီးနဲ့သွားပြီး ဟိုမှာ အဆင်ပြေတော့ မေမေတို့လည်း မြေးကလေးနဲ့ လိုက်လာရမှာပေါ့၊ ဒါ ဘာမှ မခက်ပါဘူး၊ သားဖေဖေလည်း ရှိနေတာပဲ၊ မမမေလည်း လိုက်ခဲ့မှာပါ၊ မြေးကလေးက ငယ်လွန်းသေးလို့ ...

ဟိုရောက်ရင် သမီးတို့ PLAB အောင်ပြီး အလုပ်ရတာနဲ့ မေမေတို့ လိုက်လာမှာပေါ့၊ သမီးတို့က M.R.C.OG တို့ F.R.C.S တို့ ဆက်ဖြေကြပေါ့၊ အားလုံး အဆင်ပြေလို့"

"အမေ ... သမီးတို့ လှမ်းခေါ်တဲ့ အချိန်ကျရင် အမေပါ လိုက်ခဲ့ရမှာနော်"

ဟု သမီးက အမေ့ကို လှမ်းပြောရင်း သူတို့စကားဝိုင်းထဲသို့ ဆွဲသွင်းလေသည်။ အမေက ပြုံးလို့သာနေတာ၊ ဘာမှ မပြောဖြစ်ချေ။ ခမည်းခမက်က ...

"ဒါပေါ့ ... လိုက်ခဲ့ရမှာပေါ့၊ အလည်လာလိုက်၊ ပြန်လိုက် လုပ်လို့ရတာပဲ"

ဟု စိတ်ကောင်းဝင်နေချိန်မို့ ကြည်ကြည်လင်လင်ပင် ဝင်ပြောလေသည်။





"သမီးတို့က ဘယ်တော့လောက် သွားဖြစ်မှာလဲ"

"နောက်တစ်လ၊ နှစ်လလောက်ပေါ့ အမေ၊ ဘာဖြစ်လို့လဲ"

"ဩော်"

တစ်လ နှစ်လ ဆိုသော အချိန်သည် အမေ့နှလုံးသားကို ကြိုးတစ်ချောင်းဖြင့် ခပ်တင်းတင်း တုပ်ဆွဲပစ်လိုက်သလို အခံရခက်သွားစေလေသည်။ သမီးရဲ့ မျက်နှာကလေးကို ကြိုတင်၍ နှမြောလွမ်းဆွတ်သောစိတ်ဖြင့် ငေးမျှော်ကြည့်ကာ ...

"အမေ ဘာလချောင်ကြောင်တို့ အသားခြောက်ကြော်တို့ ကြိုလုပ်ပေးထားမလားလို့ပါ သမီးရယ်"

ဟု ပြောလိုက်သော အမေ့အသံမှာ တုန်ယင်နေလေသည်။ သမီးကို မသွားပါနဲ့လို့ ပိုင်နိုင်ရဲဝံ့စွာ ဘာကြောင့်များ မတားနိုင်သလဲ။ အမေကကို သိမ်ငယ်နုံ့နဲ့လွန်းပါသည်။

သမီးနဲ့ ခွဲကြရဖို့ ဖန်လာပြန်ပြီ။ တစ်လ၊ နှစ်လ ဆိုတဲ့ အချိန်ဟာ ဟိုလှည့် ဒီလှည့်နဲ့ ခဏကလေး ကုန်သွားတော့မှာ။ အမေ့အတွက် အချိန်သိပ်မကျန်တော့။ သမီးဟာ အမေ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးအိမ်အတွင်းက ရတနာတစ်ပါးပဲ။ သမီးထွက်ခွာသွားခြင်းဟာ အမေ့ နှလုံးအိမ်ကို ဆုတ်ဖြဲဖျက်ဆီးပြီး အမေ့ရတနာ ဆုံးရှုံးပျောက်ပျက်သွားခြင်းပဲလို့ သမီး ဘာကြောင့် မတွေးမိပါလိမ့်။

အမေ့ရဲ့ တစ်ခုသော မျှော်လင့်ချက်ဟာ သမီး။ သမီး ပျောက်ကွယ်ခြင်းဟာ အမေ့ဘဝမှာ မမျှော်လင့်နဲ့တော့လို့ အဆုံးသတ် ချုပ်ငြိမ်းစေလိုက်တာပဲ။

ထိုနေ့ရက်မှစ၍ အမေသည် တစ်ရက်ချင်း လက်ချိုးရေတွက်၍ သမီးအနားမှာ ရနိုင်သရွေ့ ကပ်နေကာ သမီးမျက်နှာကလေးကို မြင်ခွင့်ရသမျှ အငမ်းမရ မက်မက်မောမော ကြည့်တတ်လေ၏။

သမီးကကျတော့ အပြင်ထွက်ကာ နိုင်ငံခြားသွားဖို့ ကိစ္စတွေ လင်တော်မောင်နှင့် အတူတကွ လုပ်ကိုင်ကြပြီး အိမ်ပြန်လာတာနှင့် သမီးကလေးအခန်းသို့ တန်း၍ပြေးဝင်ကာ သမီးကလေးနှင့်သာ ကပ်နေတော့၏။ ဩော် ... လောကကြီးနှယ် တူလိုက်တာ။ အမေတိုင်းဟာ သမီးတွေအပေါ် တစ်လမ်းသွားသာ ချစ်တတ်ကြတာ။ သမီးဆီက ပြန်လည်သိတတ်ခြင်းကို မမျှော်





ကိုး။ မတော်တဆ ပြန်ရခဲ့လျှင် အဲ့ဒီ အမေဟာ လူ့လောကတစ်ခွင်မှာ ကံအလွန်ကောင်းသူပင်။

သမီးက အမေ့ကို ပြန်မချစ်ခြင်းမဟုတ်။ အမေ့ သိတတ်ကြည်ဖြူနားလည်ခြင်းလောက် ပြန်မပေးနိုင်တာပင်။ အမေကလည်း ရရကောင်းစေလို့ တစ်ကြိမ်တစ်ခါဖူးမျှ မမျှော်လင့်ရိုးအမှန်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သမီးတို့ အင်္ဂလန်သွားရဖို့ ရက်သည် တစ်ရက်ထက်တစ်ရက် နီးကပ်သေချာလာခဲ့တော့သည်။ အင်္ဂလန်မှ သားတို့အဖေက လေယာဉ်လက်မှတ်ပင် ပို့လိုက်ပြီ။ ဒီရက်ပိုင်း အတွင်း ဗီဇာရတာနှင့် သူတို့ ထွက်ရုံ။

အမေသည် စိတ်နှလုံး ပျက်ပြုန်းထိခိုက်လွန်းသဖြင့် ညည တိတ်တိတ်ကျိတ်၍ ငိုရလေ၏။ မိခင်ခွဲသွားမည့် မြေးက လေးကို ပုံအောကာ သနားရသည်။ သမီးကတော့ သူ့ဇောနှင့်သူ။ ယောက္ခမကိုယ်တိုင်က တက်တက်ကြွကြွ၊ ဇောဆန္ဒထက်ထက် သန်သန်ဖြင့် အစအဆုံး ကူညီပံ့ပိုးနေမှတော့ ဘယ်သူတွေ နေ နိုင်တော့မလဲ ...။





တစ်ညတော့ သမီးက အမေ့အခန်းဆီသို့ မထင်မှတ် စဉ် ပြုန်းခနဲ ရောက်လာခဲ့လေ၏။

"အမေ ... ဒီတစ်ည သမီး အမေနဲ့ အတူတူအိပ်မလို့၊ စကားတွေ အများကြီး ပြောရအောင်နော်"

သမီးမှာ ဘယ်လိုသိတတ်စိတ်ကလေး ဝင်ခဲ့ပါလိမ့်။ အမေသည် မျက်ရည်မစိုစွတ်ပေမဲ့ ချိုမြမြ အပြုံးတစ်မျိုး ပြုံးလေ ကာ ...

"လာ သမီး"

ဟု လက်ကလေးယပ် ခေါ်လိုက်ပြီး လက်နှစ်ဖက် ကို ဖွင့်ကြိုထား၏။ သမီးသည် ရုတ်ခြည်းပင် ကလေးမကလေး ပြန်ဖြစ်သွားကာ အမေ့ရင်ခွင်ထဲသို့ တိုးဝင်လာလေ၏။ အမေ့ရင် ခွင်ထဲ နွေးမြလုံခြုံသော ဒဏ်ရာတစ်ခု ပြုန်းခနဲ ဝင်ရောက်လာ သလို။ ဒါ တစ်သက်မမေ့မဲ့ သေရာပါ ဒဏ်ရာပေပဲ။

"အမေ ... မနက်ဖြန်ဆို သမီးတို့ ဗီဇာအတွက် အင်တာဗျူး ဝင်ရမယ်၊ ဗီဇာရတာနဲ့ နောက်တစ်နေ့ ထွက်တော့မယ်၊ အမေနဲ့ သမီးလေးကို ခဏတော့ ခွဲထားခဲ့ရဦးမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ နှစ်သိမ့်ပါတယ်၊ အားလုံး ကောင်းကြဖို့ပါတဲ့၊ ဟုတ်ပါတယ်နော် အမေ ...

သမီးနဲ့သူ ဟိုရောက်တာနဲ့ သိပ်မကြာဘူး အလုပ်အတွက် စာမေးပွဲ ဖြေကြမယ်၊ စာမေးပွဲက နှစ်ဆင့်တောင် ဖြေရမှာ အမေ၊ သမီးတို့တော့ စာတွေကြိုဖတ်သွားတာပဲ၊ အောင်မှာပါ၊ ပြီးတော့ သမီးက M.R.C.OG ဖြေမယ်၊ သူက F.R.C.S ဖြေမယ်၊ သမီးတို့နှစ်ယောက်လုံး အလုပ်ရပြီဆိုတာနဲ့ အမေရော သမီးကလေးကိုပါ ခေါ်လိုက်မယ်နော်၊ အမေ လိုက်ခဲ့နော်၊ မေမေကတော့ ဖေဖေ ခေါ်လိမ့်မယ်၊ သူက အချိန်မရွေး သူ့ဘာသာသူလည်း လိုက်လာလို့ရတယ်၊ အခု နေခဲ့ပေးတာက သမီးကလေးကို သူ အတူ စောင့်ရှောက်ပေးဖို့ နေခဲ့ပေးတဲ့ သဘောပဲ။ နောက်ကျမှ အမေတို့နဲ့ အတူတူ သူ လိုက်လာလိမ့်မယ်နော် အမေ ...

သမီး မရှိတဲ့အချိန် အမေ ကျန်းမာအောင် ပျော်အောင်လည်း နေနော်၊ တရားစခန်းလေး ဘာလေး ဝင်ပါ အမေရယ်၊ အမေ့အရွယ်က တရားအားထုတ်ရင်





ငြိမ်းချမ်းသင့်ပြီလေ၊ ခုဆို သမီးအတွက်လည်း အမေ ဘာမှ ပူပန်စရာ မလိုတော့ဘူး၊ အမေ ဖြစ်စေချင်တဲ့ ဆရာဝန်မကြီးလည်း ဖြစ်ခဲ့ပြီ"

သမီးက အမေ့ရင်ခွင်ထဲတွင် ကလေးလေးလို ခွေကွေးကာ အမေ့ကို ဖက်ထားရင်း လူကြီးစကားတွေ ဆိုချေသည်။ အမေသည် ခေါင်းတညိတ်ညိတ်ဖြင့် ပီတိကြီးစွာ နားထောင်ရလေ၏။

သမီးက အမေ့ကို ပြန်ပြီးဆုံးမခွင့်ရတာဟာ နည်းတဲ့ ကုသိုလ်မဟုတ်ပေဘူး။ သမီးက အမေ့ထက် ပညာဉာဏ်ရည် ပိုပြီးကြီးမားထက်မြက်သူမို့ပင်။

"နောက်နဲ့ ရန်ဖြစ်ပြီး သမီးကို လုတာမျိုးတွေ ဘာတွေလဲ မလုပ်နဲ့ဦးနော်၊ မေမေနဲ့လည်း သင့်မြတ်အောင်နေပါ။ မေမေက မာနကြီးပေမဲ့ သမီးတို့ အပေါ်တော့ ကောင်းပါတယ်၊ သူ့အကူအညီ၊ အပံ့အပိုးတွေကြောင့်ပဲ သမီးဘဝ မြင့်မားသထက် မြင့်မားဖို့ ဖြစ်လာတာ။ သမီးရဲ့ကျေးဇူးရှင်ပါ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ သိပါတယ် သမီးရယ်၊ အမေ သမီးကို မပေးနိုင်တဲ့ ပညာအမွေကို သူက ပေးနိုင်ခဲ့တာ၊ ယောက္ခမဆိုပေမဲ့ သူက ဒုတိယအမေပဲ"

အမေသည် မျက်ရည်စိုးသုတ်ကာ သိတတ်ချင်ယောင်ဆောင်လေ၏။

အမေ့အပေါ် ဖက်လှဲတကင်း ရောရောဝင်ဝင် နေလေ့မရှိသော ခမည်းခမက်ပေမဲ့ ကြံဖန်တော့ ကျေးဇူးတင်ရမည်။

"သမီး သိပါတယ် အမေ၊ သမီးလေးကိုလည်း အမေ ဂရုစိုက်ပေးပါနော်၊ သမီးကိုယ်စားပေါ့"

"စိတ်ချပါ သမီးရယ်"

"အမေ ... သမီးတို့ဘဝတွေ တော်တော်ကြီးကို ပြောင်းလဲသွားတာ အံ့သြစရာကြီးနော်၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဆေးကျောင်းတက်ဖို့တောင် အနိုင်နိုင် ဆင်းရဲနွမ်းပါးခဲ့တဲ့ ကောင်မလေးဟာ အခုတော့လည်း အင်္ဂလန်ထိတောင် သွားပြီး ဘွဲ့လွန်ထပ်ယူရတော့မယ် ...





ဘဝဆိုတာ အရှုံးမပေးတတ်သူတွေအတွက် အောင်ပွဲပဲ အမေ ..."

"သိပ်ဟုတ်တာပေါ့ သမီးရယ်၊ အမေတို့က အရှုံးမှ မပေးခဲ့တာ၊ ဆင်းရဲတာဟာ အရှုံးမဟုတ်ဘူး၊ ယူတတ်ရင် အဲ့ဒါ ခွန်အားပဲ သမီးရဲ့"

"သမီး တွေးထားတာတွေ အများကြီးရှိတယ် အမေ၊ အင်္ဂလန်မှာ M.R.C.OG အောင်ပြီးရင် အဲ့ဒါနဲ့ ကျေနပ်မနေသေးဘူး၊ အမေရိကမှာဆက်ပြီး MLE ဖြေဦးမယ်၊ M.D ဖြစ်အောင် လုပ်ဦးမယ်"

"သမီးရယ် ... ရည်မှန်းချက်တွေ ပြင်းထန်လိုက်တာ၊ သမီး သိပ်ပင်ပန်းနေမှာပေါ့"

"ဘဝဆိုတာ အမြဲသင်ယူနေဖို့ပဲ အမေ၊ ဒါ ပင်ပန်းစရာမဟုတ်ပါဘူး ..."

ဟု သမီးက ပြတ်သားစွာ ဆိုလေကာ အမေ့လက်ါး ကြမ်းကြမ်းများကို သူမ၏ ဖယောင်းလို နုလှနေသောက်ကလေးတွေနှင့် ခွန်အားပါစွာ ဆုပ်နယ်ဖျစ်ညှစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်ရင် သမီး အစားအသောက် ဆင်းရဲတော့မှာပဲ၊ သမီးတို့ကို ဘယ်သူက ချက်ပြုတ်ကျွေးမွေးမလဲ"

"ဟိုမှာကတော့ ကိုယ်ထူကိုယ်ထပဲ အမေ၊ ဓိမ်ခံနေဖို့ အချိန်မရှိပါဘူး၊ ဖြစ်သလိုပေါ့၊ အဲ့ဒါတွေက သမီးအတွက် အရေးမကြီးပါဘူး၊ အမေ့လက်ရာတွက်ိုတော့ လွမ်းမှာပေါ့ အမေရယ်"

ထိုညက သမီးနှင့် အမေသည် တောင်စဉ်ရေမရ စကားတွေ နောက်တစ်နေ့ ပြန်မမှတ်မိနိုင်လောက်အောင် မနား တမ်း ပြောကြသည်။ ပြောရင်း ပြောရင်း မိုးလင်းခါနီးလောက်မှ သမီးက မောပန်းနွမ်းလျစွာ ကလေးငယ်လို အပြစ်ကင်းကင်း အိပ်ပျော်သွားတော့၏။

အိပ်ပျော်နေသော သမီးမျက်နှာကလေးကို မျက်ရည် တစိုစိုဖြင့် ကြည့်လိုက်၊ အသံမထွက်အောင် ရှိုက်ငိုလိုက်၊ သမီး ပါးပြင်၊ နှာသီးဖျားလေး၊ နဖူးပြင်လေးကို သမီး မနိုးအောင် ဖွ နမ်းလိုက်ဖြင့် အမေမှာ ဗျာများနေခဲ့လေ၏။

* * *





သမီးပြောခဲ့သည့် အတိုင်းပင် ဗီဇာရပြီး နောက် တစ်နေ့မှာ ဖြုန်းစားဒိုင်းစားကြီးပင် သမီးတို့ ထွက်ဖို့ဖြစ်လာခဲ့၏။ သေတ္တာတွေထဲ ပစ္စည်းတွေ ဒရောသောပါးထည့်ရ၊ လိုအပ်တာ တွေ ဝယ်ရနှင့် သူတို့လည်း မအားသလို၊ အမေကလည်း မီးဖို ချောင်၌ ညှော်တလုံးလုံးဖြင့် မအားနိုင်ချေ။ ဘာလချောင်ကြော်၊ ဆတ်သားခြောက်ကြော်၊ ဆိတ်သားကြွပ်အမွှကြော်၊ ငါးပုပ်ခြောက် ဆီစိမ်၊ ငါးရံ့ခြောက်ကြော် စသဖြင့် ဆိုင်တစ်ဆိုင် ဖွင့်လို့ရလောက် အောင် ကြော်လှော်ထည့်သိုပေးနေရသဖြင့် စိတ်ပင် မထိခိုက်နိုင် အား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ သမီးတို့ကို လေဆိပ်သို့ လိုက်ပို့ချိန် ကျမှပင် အမေ့နှလုံးသား ဆွဲထုတ်ခံရသလို တဆတ်ဆတ် နာတော့၏။ သမီးနှင့်သားက ယောက္ခမနှင့် အမေ့ကို ကန်တော့ကြစဉ် အမေသည် မျက်ရည်ဖြိုင်ဖြိုင် ကျရ၏။ ယောက္ခမကတော့ အပြုံးချိုမြမြ။ သူ့အတွက်ကတော့ မဆန်းသော ခွဲခွာခြင်းပေပဲ။ အမေသာ မနေတတ်၊ မထိုင်တတ် အသည်းကွဲကာ နေ၏။

သမီးက သမီးကလေးကို အားပါးတရ နမ်းရှုံ့ကာ မျက်ရည်များဖြင့် ချာခနဲ လှည့်ထွက်သွားပြီးနောက် ပြန်ကိုမကြည့်တော့။ သူ့ခမျာ အတော်စိတ်ထိန်းထားနေရပုံ ပေါ်ပါသည်။

ဘာမှ သိပ်မသိတတ်သေးသော မြေးကလေးကနာန်နှင့် အနေများသူမို့ သူ့အတွက် ဘာမှ ပိုထူးခြားပုံမရ။ နာနီ့လက်ပေါ်မှာနေလိုက်၊ တွန်းလှည်းအိမ်ကလေးထဲ ရောက်သွားလိုက်နှင့် ပြုံးကာနေ၏။

အမေ့မှာသာ ရင်ထဲမချိတော့ပေ။ ဟာလာဟင်းလင်း ရင်ပွင့်လျက် ကျန်ရစ်ခဲ့ရခြင်း ဖြစ်လေသည်။





လေယာဉ်ပေါ် တက်သွားကြသော သမီးတို့စုံတွဲဆီ မျှော်ကာငေးရင်း ဆို့နစ်စွာ ငိုကြွေးလျက်ရှိသော အမေ့ကို ခမည်းခမက်က အားပေးသလို ကြည့်ကာ ...

"ဒါပဲ အစ်မကြီးရဲ့၊ သူတို့ဘဝ မြင့်မားကောင်းစားဖို့ အမေတွေဟာ ရင်ကွဲခံပြီး အနစ်နာခံရတာပဲ၊ ကိုယ့်အတွက် ကိုယ်ကြည့်ပြီး သူတို့နဲ့ မခွဲချင်တိုင်း ရင်ခွင်ထဲ သိမ်းပိုက်ထားမယ်ဆိုရင် ကျွန်မတို့ တစ်ကိုယ်ကောင်းဆန်ရာ၊ မတရားရာ ကျမှာပေါ့ ...

အချိန်တန်တော့လည်း ခွဲကြရတာပဲ၊ တစ်နေ့ ပြန်ဆုံကြဖို့ပဲ မျှော်လင့်ထားကြစို့လေ၊ အစ်မကြီး မပြောနဲ့၊ စိတ်မာပြတ်သားလှပါတယ်ဆိုတဲ့ ကျွန်မတောင် ရင်ထဲမှာ ဘာမှမကျန်တော့သလို ဟာလာဟင်းလင်းကြီး ဖြစ်ကျန်ခဲ့တယ်၊ ကဲ ... ကဲ ... အိမ်ပြန်ကြစို့"

ဟု ဖျောင်းဖျ နှစ်သိမ့်လေသည်။ အိမ်ပြန်ရောက်တော့ သမီးမရှိဘူးဆိုတဲ့ အသိက ဝုန်းခနဲ ရင်ကို လာဆောင့်ကာ အမေရင်ထဲ နာကျင်သွားလေသည်။ လူအားလုံး အသီးသီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းရှိရာဆီ ကိုယ်စီ ဝင်သွားကြသဖြင့် အမေ့မှာလည်း ကိုယ့်အခန်းကလေးထဲ ကိုယ်ဝင်လာခဲ့ရသည်။ အမေ့ရင်ထဲ ဆို့နစ်လွန်းအား ကြီးသောကြောင့် အော်ဟာစ်ငိုပစ်လိုက်ချင်ပါသည်။ သို့သော် ... အမေ့ မျက်ရည်တို့ ခန်းခြောက်နေပြီ။

* * *





# အပိုင်း(၀)

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၃)

ဒီလိုနဲ့ပဲ အမေ နေတတ်အောင်နေရင်း လောကမှာ နေနည်းတစ်မျိုးကို ကျွမ်းကျင်လာခဲ့လေသည်။ သမီးသွားစ,က မချိအောင်လွမ်းနာကျခဲ့ရသော်လည်း အချိန်က ကုစားပေးလေ၏။ တစ်ခုတည်းသော အမေ့ရဲ့ မျှော်လင့်ချက် ပျောက်ကွယ်သွားခဲ့မှတော့ အမေ ဘာကိုမှ မမျှော်လင့်ခဲ့တော့။ သမီးကိုယ်စား မြေးကလေးဆီမှာသာ အမေ့စိတ်နှလုံးတွေ၊ အချစ်တွေ ပုံအောမြှုပ်နှံပစ်လိုက်၏။ အမေ့ကို ကံကြမ္မာက တစ်လှည့်ပြန်ကြည့်လျှင်၊ နာနီက အလုပ်ထွက်သွားသဖြင့် မြေးကလေးကို အမေသာ တစ်ကိုယ်တည်း ပိုင်ပိုင်နိုင်နိုင် တာဝန်ယူခွင့်ရဖို့ ဆရာမကြီးထံမှာ တောင်းပန်တိုးလျှိုးရ၏။

---



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဆရာမကြီး ခွင့်ပြုသဖြင့် အမေမှာ မြေးကလေးနှင့် နေ့နေ့ညည မခွဲမခွာ အတူတူနေခွင့် ရလေသည်။ သမီးကို စွန့်ရပေမဲ့ မြေးကို ပြန်ရသဖြင့် အမေ့အဖို့ ဖြေသာလှသည်။ သမီးကို လွမ်းလျှင် မြေးကလေးနှင့် အလွမ်းဖြေရလေ၏။

သားနှင့် သမီးထံမှတော့ စာတွေလာလိုက်၊ ဓာတ်ပုံတွေပို့လိုက်၊ ဖုန်းတွေလာလိုက်နှင့် သူတို့ ပျော်ရွှင်နေကြတာကို အမေ သိခွင့်ရ၏။ ဟိုရောက်ပြီး ငါးလအတွင်းမှာပင် နှစ်ယောက်စလုံး စာမေးပွဲတွေအောင်၊ အလုပ်တွေရ အတော် အဆင်ပြေကြ၏။

သမီးနှင့် ယောက္ခမကတော့ e-mail ဟု ဆရာမကြီး မကြာခဏပြောလွှန်း၍ အမေ သိလာသော ကွန်ပျူတာဖြင့် စာပေးစာယူ အပြန်အလှန် ရှိကြသလို၊ အင်တာနက်မှတစ်ဆင့်လည်း လူချင်းစကားပြောခွင့် ရကြသည်တဲ့။ ထိုကိရိယာများကို အမေက နားမလည်သဖြင့် ဘာမှ မသိရသောကြောင့် သမီးဖုန်းဆက်မှပင် သမီးရဲ့အသံချိုချိုကလေးကို အမေ ကြားခွင့်၊ စကားပြောခွင့်ရလေ၏။





"သမီး M.R.C.OG part(I) အောင်ပြီ အမေ"

ဟု သမီး ဝမ်းသာအားရ ပြောခဲ့စဉ်က အမေမှာ ဝမ်းသာလွန်း၍ ဆွေ့ဆွေ့ပင် ခုန်မနေခဲ့သည်။ သမီးထံမှ တစ်ပတ်တစ်ခါ ဖုန်းမှန်မှန်လာတာက တစ်ကြောင်း၊ မြေးကလေးနှင့် အမြဲတမ်း မခွဲရတော့ဘဲ တစ်ခန်းတည်း အတူတူနေခွင့်ရတာက တစ်ကြောင်းကြောင့် အမေမှာ စိတ်အချမ်းသာကြီး ချမ်းသာလျက်ရှိသည်။

ခမည်းခမက် ဆရာမကြီးကလည်း သူ အလုပ်အားချိန် မြေးကလေးနား ခဏတဖြုတ်လာကာ ချီပိုးယုယလျက် တွတ်တီးတွတ်တာ ပြောတာလောက်သာ အချိန်ပေးနိုင်တာမို့ အမေမှာ တစ်ယောက်တည်း မြေးကို ပြိုင်ဘက်မရှိ အပိုင်စီးခွင့်ရထားတာကို ကျေနပ်၍ အဆုံးမသတ်တော့ပေ။

သံယောဇဉ်ဆိုသည့်အရာမှာ ဒီအတိုင်းနေလျှင်တောင် သူ့အလိုလို ရစ်ပတ်အားကောင်းတတ်သည်ဖြစ်ရာ နေ့စဉ်နှင့်အမျှ မြေးကလေးနှင့် အတူနေ၊ အတူစား၊ အတူအိပ်နေရသောအခါ၊ သံယောဇဉ်ထုထည်မှာ အနှိုင်းအဆမရှိအောင် ထူထည်းခိုင်ခန့်လျက် ရှိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ဘဝတွင် ဒုတိယမျှော်လင့်ချက်တစ်ရပ် အသစ်မွေးဖွားခဲ့လေပြီ။ မြေးကလေးရှိလျှင် အမေ ဘာမှ မလိုအပ်တော့။ အမေ ကံကောင်းလေပြီ ...။

* * *





မြေးကလေး တစ်နှစ်ကျော်၊ နှစ်နှစ်အသက်ထဲ ဝင်လာသဖြင့် တီတီတာတာ မပီကလာကလေးတွေ ပြောတတ်လာခဲ့လေပြီ ...။ ထက်မြတ်ဖျတ်လတ်သော မျက်လုံးဝိုင်းကြီးများက စူးရှတောက်ပကာ အလွန်လှပချောမောသော မိန်းကလေး ဖြစ်လေ၏။ အသားအရေကောင်းပုံ၊ ဆံပင်ကောင်းပုံမှာ ဆိုဖွယ်ရာမရှိ။ အသားမှာ ဝင်းအိဖွေးနေကာ ဆံပင်နက်နက်စင်းစင်းကလေးများမှာ ပိုးကတ္တီပါ လွှမ်းထားသည့်နှယ်။ နီရဲအိထွေးသော နှုတ်ခမ်းငုံကလေးနှင့် ...။

"ဘွားဘွား"

ဟု ချွဲနွဲ့ကာ တွတ်တီးတွတ်တာခေါ်လျှင် အမေ့မှာ အသည်းဖျပ်ဖျပ်တုန်အောင် အရည်ပျော်မြဲ ...။



www.burmeseclassic.com

www.burmeseclassic.com



မြေးကလေးရဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုအခွေတွေကို အင်္ဂလန်သို့ သူ့ဘွားအေ ဆရာမကြီးက တစ်လခြားတစ်ခါလောက် ပို့နေတတ်သည်။ ကောင်းမွန်စွာ လမ်းလျှောက်နိုင်ကာ တတောက်တောက် ပြေးလွှားသော အရွယ်မို့ အမေ့မှာ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ပင် လိုက်ထိန်းနေရလေသည်။ အရာရာကို သိချင်စပ်စုစွာ စူးစမ်းလွန်းသော အရွယ်မို့ မျက်လုံးကလေးတွေက အမြဲတမ်းပင် စိန်ပွင့်တွေလို တဖျပ်ဖျပ်တောက်ပ ဖြာလက်နေတတ်၏။

အဘွားနှင့်မြေးသည် ခွဲခြားမရအောင် တစ်သားတည်း ဖြစ်လျက်စဉ် ကံကြမ္မာသည် မမျှော်လင့်ဘဲ ဖြုန်းဆို အမေ့ရဲ့ အပျော်များကို ဖဲ့ယူဖို့ ပြင်လေတော့သည်။

အစီအစဉ်များကို စတင်ဆွဲခဲ့သူကတော့ သိကြတဲ့အတိုင်း ဆရာမကြီးပင်။

"ကျွန်မတို့ အင်္ဂလန်လိုက်ဖို့ စီစဉ်ကြတော့မယ်"

ဟု တစ်ညမှာ သူက ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်ရင်ပဲ အမေ့မှာ ထိတ်ခနဲ ဖြစ်သွားလေ၏။





"အပြီး သွားမှာလားဟင်"

အမေသည် ယောင်ယမ်းပြီး မြေးကလေးကို ပွေ့ချီလိုက်ကာ ရင်ခွင်တွင်း ဆွဲသွင်းထားလိုက်မိသည်။

"အပြီးတော့ ဘယ်ဟုတ်မလဲရှင်၊ ဟိုမှာတစ်လှည့်၊ ဒီမှာတစ်လှည့် အဆင်ပြေသလို နေကြမှာပေါ့"

"ကျွန်မနဲ့ မြေးကလေး ဒီမှာနေခဲ့လို့ မဖြစ်ဘူးလားဟင်၊ ကျွန်မ နိုင်ငံခြား မသွားချင်ဘူး၊ ကိုယ့် မြန်မာပြည်မှာပဲ ကိုယ်ပျော်တယ်၊ သူများနိုင်ငံမှာ ဘုရားဖူးချင်လို့တောင် ဘုရားမရှိ၊ ကျွန်မ နေတတ်မှာ မဟုတ်ဘူး"

"ဒီလိုပဲပေါ့ အစ်မကြီးရယ်၊ အိမ်မှာ ကိုးကွယ်တဲ့ ဘုရားတော့ ရှိတာပေါ့၊ ရွှေတိဂုံစေတီတော်လိုတော့ ဘယ်ရှိမလဲ၊ ရှင်နဲ့ မြေးကလေးနေခဲ့လို့ ဘယ်ဖြစ်မလဲ၊ သမီးက သူ့သမီးလေးကို ခေါ်ချင်နေတာ သူ့ အလုပ်ရကတည်းကပဲ"

အမေသည် ခေါင်းတယမ်းယမ်းသာ လုပ်နေ၏။

အမေ့ကို ခေါင်းမာသည်ပင် ဆိုချင်ဆို။ ဟိုးအရင် သမီးသွားခါနီး ကာလများဆီကတည်းက နိုင်ငံခြားကိုလိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူး အမေ့မှာ လုံးဝမပေါ်ပေါက်ခဲ့ချေ။ သူများနိုင်ငံမှာ သူတို့ ပြောသော အင်္ဂလိပ်ဘာသာစကားလည်း အမေ မပြော တတ်ဘဲ ဘယ်လိုပေါင်းသင်း ဆက်ဆံရမလဲ။ ယုတ်ဆွအဆုံး ဈေးဝယ်ဖို့ပင် အဆင်ပြေမယ်မထင်။ ပြီးတော့ အဆိုးဆုံးက အမေသည် လေယာဉ်ပျံစီးရမှာကို မွေးရာပါ အကြောက်တစ်ခု သဖွယ် ကြောက်စိတ်စွဲ ရှိလေ၏။

အမေ့တစ်သက်မှာ ဘယ်တုန်းကမှလဲ လေယာဉ်ပျံ စီးဖို့ စိတ်ကူးမပေါ်ခဲ့။ စီးဖို့လည်း အကြောင်းပေါ်မည်မထင်ခဲ့။ အမေသည် သမီးအတွက်သာ အမြင့်မားဆုံး မျှော်လင့်စိတ်ကူးခဲ့ ပေမဲ့ အမေ့ကိုယ်ကိုအတွက်တော့ ရိုးရိုးစင်းစင်းကလေးသာ တွေး ခဲ့သည်။

"ကျွန်မ မလိုက်နိုင်ပါဘူး ဆရာမရယ်၊ လေယာဉ်ပျံ စီး ရမှာလည်း ကျွန်မ သေမလောက်ကြောက်တယ်၊ စီးလည်း မစီးရဲဘူး၊ ကိုယ့်မွေးရပ်မြေကနေလည်း မခွာနိုင်ဘူး"

"သြော် ... ဖြစ်မှဖြစ်ရလေ။ အစ်မကြီး မလိုက်နိုင်တာကို တော့ သမီးနဲ့ ဆွေးနွေးညှိနှိုင်းကြလေ၊ ကျွန်မနဲ့ မြေးလေး





ကတော့ လိုက်သွားမှကို ဖြစ်မှာ၊ သားနဲ့သမီးကို လွမ်းလှ ပြီ"

ဆရာမကြီးက ရှည်ရှည်ဝေးဝေး တိုက်တွန်းခြင်းမျိုး မလုပ်။ ညှိမျှနှင့် အဆုံးသတ်လိုက်သည်။

အမေ့အဖို့ ကံဆိုးတော့မည် ထင်သည်။ မြေးကလေး ကို ချီပွေ့ထားရာမှ မလွှတ်ဘဲ ထိုပြဿနာကြီးကို ဘယ်လိုဖြေ ရှင်းရမည် မသိအောင် ရှိနေလေ၏။

သိပ်မကြာခင်တွင် သမီးထံမှ ဖုန်းကို အမေလက်ခံ ရင်ဆိုင်ရပါသည်။ သမီးအသံက တက်တက်ကြွကြွ ထက်သန် လွန်းလှ၏။ အို ... သမီးရယ်။ အမေ့ကို အသည်းမခွဲပါနဲ့။ အမေ သည် မျက်ရည်လည်လာကာ တုန်တုန်ယင်ယင်ဖြင့် ဖုန်းကိုကိုင် ရလေ၏။

"အမေ သမီးတို့ ဒီကနေ လိုအပ်တဲ့ စာရွက်စာတမ်းတွေ အကုန်ပို့လိုက်ပြီ၊ အမေ့တို့ လိုက်လာဖို့ လုပ်ကြတော့နော်၊ အမေ နားမလည်လည်း ကိစ္စမရှိဘူး၊ မေမေ အကုန်စီစဉ် ပေးလိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးရော အမေ၊ သမီးလေးရော၊ သူ့ဆီ ဖုန်း ပေးလိုက်ပါဦး၊ သမီးလေးနဲ့ စကားပြောရအောင်"

အမေသည် သမီးရဲ့ ပြင်းပြထက်သန်မှုကို တော်တော်နှင့် မချိုးရက်လှစွာ ငြိမ်တွေ၍ နေလေ၏။

"အမေ"

အမေ ငြိမ်သက်လွန်းမက ငြိမ်သက်နေတော့ သမီးက ဘာများဖြစ်ပါလိမ့်ဟု အလန့်တကြား ခေါ်လေသည်။ အမေသည် တစ်ချက်မျှ ရှိုက်ငင်လိုက်၏။

"အမေလည်း အသက်ကြီးပါပြီ သမီးရယ်၊ နိုင်ငံခြားဆိုတာကြီးကို အမေ မလိုက်ပါရစေနဲ့၊ အမေ့ဘာသာ ဒီမှာပဲ နေခဲ့ပါရစေ"

ဟု အရဲစွန့်ထားသော အသံဖြင့် ပြောလိုက်လျှင် သမီးက တအံ့တဩ ငြိမ်သက်သွားလေ၏။

"ဘယ်လိုဖြစ်ရပြန်တာလဲ အမေ၊ အမေ တစ်ယောက်တည်း နေခဲ့လို့ ဖြစ်မလား၊ အဓိပ္ပာယ် မရှိတာကို၊ သမီး အားလုံး စီစဉ်ပြီးပြီ၊ အမေ လိုက်ခဲ့ရမှာပဲ"





"တောင်းပန်ပါတယ် သမီးရယ်၊ အမေ အဲ့ဒီမှာလည်း ပျော်မှာမဟုတ်ဘူး၊ ဒီမှာပဲ နေခဲ့ပါရစေ၊ အသက်ကလည်း ကြီးပြီဆိုတော့ ဘုရားရိပ်၊ တရားရိပ်မှာပဲ အမေ နေချင်တော့တယ်၊ အမေက ဘာပညာမှလဲ တတ်တာမဟုတ်ဘူး၊ အဲ့ဒီကို လိုက်လာရင် အမေ ဆွံ့အနားမကြားတော့တာနဲ့ အတူတူပဲ ဖြစ်တော့မယ်၊ သူတို့ပြောတာလည်း အမေ နားမလည်၊ အမေလည်း ဘာမှမပြောနိုင်နဲ့၊ ဘယ်လိုလုပ်မလဲ"

"အဲ့ဒါတွေ လျှောက်မတွေးပါနဲ့ အမေရယ်၊ နောက်တော့ သူ့ဘာသာသူ ဖြစ်သွားမှာပါ"

"ပြီး ... ပြီးတော့ အမေ လေယာဉ်ပျံကြီးလည်း မစီးရဲဘူး သမီး၊ ကြောက်လွန်းလို့ပါ၊ အမေ မလိုက်ပါရစေနဲ့တော့၊ ဒီမှာပဲ နေခဲ့ပါရစေတော့"

"အမေ ဘာတွေပြောနေတာလဲ၊ အမေ့ကို တစ်ယောက်တည်း ထားခဲ့ရမှာ သမီးမှ စိတ်မချဘဲ၊ အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တွေနဲ့ မငြင်းပါနဲ့ အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး သမီးရယ်၊ အမေ တကယ်ကို ဆုံးဖြတ်ပြီး ပါပြီ၊ အမေ ဒီမှာပဲ နေခဲ့တော့မယ်"

"အမေ ခေါင်းသိပ်မာတာပဲနော်၊ သမီးကတော့ အမေ့ အတွက် တွေးလိုက်ရတာ၊ အမေကတော့ သမီးအတွက် တွေးမပေးဘူး၊ အမေ ဖြစ်ချင်တာ တစ်ခုကိုပဲ ခေါင်းမာမာနဲ့ ဖွတ်ပြောနေတယ်၊ သမီးကို စိတ်ချမ်းသာအောင် အမေ လုပ်မပေးဘူး၊ အမေ စိတ်ချမ်းသာဖို့ပဲ အမေ လုပ်တယ်"

သမီးရဲ့ အသံမှာ ကရုဏာဒေါသဖြင့် တုန်ယင်အက်ကွဲကာ ငိုတော့မလို ဖြစ်နေသည်။ အမေ အတော်လေး စိတ်ထိခိုက်သွား၏။ ဖြစ်မှဖြစ်ရလေ။ သမီးက အမေ့ကိုအထင်လွဲနေရှာပြီ။

"အမေ့ကို အထင်မလွဲပါနဲ့ သမီးရယ်"

ဟုသာ အမေ ပြောနိုင်သည်။ တခြား ဘာမှ ပိုမပြောတတ်။ အမေ့ အကြောက်စိတ်ကို သမီး နားမလည်နိုင်တာကို နားလည်နိုင်အောင်လုပ်ဖို့ အမေ ဘယ်လိုမှ မတတ်နိုင်။





"အမေ စဉ်းစားပါဦး အမေ။ အမေ နေခဲ့မယ် ဆိုရင် အမေ နေနိုင်လို့လား"

"နေတတ်အောင် နေရမှာပေါ့ သမီးရယ်၊ တစ်နေ့တော့ ရှင်ကွဲမဟုတ်လည်း သေကွဲတော့ ကွဲကြရမှာပဲ၊ အမေ နေတတ်အောင် ကြိုးစားရမှာပေါ့၊ သမီးဘဝ အတွက်သာ သမီး အာရုံစိုက်ပါ၊ အမေက ဘာမှ အရေးမကြီးဘူး၊ အမေ နေတတ်တယ်၊ အမေ တစ်ယောက်တည်း နေတတ်ပါတယ် သမီးရယ်"

အမေသည် ထိုစကားလုံးများကို ရင်ကိုခွဲကာ တစ်ခွန်းချင်း ယက်ထုတ်နေရခြင်း ဖြစ်လေ၏။ အံကိုပင် တင်းတင်းကြိတ်ထားမိသည်။ အမေ့အသံထဲမှာ မပြတ်မသား၊ တွေဝေနေတာမျိုးတွေ မပါဝင်စေလို။ သမီးသာ ပြန်လာခဲ့ပါ အမေ စောင့်နေပါမယ် ဆိုသော စကားကိုတော့ အသည်းနှလုံး၏ ဟိုးအတွင်းတစ်နေရာမှာ မြှုပ်နှံထားလိုက်သည်။

သမီးက အညွှန့်တလူလူနဲ့ တရိပ်ရိပ် တက်နေတဲ့လူ။ သမီးကို နောက်ဆံကလေး တစ်မျှင်မှပင် မတင်းစေလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ သမီးကို မငဲ့ညှာတော့ဘူးပေါ့၊ မထောက်ထားတော့ဘူးပေါ့"

"မငဲ့ညှာတာ မဟုတ်ရပါဘူး သမီးရယ်၊ အမေ့သမီး အမေ့မြေးကလေးနဲ့ အမေလည်း သေတဲ့အထိ မခွဲမခွာ အတူတူ နေချင်တာပေါ့၊ ဒါပေမဲ့ အမေ သူများနိုင်ငံမှာ ခေါင်းမချချင်လို့ပါ သမီးရယ်၊ အမေ သေရင်တောင် အမေ့အိမ်ကလေးမှာပဲ သေချင်တယ်"

"အမေ လျှောက်ပြောမနေပါနဲ့၊ မဟုတ်တာတွေ၊ အမေ ပြန်စဉ်းစားပါဦး သမီး ထပ်ဆက်ဦးမယ်"

သမီး ဖုန်းချသွားလေသည်။ အမေ့ရင်ထဲ တင်းကျပ်ဆို့မွန်းစွာ ကျန်ရစ်ခဲ့လေသည်။ အမေ ဘယ်လိုမှ မလိုက်ချင်၊ မလိုက်နိုင်တာကို အမေ ကိုယ်တိုင်ပဲ သိ၏။

ဆရာမကြီးက အမေ့ကို တိုက်တွန်းခြင်းမျိုး ဖွင့်အတင်းမလုပ်။ သို့သော် မြေးကလေးနှင့်သူ နိုင်ငံခြားထွက်ဖို့ကိစ္စတွေကိုတော့ စတင်လုပ်လျက် ရှိချေပြီ။





မြေးကလေးကို ခွဲရတော့မည်ဆိုသော အသိသည် အမေ့ ရင်တွင်း၌ လျှပ်ပြင်းပြင်း လှုပ်ခါသလို တုန်လှုပ်စေပါသည်။ အမေသည် မြေးကိုဖက်ကာ တိတ်တိတ်ကျိတ်ငိုပေမဲ့ လိုက်ဖို့ကို လုံးဝစိတ်မကူးချေ။

ထိုရက်ပိုင်းအတွင်း သမီးကဆက်လိုက်၊ သမက်က ဆက်လိုက်နှင့် အမေ့ကို လိုက်ခဲ့ဖို့ အမျိုးမျိုး ဖျောင်းဖျနားချလျက် ရှိသည်။ အမေ့စိတ်သည် ပြောင်းလဲလိုစိတ် မရှိ။

လေယာဉ်ပျံစီးရမှာကို ကြောက်သောအကြောက်၊ သူများနိုင်ငံမှာ ဘာပညာမှ မတတ်ဘဲ သွားနေရမှာကို ကြောက်သောအကြောက်၊ ကိုယ့်မြေကိုယ် မစွန့်လွှတ်၊ မခွဲခွာနိုင်သော အစွဲစိတ်တို့သည် အမေ့ကို ခါးခါးသီးသီးပင် ခေါင်းခါမြဲ ခါစေလေ၏။

အကြိမ်ကြိမ် နားချလို့မရတဲ့အဆုံး သမီးက ငိုယိုပေါက်ကွဲကာ ...

"အမေ သိပ်တစ်ကိုယ်ကောင်းဆန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စွပ်စွဲပြီး ဖုန်းချသွားခဲ့လေသည်။ နောက်ထပ်ဖုန်းဆက်ခြင်း မရှိတော့။ ဆရာမကြီးကို တစ်ဖက်လှည့် နားချပေးဖို့ အကူအညီတောင်းပုံ ရလေသည်။ ဆရာမကြီးက တိုက်တွန်းပြန်၏။

"သမီး တော်တော် စိတ်ထိခိုက်နေတယ် အစ်မကြီး၊ သမီးအတွက်ဖြစ်ဖြစ်၊ မြေးကလေးအတွက်ဖြစ်ဖြစ် အစ်မကြီးရဲ့ ဆုံးဖြတ်ချက်ကို ပြန်မပြင်နိုင်တော့ဘူးလား ...

ကျွန်မ တစ်ခုပြောမယ်၊ ကိုယ်က ကျလူဖြစ်နေပြီလေ၊ သူတို့က အညွန့်တလူလူနဲ့ တက်လူတွေ၊ ကိုယ့်ဆန္ဒကို ချိုးနှိမ်ပြီး သူ စိတ်ချမ်းသာအောင် သူ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါလား"

"ကျွန်မ ဖြည့်ဆည်းပေးချင်ပါတယ် ဆရာမရယ်၊ ကျွန်မအတွက် မဖြစ်နိုင်လွန်းလို့ပါ၊ မစွန့်စားရဲလွန်းလို့ပါ၊ အမြင်ကျဉ်းလွန်းတယ်၊ ရှေးဆန်လွန်းတယ်ပဲ ဆိုချင်ဆိုပါ၊ ကျွန်မဒီမှာပဲ နေခဲ့ပါရစေ၊ မလိုက်နိုင်လွန်းလို့ပါ"





"ခက်လိုက်တာနော်၊ ခက် ခက်လှချည့်၊ သမီးကလည်း သမီး၊ အမေကလည်း အမေ၊ ဘယ်သူမှားလို့ ဘယ်သူမှန်တယ်ဆိုတာလဲ ကျွန်မ မပြောတတ်တော့ဘူး"

ဆရာမက ခပ်ညည်းညည်းကလေး ပြောကာ လက်လျှော့လိုက်ပြန်လေသည်။

အမေသည် ခေါင်းစိုက်ချကာ တွေ၍နေ၏။

အမှန်တော့ သမီးလည်း မမှားဘူး၊ အမေလည်း မမှားဘူး ထင်တာပဲ သမီးရယ် ...

သမီးနဲ့ အမေကြားက လွန်ဆွဲပွဲကို တိုက်ပွဲတစ်ပွဲလို့ အမေ မတင်စားရက်ပေမဲ့ အမှန်တရားနှစ်ခုကြားက တိုက်ပွဲတိုင်းဟာ ပြင်းထန်လွန်းကြပါတယ် သမီးရယ် ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ထိုရက်ပိုင်းကာလများသည် အမေ့အတွက်တော့ အရှင်လတ်လတ် ကျရသည်။ ငရဲသို့ အလည်တစ်ခေါက် ကာလများပင်။ မြေးက လေးကို ရင့်ခွင်ထဲမှ ဆွဲထုတ်သွားမည့်ရက်သည် တဖြည်းဖြည်း နီးကပ်လာလေသည်။

အမေသည် မြေးကလေးကို မျက်စိအောက်မှပင် အပျောက်မခံနိုင်။ ညညဆို အိပ်ပစ်ရမှာကို နှမြောကြောက်ကွဲနေသည်။ နောက်ညတွေဆို မြေးကလေးကို ခုလို ရင်ခွင်ထဲ ထွေးပွေ့ထား ပြီး အိပ်စက်ခွင့် မရတော့ဘူးဟု ရင်ဆို့စွာ တွေးမိစဉ် မျက်ရည် ဝိုင်းလည်ကာ မအိပ်တတ်တော့သလို မျက်လုံးက အလိုလို ကြောင်နေတော့သည်။





အမေ့ရဲ့ရင့် ဟိုးနက်နက်အတွင်းထိ ဒဏ်ရာသည် နက်ရှုလွန်းလှသဖြင့် အမေ မခံနိုင်သော်လည်း ကျိတ်မှိတ်ခံယူ ရ၏။ အမေသည် ကိုယ်အသက်ရှင်နေတာကို မေ့လျော့သွားသည့် ခံစားချက်မျိုး အကြိမ်ကြိမ် ဖြစ်ပေါ်လေသည်။ ခံစားချက်တွေကို နာကျင်စွာ မျိုချမြုပ်နှံပစ်ရသည်။

ထိုရက်ပိုင်းအတွင်း စိတ်တွေ အမြဲမှုန်းကျပ် ရှုပ်ထွေး နေကာ အိပ်ပျက်သော ညတွေက များသဖြင့် လူက မူးရီထိုင်း မှိုင်းလာသည်။ တစ်ခါတစ်ခါ ဘာကိုမှ မမြင်ရဘဲ တွေတွေကြီး စိုက်နစ်ဝင်မတတ် ငေးမိငေးရာ ငေးနေမိတတ်သည်။ မြေးကလေး ရဲ့ တီတီတာတာ အသံကလေးတွေ ပြန်ကြားမှ သက်ပြင်းရှည်ကို ချရ၏။ သမီးက ခုချိန်ထိ အမေ့ကို စိတ်ဆိုးဆဲ။

ဆရာမသည် အမေ့ကို အမှားအမှန် မခြစ်ပေမဲ့ ဒီမှာ ကျန်နေရစ်ခဲ့မည်ဆိုလျှင် အိမ်ကို သူများဆီ မငှားတော့ဘဲ အမေ့ကိုသာ ထားခဲ့ဖို့တော့ စေတနာ ထားရှာပါသေးသည်။ အမေက မဖြစ်နိုင်ကြောင်း ခေါင်းခါလိုက်သည်။

"ကျွန်မအိမ်ကလေးမှာပဲ ကျွန်မ ပြန်နေလိုက်ပါမယ်။ အိမ်ကို သော့ခတ်ပြီး ပစ်ထားတဲ့ ဘယ်လောက်ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီလဲ၊ ကျွန်မ နေတတ်ပါတယ် ဆရာမရဲ့၊ ဒီအိမ်ကြီးရဲ့တာဝန်က သေးတာမှ မဟုတ်ဘဲ၊ နိုင်ငံခြားသားကိုသာ ငှားခဲ့ပါ၊ ကျွန်မအတွက် ဒုက္ခမရှာပါနဲ့”

ဟု ပြောရ၏။

“သမီးပြောတာ မမှားဘူး၊ အမေက သိပ်ခေါင်းမာတာပဲတဲ့၊ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘူးတဲ့”

ဘုရားရေ ...။ အမေ စိတ်မကောင်း ဖြစ်သွားလေသည်။ အမေက ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘူးတဲ့လား။ အမေ့ကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်တာ၊ ဝန်မပိုစေချင်တာ၊ တာဝန်မပေးချင်တာဟာ ခေါင်းမာသတဲ့လား။ သမီးအပေါ် သိတတ်လွန်းခဲ့တာကပင် မျက်နှာမကြည့်တတ်တာတဲ့လား။

သမီးရယ် ... သမီးရဲ့ မျက်နှာကို အမေ တစ်သက်လုံး အရိပ်လို ကြည့်လာခဲ့တာပါကွယ်။

⁂ ⁂ ⁂





“ကိစ္စတွေအားလုံး အဆင်ပြေတယ် အစ်မကြီးရေ၊ အိမ်ကြီးလည်း ငှားဖို့ စာချုပ်ချုပ်ပြီးပြီ၊ ကျွန်မတို့ မြေးအဘွားအင်္ဂလန်သွားဖို့လည်း အားလုံး အဆင်သင့်ဖြစ်ပြီ၊ ထွက်ရုံပဲ”

ဟု ဆရာမကြီးက ပြုံးချိုမြနေသော မျက်နှာဖြင့် ပြောလိုက်ချိန်တွင် အမေ့နှလုံးသားသည် ဖျတ်ခနဲ ကွဲကြေသွားသလို ငြိမ်ကျသွားလေသည်။

“စီးနေတဲ့ ကားကိုပါ ငှားခဲ့တယ်၊ ဒေါ်အေးတို့တော့ တောပြန်ကြမှာပေါ့၊ ဒါပေမဲ့ သူတို့က လေဆိပ်လိုက်ပို့ချင်သေးတယ်လို့ ဆိုတာနဲ့ ကားစီစဉ်ပေးရမယ်၊ အစ်မကြီးရော လိုက်ပို့ချင်သေးလား”



www.burmeseclassic.com

www.burmeseclassic.com



"အို ... ပို့မှာပေါ့၊ ပို့မှာပေါ့၊ မြေးကလေးကို ကျွန်မ ဘယ်တော့မှ ပြန်တွေ့မယ်ဆိုတာ မသေချာဘူး၊ နောက်ဆုံးတွေ့တာလည်း ဖြစ်ချင်ဖြစ်မှာ"

"မဟုတ်တာ အစ်မကြီးရယ်၊ စဉ်းစားပါဦး၊ သမီးကလည်း အလျှော့ပေးဦးမှာ မဟုတ်ပါဘူး၊ သူကိုယ်တိုင် ဖွတ်အတင်း ပြန်လာခေါ်မယ်လို့ ပြောနေတယ်၊ အဲဒီအခါကျတော့ သားအမိနှစ်ယောက် အတူပြန်လာခဲ့ကြပေါ့၊ လေယာဉ်စီးတာများ ဘာကြောက်စရာ ရှိသလဲ"

ဟု နှစ်သိမ့်ဖျောင်းဖျလေသည်။ အမေသည် မျက်ရည်များရစ်ဝဲကာ ပြုံး၍သာ နေရ၏။ ရင်ထဲမှာ နှလုံးသား မရှိတော့သလို ဟာင်းလောင်းပြင်ကြီး ဖြစ်နေသည်။

မြေးကလေး၏ နက်မှောင်တောက်ပသော မျက်လုံးလှလှကလေးများ ကြည့်ဟန်၊ အရှုလိုက်သည်းလိုက် ပြုံးရယ်ဟန်၊ ဘွားဘွားဟု ချစ်မြတ်နိုးဖွယ် အသံကလေးနှင့် ခေါ်တတ်ဟန်၊ နုအိနွေးမြသော လက်ကလေးများဖြင့် အဘွားလည်ပင်းကို သိုင်းဖက်ထားတတ်ဟန်၊ သဘောကျစရာတွေ့လျှင် တခစ်ခစ် မြူးကြွစွာ ရယ်တတ်ဟန်၊ စိုနွေးနုထွေးသော နှုတ်ခမ်းဖူးကလေးဖြင့် တယုတယ နမ်းမွှေးတတ်ဟန်၊ စသော ဟန်ကလေးတွေသည် အမေ့နှလုံးသားထဲမှာ သံမှိုနက်ထားသလို စွဲမြဲနစ်ဝင်လျက် ကျန်ရစ်သည်။ အမေ ဘယ်တော့မှ မေ့တော့မည် မဟုတ်။





လောကကြီးသည် ခင်မင်သံယောဇဉ် ရှိသူများကို စနစ်တကျ ခွဲခွာတတ်တာ အမှန်ပင်။ ဒါကို ခံနိုင်ရည်ရှိဖို့သာ အရေးကြီးသည်။ အမေ ခံနိုင်ရည် ရှိပါ့မလားမသိ။ သမီးကို ခွဲခွာရစဉ်က အမေ့နှလုံးသားသည် တစ်ကြိမ် သေဆုံးခဲ့ဖူးပြီ။ အခု မြေးကလေးကို ခွဲရတော့မည်ဆိုတော့၊ ဒုတိယအကြိမ် အမေ သေဆုံးရလိမ့်ဦးမည်။ အမေ သေတာင့်ဖို့သာ လိုပါသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



ပြားဝပ်နေအောင် ခံရပြီးပြီ။ မကြာခင်တွင် ဘဝတစ်ခု အဆုံးသတ် ချုပ်ငြိမ်းဖို့သာ ရှိတော့သည်။

အမေ့အတွက် ဘာမှ မလိုအပ်တော့ပါဘူး သမီးရယ်။ ကိုယ်သံယောဇဉ်ရှိတဲ့ ကိုယ့်အိမ်ကလေးမှာသာ ငြိမ်းငြိမ်းချမ်းချမ်း ခေါင်းချခွင့် ရချင်တာပါ။ အမေ့ စေတနာကတော့ အမေ့အတွက် ဘယ်သူ့ကိုမှ တာဝန်မပေးချင်တာပါပဲ။ အမေ့ကြောင့် ဘယ်သူ့မှာမှ ဝန်မပိစေချင်တာပါ သမီးရယ်။

အမေသည် သမီးသွားစဉ်ကလိုပင် အသားခြောက်များ ကြော်လှော်ပေးရ၊ သမီးကြိုက်တတ်တာကလေးတွေ ကြော်ပေးပြင်ဆင်ပေးရနှင့် အညော်မိကာ ထိုင်းမှိုင်းလေးလံလျက် ရှိသော်လည်း မြေးကလေးတို့ကို လေဆိပ်သို့ လိုက်ပို့ဖို့ လုံးဝအပျက်ခံ၍ မဖြစ်တာကို သိသည်။

ဆရာမကြီးကတော့ ဘိုဆန်ဆန် လှပကြော့မော့နေအောင် ဝတ်စားဆင်ယင်ထားလျက် ဖျတ်လတ်ရွှင်မြူးသောမျက်နှာထားရှိသည်။ အမေ့ကိုပင် ပခုံးချင်းဖက်၍ ပါးအပ်ကာ ဘိုဆန်ဆန်ပင် နှုတ်ဆက်လိုက်သေး၏။ ပခုံးကလေးကို သာသာပုတ်၍ ...





ခွဲခွာချိန်သည် တကယ်ပင် ရောက်လာခဲ့လေ၏။ သွားကြမည့်သူက တက်တက်ကြွကြွ၊ ပျော်ပျော်ရွှင်ရွှင်။ ကျန်ရစ်ခဲ့မည့်သူက ခေါင်းငိုက်စိုက်ချ မှိုင်းမှုန်ဝေသီစွာ။

ဘာမှမသိသော မြေးကလေးကတော့ အပြုံးတချို့ချို့ဖြင့် စကားတွေ တတွတ်တွတ် ပြောနေကာ ခရီးဝေးသွားရမည့် အရေးကို ပျော်ရွှင်မဆုံး ဖြစ်နေလေ၏။ အို ... သူကလေးမှ အပူအပင် ကင်းစင်တာ။ ဘယ်အရာကမှ သူကလေးကို စိတ်နှလုံးထိခိုက် ကြေပြွန်းအောင် မထုနှက်နိုင်။ လောကဓံကလည်း နှိပ်စက်ခွင့် မရှိ။

အမေ့မှာတော့ စိတ်နှလုံးတွေလည်း အကြိမ်ကြိမ် အခါခါ ပျက်စီးကြေမွခဲ့ရပြီ။ လောကဓံရဲ့ အထုအနှက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ဖြစ်အောင်တော့ ကြိုးစားပါ အစ်မကြီးရယ်၊ အယူ သီးလွန်းနေတဲ့ အကြောက်တွေကို ကြိုးစားပျောက်ပြီး သမီး လာခေါ်တဲ့အခါ လိုက်နိုင်အောင် လိုက်ပါ"

ဟု ချိုချိုကလေးနှင့် အမိန့်ပေးပြန်၏။ အမေ့နှုတ်က ဘာမှ မထွက်ပေမဲ့ ရင်တွင်းကတော့ ဟင့်အင်း ငြင်းဆန်မြဲ။ အမေ မလိုက်လိုပါဘူးကွယ်။

မြေးကလေးကို အမေ့ရင်နှင့်ကပ်၍ ချီပွေ့ထားခဲ့ရာ နှလုံးသားနှင့် ကပ်ငြိနေသလို ဖြုတ်ခွာဖို့ အတော်ခက်လေ၏။ ဒီနေ့ကျမှ မြေးကလေးက အဘွားအေကို တွယ်ကပ်ချွဲနွဲ့ကာ ပလီ၍ မဆုံးချေ။

လမင်းကြီးလို ကြည်လင်ဝင်းလက်သော အပြုံးတို့ဖြင့် အဘွားကို လက်လက်ထအောင် စိုက်ကြည့်ကာ တခစ်ခစ် ပြုံးရယ်နေသည်မှာ အမေ့ရင်ထဲ ပီတိတစ်ဝက် ဆို့တစ်ဝက် ဖြစ်ရ၏။ ပြီးတော့ အဘွားရဲ့ ပါးပြင်နွေးကို သူကလေးက တစ်ချိန်လုံး နမ်းရှုပ်လျက် ဒီနေ့မှ တော်တော်ချစ်မြတ်နိုး သဒ္ဓါပိုနေတော့သည်။





အမေ့ မျက်လုံးများ ပူနွေးစိုစွတ်လျက်ရှိကာ နှုတ်ခမ်းသည် တစ်ချက် တစ်ချက် မဲ့မဲ့၍ လာလေရာ မြေးက သိလျက် ...

"ဘွားဘွား ... ဘာလို့ငို"

ဆိုတာချည်း မေးမြဲ။ အဘွားသည် ရင်ကို အစွမ်းကုန်ဖွင့်ကာ အသံထွက်၍ပင် ငိုချင်ပြင်းပြလာပါသည်။

"ဘွားဘွား ငိုပါဘူးတော်"

ဟု စိတ်ကျေနပ်အောင် ပြောတာကို အလွန်ပါးနပ်သော မြေးကလေးက ညာ၍လိမ်၍မရ။

"ငိုတာပါ၊ ဘွားဘွားမျက်လုံးက ငိုနေတာ မျက်ရည်တွေ"

ဟု မပီတပီပေမဲ့ အမေ နားလည်အောင် သူပြောတတ်လေသည်။ သိပ်ထက်ပြီး ညာဏ်ပြေးတဲ့ကလေး။ အို ... ကလေးလေးရယ်၊ အဘွားတော့ ရင်ပွင့်ပါပြီ။ ဘာမှ မကျန်တော့ပါဘူး။

ခဏကြာတော့ ဆရာမကြီးက ပစ္စည်းတွေ စစ်ဆေးချိန်တွယ်ပြီးပြီမို့ အမေတို့ဆီ ပြန်လျှောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျွန်မတို့ အထဲဝင်ကြတော့မယ်၊ မြေး ... လာ လာ သမီး၊ ဘွားဆီလာ၊ အထဲမှာ ချော့ကလက် သွားစားမယ်"

ဟု မြူဆွယ်ရင်း မြေးကို လက်ပြောင်းချီယူလေသည်။ အမေသည် မြေးကိုတော်တော်နှင့် လွှတ်မပေးဘဲ အတင်းဆွဲလုထားမိရာ ဆရာမကြီးက တအံ့တသြဖြစ်လျက် ...

"အို ... အစ်မကြီး လွှတ်လိုက်လေ၊ အတင်းဆွဲထားတယ်"

ဟု အော်မှ အမေ ယောင်ယမ်း လွှတ်ပေးလိုက်ကာ တစ်ချက် ရှိုက်လိုက်သည်။ စိတ်ထဲမှာ ဘာမှမရှိတော့။ မျက်စိထဲလည်း ဘာမှမမြင်တော့။

"သွားတော့မယ်နော်၊ အစ်မကြီးတို့ ဒေါ်အေးတို့ လေယာဉ်ထွက်တဲ့ထိ စောင့်မနေနဲ့တော့၊ ပြန်ကြတော့ အပြန်မိုးချုပ်နေမယ်၊ လေယာဉ်ထွက်ဖို့ စောင့်ရဦးမှာ ပြန်ကြတော့နော်"

"ဘွားဘွား လိုက်လေ"

မြေးကလေးက ဇွတ်အော်နေကာ ငိုဖို့ပြင်လေ၏။ ဒေါ်အေးက အမေ့ပခုံးကိုဖက်ကာ ငိုသံဖြင့် ...





"ပြန်ရအောင် အစ်မမြမှိုရယ်၊ လေယာဉ်ပေါ် တက်တဲ့အထိတော့ ကျွန်မလည်း မကြည့်ချင်ဘူး၊ ကျွန်မစိတ်က မနိုင်ဘူး၊ အော်ငိုမိမှာ"

ဟု ဆိုရင်း အမေ့ကို အတင်းဆွဲခေါ်သည်။ အမေသည် ရင်ထဲတလှပ်လှပ် ခါနေကာ အံတင်းတင်းကြိတ်ထားသဖြင့် အသားတွေမှာ တဆတ်ဆတ် တုန်နေလေသည်။

"ဘွားဘွား လိုက်ခဲ့"

မြေးကလေး၏ အော်သံကလေးမှာ စူးခနဲ လွင့်ထွက်လာကာ သူ့အဘွား ချီထားရက်ကနေ အမေ့ဆီသို့ ပျာယာခတ်နေအောင် လှည့်ကြည့်၍ ငိုစပြုနေလေပြီ။

နေ့စဉ်နဲ့အမျှ နေ့နေ့ညည အတူအိပ်၊ အတူနေခဲ့သော သံယောဇဉ်တွေက အမေနှင့် မြေးကလေးကို ခွဲထုတ်မရအောင် တစ်သားတည်း စွဲကပ်နေလေရာ၊ ခွာတော့မည်ဆိုလျှင် တစ်ဖက်ဘက်ကနေ လှီးဖြတ်ထုတ်ရသလိုသာ ဖြစ်သည်။ အမေ့ဘက်ကိုပဲ အလှီးအဖွဲ့ ခံချင်ပါတယ်။ မြေးကလေးကို ဆံခြည်တစ်မျှင်စာကလေးတောင် မပွဲစေချင်ပါဘူး။

"အိမ်ပြန်ကြစို့နော်"



www.burmeseclassic.com

www.burmeseclassic.com



အမေသည် ကားပေါ်ရောက်မှ ရင်ထဲဟာလာကာ ဝမ်းပန်းတနည်း ရှိုက်ငိုတော့လေသည်။

"တိတ်ပါ အစ်မဖြရယ်၊ လိုက်သွားပါဆိုတော့လည်း မလိုက်ဘူး၊ မငိုပါနဲ့၊ မငိုပါနဲ့"

"ကျွန်မ ရင်တွေ ကွဲပါပြီ၊ ရင်တွေ ကွဲပါပြီ၊ နှလုံးသားတွေလည်း မရှိတော့ပါဘူး၊ မြေးရေ ... အဘွားတော့ ရှုးမှာပဲ၊ ဒါမှမဟုတ် သေမှာပဲ၊ အမယ်လေး ... ရင်ထဲမှာ နာလိုက်တာ၊ မခွဲနိုင်ဘူး၊ မခွဲနိုင်ဘူး မအေးရယ်၊ ကျွန်မ ရူးလိမ့်မယ်၊ ဒီမြေးကလေးကိုပဲ ပုံအောချစ်နေရတာ၊ ခုတော့ သူတို့ ကျွန်မ ရင်ထဲကနေ မြေးလေးကို ဆွဲထုတ်သွားကြပြီ၊ ကျွန်မ သေရင်တောင် သူကလေးကို ပြန်တွေ့ရတော့မှာ မဟုတ်ဘူး၊ ကျွန်မ သိတယ်၊ ဒါ အပြီးကွဲတာပဲ၊ နောက် ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး"

အမေသည် ဝမ်းနည်းပက်လက် တပြောပြောနှင့် ငိုကြွေးချင်ခဲ့သည်မှာ ကြာလေပြီ။ ဘယ်သူ့ကို တိုင်တည်ရင်ဖွင့်ရမည် မသိခဲ့။ ခုတော့ မအေးကို ဖက်ကာ ပြောရင်း ရှိုက်၍ ရှိုက်၍ ငိုလေ၏။





ကားကတော့ တရိပ်ရိပ် ပြေးနေသည်။ အမေ ငိုဆဲ။ ကားတွေက ရှုပ်ထွေးဆူညံလာသည်။ ဘယ်နေရာရောက်လို့ ရောက်နေမှန်း အမေ မသိ။ သို့သော် အမေ့ မျက်လုံးများက တစ်စုံတစ်ခုကို ဖျတ်ခနဲ မြင်လိုက်လေသည်။

ကလေးလေးတစ်ယောက် ပိန်ပိန်လှိုလှို သေးသေးကွေးကွေးကလေး၊ အဝတ်အစားက စုတ်ညစ်ဟောင်းနွမ်းလျက် ကားတွေဆီမှာ ပိုက်ဆံလိုက်တောင်းနေရင်း တစ်ဖက် ပလက်ဖောင်းဆီ တအားပြေးတ်ကူးနေတာ။ အလွန်ဆုံးရှိလှမှ လေးငါးနှစ်ပေါ့၊ ငယ်လိုက်တာနော်။

အဲဒီခဏမှာပဲ ထိုကလေးက ကားကြီးတစ်စင်း မောင်းလာနေတာကို လွတ်မည်အထင်နှင့် ဖြတ်ပြေး၊ ကားက အရှိန်မလျှော့ဘဲ အလန့်တကြား ဘရိတ်ဆွဲအုပ်လိုက်သံ ကျယ်လောင်ဆူညံစွာ၊ ကလေးကလေး ကတ္တရာလမ်းမထက်သို့ ပက်လက်ကလေး လွင့်စဉ်ကျသွား၊ မြင်ကွင်းအစအဆုံးကို အမေ မြင်လိုက်ရခြင်း ဖြစ်၏။

မျက်စိထဲမှာ ကားတိုက်ခံရသော ကလေးလေး အစား အမေ့မြေးကလေးကိုသာ ပြေးမြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မြေးလေး ကားတိုက်ခံရပြီ၊ ကားရပ်၊ ကားရပ်စမ်း၊ ခုရပ်"

အမေ့ဦးနှောက်တွေ ပွင့်ထွက်ဆူပွက်ကုန်ကာ မျက်လုံးထဲ ဘာမှမမြင်တော့။ ကားသမား ရပ်ပေးတာနှင့် တစ်ပြိုင်နက်တည်း အမေသည် ကားတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ကာ ကားတိုက်၍ ရုတ်ရုတ်သဲသဲ ရုံးစုနေသော လူအုပ်ကြီးထဲသို့ တစ်ဟုန်ထိုး စွတ်ပြေးလေ၏။

"အစ်မမြမှီ ... မပြေးနဲ့လေ၊ အို ... ဒုက္ခပါပဲ"

မအေး အော်သံသည် နောက်မှာ ကျန်ရစ်၏။ လူအုပ်ကြီးကို ထိုးခွဲဖောက်၍ အမေ ဝင်ရောက်သွားသည်။ လမ်းမပေါ်မှာ ပက်လက်ကလေး လဲနေသော ကလေးလေး၊ သွေးတွေဆိုတာ မြင်၍မကောင်း။ နီရဲသော သွေးများက အမေ့ မျက်လုံးတွေဆီ ဖြန်းခနဲ လှမ်းပက်လိုက်သလို အမေ့မျက်လုံးတွေ အနီရောင် လွှမ်းဖုံးသွားကာ စူးစူးရဲရဲကြီး ဖြစ်သွားလေသည်။

အမေ့မြင်ကွင်း နီနီရဲရဲကြီးထဲမှာ မြေးကလေးကို သွေးတွေ လူးပေစိုရွှဲနေတာကိုသာ မြင်ရ၏။ အာရုံတွေ တဝေဝေ ဆူညံကာ နောက်ကျိ ဗလောင်ဆူပွက်လာသည်။





"အမယ်လေး ... အမေ့မြေးကလေး၊ အဲဒါ အမေ့မြေးကလေး၊ သေရှာပြီ၊ ကယ်ကြပါဦး၊ ကယ်ကြပါဦး"

အမေသည် အသံပြာအက်တဲ့အထိ အသံကုန် ကျုံး၍အော်ဟစ်ကာ ကလေးလေးကို ပြေး၍ ပွေ့ချီလိုက်လေသည်။ လူအုပ်ကြီးထဲမှ တစ်ယောက် တစ်ယောက် အသံတွေ ဆူညံစွာ ထွက်ပေါ်လျက် ရှိတာကို အမေ ဂရုမစိုက်။

အမေ့ မျက်လုံးများက စူးရဲတောက်ပကာ ချာချာလည်လာသည်။

"သွားပြီ၊ သွားပြီ၊ ငါ့မြေးလေး သွားပြီ၊ အဲဒါ နင်တို့လုပ်တာ၊ ခုလျော်ပေး၊ ငါ့မြေးလေးကို အသက်ရှင်အောင် ပြန်လျော်ပေးကြ၊ နင် တိုက်တာ၊ နင်တိုက်တာ၊ ဒီကားကြီးနဲ့ ဝုန်းခနဲ၊ အမယ်လေး တိုက်တာကို ငါ ကိုယ်တိုင်မြင်တယ်ဟဲ့၊ ငါ့မြေးကို ပြန်ရှင်အောင် လုပ်ပေးကြစမ်းပါ"

အမေသည် ကလေးကို တစ်ဖက်ပွေ့ချီလျက် ကလေးကိုတိုက်သော ကားခေါင်းပိုင်းကို တဒိုင်းဒိုင်း ရိုက်ပုတ်ထုနှက်၏။

"ဟာ ... ရူးနေတာ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မြေးမဟုတ်ဘူး ထင်တယ်၊ ကလေးက လမ်းပေါ်မှာ တောင်းစားနေတဲ့ကလေး"

စသော အသံဗလံများသည် အမေ့နားသို့ မထိခင် ပြန်လျှံထွက်ကုန်သည်။ အမေ ဘာမှမကြား။ သွေးသံရဲရဲတွေကို သာ ကြည့်ကာ အရူးမီးဝိုင်း ဆောက်တည်ရာမဲ့နေလေသည်။

"အစ်မမြမို၊ လာ ... လာ၊ အိမ်ပြန်ကြရအောင်"

"ဘာ အစ်မမြမိုလဲ"

အမေသည် လာဆွဲသော မိန်းမကို တစ်ခါမှ မမြင် မတွေ့ဘူးသော သူစိမ်းတစ်ယောက်ကိုကြည့်သော အကြည့်စိမ်း စိမ်းကြီးဖြင့်ကြည့်ကာ ဖွတ်အတင်း ရုန်းထွက်ပစ်လိုက်သည်။

"ငါ့မြေးသေပြီ၊ အဲ့ဒီကောင် လုပ်တာ၊ ကားကြီးနဲ့ ရက် ရက်စက်စက် တိုက်မိတာ၊ ငါ့ရဲ့ ဟောဒီမျက်စိနဲ့ မြင်တယ် ဟဲ့၊ ငါ့မြေးကလေး သေပါပြီ၊ ဒီမှာကြည့်စမ်း၊ သွေးတွေ၊ သွေးတွေ စိုရွှဲနေတာပဲ"

အမေသည် ရင်ကွဲသံဖြင့် ငိုယိုအော်ဟစ်လေသည်။

"အစ်မမြမိုရယ်၊ ဘယ်လိုဖြစ်သွားတာလဲ၊ သတိထားဦးမှ ပေါ့၊ ဒါ အစ်မရဲ့ မြေးမှ မဟုတ်တာ"





"ညည်းမလိမ်နဲ့၊ ညည်းက ဘာသိလို့လဲ၊ ငါက ငါကိုယ် တိုင်မြင်တာ၊ ဟောဒီ မျက်စိနဲ့ မြင်တာအေ့၊ ငါ့မြေးမှ ငါ့ မြေး"

အမေသည် ငိုယိုလျက် ခြေထောက်ကို ဆောင့်လိုက် သေး၏။ ကလေးကို အမေ့လက်ထဲက ဘယ်သူမှ ဆွဲယူ၍ မရ လောက်အောင် တော်တော်ရှုတ်ရှုတ်သဲသဲ ဖြစ်လေသည်။ အမေ့ ထံမှ ဘယ်သူမှလဲ ဝင်မဆွဲရဲ။ လူတွေ ပိုအုံများပြားလာကာ လူ ပင်လယ်ကြီး ဖြစ်၍လာသည်။ ယာဉ်ထိန်းရဲတွေ၊ တာဝန်ရှိသူတွေ ရောက်လာသည်။ အမေက ကလေးကို တင်းတင်းဖက်၍ ငိုဆဲ။

"အဲ့ဒီလောက် မရက်စက်ကြပါနဲ့အေ၊ ငါ့မှာ ဒီမြေးကလေး ပဲ ချစ်စရာရှိတော့လို့ပါ၊ သမီးအစား၊ ဒီမြေးကလေးကိုပဲ ပုံအောပြီး ချစ်နေရတာပါ၊ အမေ့ကို ရင်မခွဲကြပါနဲ့"

ဟု တတွတ်တွတ် မြည်တမ်းဆဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အမေမသည် မျက်လုံးများကို တင်းကျပ်စွာ မှိတ်ထားရင်း နောက် နှစ်,နှစ်ဆိုသော ကာလတစ်ခုကို စိတ်ကူးနှင့် မြင်ယောင်ကြည့်မိသည်။ သမီးက အမေ့ကို တိုးတိုးကလေး ပြောသွားခဲ့တယ်လေ ...

"တစ်နှစ်၊ နှစ်နှစ်လောက်ကြာရင် သမီးတို့ ပြန်လာခဲ့ဦးမှာပါ အမေ၊ အမေ့ကို သမီး တစ်ယောက်တည်း ပစ်မထားခဲ့ရက်ပါဘူး၊ အမေဟာ သမီးအတွက် အလင်းရောင်ပါ၊ သမီး ပြန်လာခဲ့မှာပါ"

တဲ့လေ ...။

အမေ့မှ နှုတ်ခမ်းကလေးသည် ညင်သာကျော့ညွတ်စွာ ပြုံးလိုက်မိပြန်သည်။





သမီး ပြန်လာတဲ့အခါ၊ အမေရယ်၊ သမီးရယ်၊ မြေးလေးရယ် ...

အို ... ပျော်စရာကောင်းလိုက်မဲ့ အချိန်ကလေးနော်။

ခုချိန်ကစပြီး အမေ မျှော်လင့်နေမယ်နော် သမီး။

သမီး ပြန်လာခဲ့ပါ ...။

အဲဒီ မျှော်လင့်ချက်ကြောင့် အမေ့အတွက် ညတွေဟာ မမှောင်တော့ပါဘူး။ လမင်းကလည်း ဘယ်တော့မှ မမိုက်တော့ပါဘူး။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ

မေတ္တာအားဖြင့်





လွန်းထားထား

(ဆေးတက္ကသိုလ်)

၁၆-၃-၂၀၀၂။



www.burmeseclassic.com